www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆုငြိမ်းဦး

# အချစ် ရပ်ကွက်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(ဂဂ)၊ ဒု-ထပ်(ယာ)၊ ၃ဂ-လမ်း၊ ကျောက်တံတားမြို့နယ်။

ဖုန်း - ၂၄၅၂ဂ၄၊ ၃၇၉၄ဂ၇

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် (၁၃)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၇၆၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၁၅၀၈၀၈

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | သိန်းထွန်းဦး |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၈လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့မစာအုပ်တိုက်) |
| | | (၃၀-ခ)၊ သာယာကုန်းလမ်း ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

BURMESE CLASSIC .com

## အချစ်ရပ်ကွက်

၁။ မင်းကသိထုံး နှလုံးမူ၍ ၇
၂။ ကျောင်းမှာ တစ်ခါဆုံတယ် ၂၆
၃။ ပာစ်ပော့၊ ရော့ခ် နှင့် မိန်းမ ၄၅
၄။ လုံထမ်းလာသော ထီသည် ၅၅
၅။ ချစ်တဲ့အကြောင်း ပြောဖို့ကမလွယ် ၇၁
၆။ ကြွက်ရောဂါ ၈၁
၇။ ချစ်သူအတွက်ဆို တက်ဝံ့တယ် ၉၈
၈။ ကိုယ်ချင်းစာ၍ လွမ်းပါသည် ၁၁၁
၉။ အထီးကျန်ဇာတ်လမ်းများ ၁၂၂
၁၀။ အင်တာဗျူး ၁၃၁
၁၁။ မျက်ထားတော်ပြေစေလို ၁၄၅
၁၂။ ကာရာအိုကေ ပြိုင်ပွဲကြီး ၁၅၅
၁၃။ အချစ်ရပ်ကွက် ၁၇၃

www.burmeseclassic.com

www.burmeseclassic.com



# မင်းကုသထုံး နှလုံးမူ၍

ဆိုက်ကားဂိတ်မှာ ကျော်စွာမြင့်တစ်ယောက် ဆိုက်ကားသမားများနှင့် ကျားထိုင်ကစားနေသည်မှာ တစ်နာရီလောက်ရှိလာလေပြီ။ ဤဆိုက်ကားဂိတ်သည် အတော်အသင့်မြင့်သော ပိတောက်ပင် ကြီးအောက်မှာရှိသဖြင့် အရိပ်ကောင်းကောင်းရသည်။ ပြီးတော့ ကုန်းကလေးပေါ်မှာဖြစ်၍ ခြောက်သွေ့သန့်စင်နေပါသည်။ ပိတောက်ပင်ကြီး၏ပင်စည်မှာတော့ ဆိုက်ကားသမားတို့အတွက် အလှည့်ကျ တိုကင်နံပါတ်ကလေးများကိုချိတ်ထား၏။

ကျော်စွာမြင့်သည် ကိုဖိုးထောင်ဆိုသည့် ဆိုက်ကားသမားနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ကျားထိုးနေသည်။ တကယ်တော့ ကျော်စွာမြင့်က ကျားကစားခြင်းကို သိပ်မကျွမ်းကျင်။ သူက စစ်တုရင်ပိုကစားချင်သည်။ သို့သော် ဆိုက်ကားသမားတွေကတော့ စစ်တုရင်ထက် ကျားကိုပို၍စိတ်အားထက်သန်သလို ကျားပညာကိုလည်းပို၍ကျွမ်းကျင်ကြသည်။ ယခုပင်ကြည့်၊ ပွဲပေါင်းငါးပွဲလောက်သာဖြစ်သော်လည်း သူတစ်ပွဲမှ မနိုင်သေး။ သရေက နှစ်ပွဲ၊ ရှုံးပွဲက သုံးပွဲ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်ကျော်စွာ. . ဒီတစ်ပွဲလည်း မင်းပဲရှုံးတော့မယ်ကွ နော်"

"အပြောမစောပါနဲ့ဦးလေ"

"အင်း. . တို့ဘေးကကောင်တွေရဲ့ အမြင်အရလည်း မင်းရှုံးတော့မယ် ကျော်စွာ. . . ငါ့စိတ်ထင်တော့ နောက်ငါးကွက်လောက်ဆို မင်းရှုံးပြီ"

"ကြည့်သေးတာပေါ့ဗျာ. . . ကျွန်တော်ကလည်း အချဉ်မှ မဟုတ်တာ"

သုံးကောင်ကျွေးပြီး ကင်းယူမည့်အကွက်ကိုသိသဖြင့် ကျော်စွာမြင့်ကလည်း ထိုအကွက်ကိုဖြည်သည်။ ဆိုက်ကားဆရာတို့၏ ကျားပညာကားမြင့်လွန်းလှလေသည်တကား။ ထိုအကွက်ကို ပူလွတ်အောင်ရှောင်လိုက်နိုင်သော်လည်း နောက်နှစ်ကွက်လောက်မှာတော့ ထောင်ချောက်အသစ်တစ်ခုထဲသို့ သူရောက်သွားပြီး ကိုဖိုးထောင် ကင်းရသွားလေသည်။

သည့်နောက်မှာတော့ ကိုဖိုးထောင်နိမိတ်ကြိုဖတ်ထားသည့် အတိုင်းပဲ ကျော်စွာမြင့်ရှုံးသွားလေတော့၏။ သူလည်း စိတ်ပျက်လက်ပျက်ဖြင့် သူရှုံးခဲ့သောလေးပွဲအတွက် လောင်းကြေးငွေကိုထုတ်ပေးလိုက်မိသည်။

"ဟား ဟား. . အခုလို မင်း. . နေ့တိုင်းလာလာထိုးနေရင် ငါဆိုက်ကားနင်းဖို့တောင် မလိုတော့ဘူး. . . ဝင်ငွေလေးကို ဖြောင့်လို့"

ကိုဖိုးထောင်က သူမခံချင်အောင်ပြောသော်လည်း သူက ဂရုမစိုက်ဘဲ နာရီကိုငုံ့ကြည့်သည်။ ကိုးနာရီခွဲလေပြီ။ ယခုအချိန်လောက်ဆိုလျှင် မြတ်နိုးတစ်ယောက် ဈေးကပြန်လာပေတော့မည်။ ထို့ကြောင့် သူဖုတ်ဖတ်ခါပြီး ထိုင်ရာမှထရပ်လိုက်၏။





"ဟော့ကောင် ကျော်စွာ. . . တော်ပြီလား. . . ဘာလဲ ပိုက်ဆံကုန်သွားလို့လား. . . အဲဒါဆိုလည်း ရပါတယ်ကွ. . . အကြွေးမှတ်ထားပေးမယ်. . . လပေးနဲ့ ပေးလဲရတယ်"

"ကျွန်တော် ကိုဖိုးထောင်ဆိုက်ကား ခဏယူသွားမယ်"

"ဟေ. ."

"မကြာဘူးဗျာ. . . အလွန်ဆုံး တစ်နာရီလောက်လေးပဲ"

"ဒါဆို ပါစင်ဂျာလာရင် ငါ့အလှည့်ဆို ဘယ်လိုလုပ်မလဲ"

"အလှည့်ကျော်ပေးလိုက်ပေါ့ဗျာ. . . ကဲ. . သွားပြီ"

ပြောပြောဆိုဆိုနှင့်ပင် ကျော်စွာမြင့်လည်း ကိုဖိုးထောင်၏ ဆိုက်ကားကို တက်နင်း၏။ တကယ်တော့ ဆိုက်ကားကို သူသိပ်မနင်းတတ်ပါ။ စက်ဘီးစီးတတ်သော်လည်း ဆိုက်ကားနင်းဖို့ကျတော့ အတော်ကလေးကိုခက်သည်။ သူစပြီး နင်းကြည့်ခါစက ဆိုက်ကားက တည့်တည့်မသွားပြီး စောင်းငန်းစောင်းငန်းကြီးသွားသဖြင့် မနည်းထိန်းရ၏။ ယခုတော့ နည်းနည်းနင်းတတ်နေလေပြီ။

"ဟော့ကောင်. . ဘရိတ်သိပ်မကောင်းဘူးနော်. . . သတိထားပြီးနင်း. . . နောက်ပြီး ပါစင်ဂျာရရင်လည်း ငါ့ကိုပိုက်ဆံပြန်ပေးဦး"

"အင်းပါဗျာ"

ကျော်စွာမြင့် ခေါင်းညိတ်ပြရင်း ဈေးရှိရာသို့ ဆိုက်ကားကို ခပ်သွက်သွက်ကလေးနင်းခဲ့လိုက်သည်။ မြတ်နိုးက ကွန်ပျူတာတက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသူ၊ သူကတော့ ကျောင်းပြီးသွားလေပြီ။ သို့သော် ယခုအချိန်ထိ အလုပ်ရှွေးနေသဖြင့် လုပ်ငန်းခွင်ထဲမရောက်သေး။ တက္ကသိုလ်တုန်းက သူငယ်ချင်းတချို့ကတော့ နိုင်ငံခြားမှာ သွားအလုပ်လုပ်ကြ၏။

"ငါတော့ နိုင်ငံခြားကိုမသွားချင်ဘူးကွာ. . . ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မြတ်နိုးကိုခွဲပြီး ဘယ်ကိုမှမသွားနိုင်လို့ပဲ"

"အတော်ကြောင်တဲ့ကောင်ပဲ. . . ကောင်မလေးက မင်းကို ပြန်ပဲကြိုက်ပါစေဦး"

ခင်မောင်ဇော်က သူ့ကိုချွတ်သည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ မြတ်နိုးက သူ့ကိုပြန်ကြိုက်ဖို့ဆိုတာ အဝေးကြီးလိုသေးသည်။ သို့သော် သူ သူမကိုကြိုက်နေသည်ကိုတော့ မြတ်နိုးကရိပ်မိနေပါသည်။ ကျော်စွာမြင့်အနေနှင့် မြတ်နိုးကို မြင်မြင်ချင်းပင်ကြိုက်ခဲ့ခြင်း ဖြစ်သည်။

တစ်ခါကပေါ့။ ကျော်စွာမြင့်နှင့် မြတ်နိုးတို့နှစ်ယောက် သူတို့ ရပ်ကွက်ထဲက စတိုးဆိုင်မှာဆုံသည်။ ထိုစဉ်တုန်းက မြတ်နိုးကို ပြန် အမ်းဖို့ပိုက်ဆံအကြွေလိုနေသဖြင့် ဆိုင်ရှင်က အခက်အခဲဖြစ်နေသည့် အခိုက်ဖြစ်ပါသည်။

"ဟိုလေ. . . အမ်းဖို့ အခက်အခဲဖြစ်နေရင်. . ကျွန်တော့် မှာပါပါတယ်"

ကျော်စွာမြင့်က သူ့အိတ်ထဲမှာပါလာသော အကြွေတွေကို ခပ်မြန်မြန်ဆွဲထုတ်ရင်း ပြောလိုက်သည်။ ထိုအခါ ပိုက်ဆံအကြွေတွေ နှင့်အတူ အိတ်ကပ်ထဲကသော့တချို့လည်း ကြမ်းပြင်မှာပြန့်ကျဲကုန်၏။ ကျော်စွာမြင့်လည်း အကြွေတွေကိုလိုက်ကောက်နေခိုက် ကောင်မလေးက သူ့သော့တွေကို ကူကောက်ပေး၏။

"ပိုက်ဆံအကြွေတွေကလည်း များလိုက်တာ. . . အလှူခံပုံး များ ခိုးဖွင့်လာသလား"

ကောင်မလေး၏ ခပ်တိုးတိုးမှတ်ချက်ကြောင့် ကျော်စွာမြင့် ခေါင်းနားပန်းကြီးသွားသည်။ သည်တော့မှ ကောင်မလေးကိုမသိမသာ အကဲခပ်ကြည့်လိုက်မိသည်။ ကောင်မလေးသည် ဆံပင်တိုဂုတ်ဝဲလေး နှင့်ဖြစ်ပြီး ချောမောလှပပါသည်။ ကိုယ်အထက်ပိုင်းမှာတော့ ခပ်ပွပွ





ဇာရှပ်တစ်ထည်ဝတ်ထားပြီး အောက်ကတော့ဒူးဆစ်လောက်သာရှိမည့် ခပ်ကျပ်ကျပ်ဘောင်းဘီတစ်ထည်ဝတ်ထားသည်။

အရင်းတုတ်၍ အဖျားသွယ်သောပေါင်တံမှ ခြေသလုံးအထိသည် ကျန်းမာသန်စွမ်းသောမိန်းမတစ်ယောက်၏ ပကတိအလှအပများဖြစ်နေသည်။ ကျော်စွာမြင့်လည်း ပိုက်ဆံအကြွေတွေကောက်ပြီး သွားသဖြင့် မတ်တတ်ပြန်ရပ်လိုက်သည်။ ကောင်မလေးက သူ့ကို မကြည့်ဘဲ သော့တွေကိုလှမ်းပေး၏။

"ကျေးဇူးပဲနော်. . ဟိုဒင်း. . . ကျွန်တော် ဒီအကြွေတွေကို အလှူခံပုံးကခိုးလာတာမဟုတ်ပါဘူး. . . မေမေ့စုဘူးထဲက အလစ်သုတ်လာတာပါ. . . နောက်ကိုလိုချင်လည်း ပြောပါ. . . ကျွန်တော် ထပ်ဖွင့်လာခဲ့ဦးမယ်"

ကောင်မလေးက မသိမသာပြုံးပြီး တစ်ဖက်သို့လှည့်သွား၏။

"ကဲ. . မြတ်နိုး ရော့. . . သူ့ဆီက အကြွေတွေရလိုက်မှပဲ အဆင်ပြေသွားတော့တယ်"

ဆိုင်ရှင်ဆီကကြားလိုက်ရသော ကောင်မလေး၏အမည်ကြောင့် ကျော်စွာမြင့်ရင်ခုန်သွားမိသည်။ ကောင်မလေးသည် သူ့ရမည့်ပြန်အမ်းငွေတွေကိုရလိုက်သည်နှင့် ဆိုင်ထဲကခပ်သွက်သွက်ပဲ ထွက်သွားသည်။ သည့်နောက်ပိုင်းတွင် ကျော်စွာမြင့်၏နှလုံးသားထဲသို့ မြတ်နိုးတစ်ယောက်ဝင်ရောက်စပြုလာတော့၏။ အိပ်မက်တွေအထဲပါ သူမရောက်လာသောအခါ သူငယ်ချင်းတွေဖြစ်သည့် ခင်မောင်ဇော်နှင့် ကျော်ကျော်ဇင်ကိုဖွင့်ဟတိုင်ပင်မိလေသည်။

"အင်း. . ဆိုးတော့ မဆိုးပါဘူး. . ကောင်မလေးက လှသားပဲ. . . မင်းတစ်ခုပဲ စိုးရိမ်ရမှာက ကောင်မလေးအမေကြီးပဲ"

"ဟေ. . သူ့အမေက သဘောထားဆိုးသလား"

"သဘောကောင်းသလား၊ ဆိုးသလားတော့မသိဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



[illegible]တတော့ အဲဒီအဘွားကြီးရဲ့စည်ပိုင်းခန္ဓာကိုယ်ကြီးပဲ"

"တာ ဘာဆိုင်သလဲကွာ. . . ငါယူမှာက မြတ်နိုးကိုယူမှာပဲ . . . သူ့အမေကို ယူမှာမှမဟုတ်ဘဲ"

ခင်မောင်ဇော်က နှာခေါင်းရှုံ့၍ဆက်ပြောသည်။

"တယ်ခက်တဲ့ကောင်ပဲ. . . မိန်းမယူမယ်ဆိုရင် သူ့အမေကို အရင်ကြည့်ရတယ်တဲ့ကွ. . . မင်းမကြားဖူးဘူးလား. . မိန်းမတွေ အတော်များများဟာ မျိုးရိုးလိုက်တတ်ကြတယ်. . . သူ့အမေက ဖက်တီးကြီးဆို. . သူလည်း ဖက်တီးကြီးဖြစ်လာမှာပဲ. . . အခုဆို မြတ်နိုးရဲ့အမေကို မင်းမြင်ဖူးအောင် သေသေချာချာကြည့်ထား. . . အဲဒါကြီးကိုမြင်ရင် မင်းစိတ်ခါတ်ကျသွားမှာ သေချာတယ်"

ကျော်ကျော်ဇင်ကတော့ ဖေးဖေးမမဝင်ပြော၏။

"ပြဿနာတော့ သိပ်မရှိပါဘူးကွာ. . . အသက်ကြီးလို့ သူ့အမေလိုပဲ ဖက်တီးကြီးဖြစ်လာရင်. . မင်းလည်း အသက်ကြီးလာမှာပဲ. . . မင်းလည်း ဖက်တီးကြီးဖြစ်လာနိုင်တာပဲ. . . အဲဒါဆိုလည်း ဖက်တီးလင်မယားအနေနဲ့ အတော်လိုက်မှာပဲ"

"အင်း. . ငါကတော့ အသက်ကြီးလာရင် ဖက်တီးဖြစ်ဖို့တော့ သိပ်မမြင်ဘူး. . . ဘာဖြစ်လို့လဲဆိုတော့ ငါ့အဖေကပိန်တယ်ကွ"

"အဲဒါဆိုလည်း ပြဿနာမရှိပါဘူးကွာ. . . ဖောင်ရိုးနဲ့ စည်ပိုင်းပေါ့. . . ဘာဖြစ်သေးလဲ. . . ဒါမှမဟုတ် သူ့ကိုယ်လုံးဖက်တီးကြီးကို မင်းမမြင်ချင်လည်း မျက်မှန်ရဲ့အောက်ခြေကို ဆေးအနက်သုတ်ထားလိုက်ပေါ့"

ကျော်ကျော်ဇင်၏ပေါက်ကရအပြောကြောင့် သူတို့ရယ်လိုက်ကြ၏။ ကျော်စွာမြင့်သည် သူငယ်ချင်းတွေနှင့် စကားပြောခဲ့သည်ကို ပြန်စဉ်းစားရင်းနှင့် ဈေးထိပ်နားသို့ရောက်လာသည်။ မြတ်





နိုးကို ဈေးဝမှာမတွေ့ရသေး။ ထို့ကြောင့် ဆိုက်ကားကို ခပ်နှေးနှေးပဲ နင်းရင်း မြတ်နိုးအကြောင်းကိုဆက်တွေးသည်။

တကယ်တော့ မြတ်နိုး၏အလှကို သူယခင်သတိမပြုမိခဲ့ခြင်းသာဖြစ်သည်။ မြတ်နိုးဆယ်တန်းကျောင်းသူဘဝလောက်တုန်း က ကျောင်းဝတ်စုံလေးနှင့်သွားတာလာတာ တွေ့ဖူးသော်လည်း သိပ်သတိမပြုမိခဲ့။ ယခုမှဘယ့်နှယ်က ဘယ့်နှယ်လှလာပါလိမ့်။

"ကောင်မလေးက ကွန်ပျူတာတက္ကသိုလ် နောက်ဆုံးနှစ်တက်နေတယ်ကွ. . . ရည်းစားရှိလား၊ မရှိလားတော့ မသိဘူး. . . နောက်ပြီး မနက်ခုနစ်နာရီခွဲလောက်ကို လမ်းထိပ်မှာကျောင်းကား စောင့်တတ်တယ်ကွ. . . ပြီးတော့ စနေ၊ တနင်္ဂနွေ နှစ်ရက်မှာတော့ သူကဈေးသွားတတ်တယ်. . . ဈေးသွားရင်လည်း ကိုဖိုးထောင် ဆိုက်ကားနဲ့ပဲ အသွားအပြန်လုပ်တယ်"

ခင်မောင်ဇော်ထံမှသိရသော အချက်တွေက ကျော်စွာမြင့်အတွက် တန်ဖိုးရှိလှချေသည်။ ထို့ကြောင့်သာပဲ ကျော်စွာမြင့်တစ်ယောက် ဆိုက်ကားသမားကိုဖိုးထောင်နှင့် သွားပေါင်းသည်။ ဘာပဲဖြစ်ဖြစ် ချစ်မိပြီဆိုမှတော့ နီးစပ်ဖို့အရေး သည်မျှတော့ကြိုးစားရပေလိမ့်မည်။

ထိုအချိန်တွင် မြတ်နိုးသည် သူမ၏မိခင်ဖြစ်သူ ဒေါ်ဝေဝေမွန်နှင့်အတူ ဈေးဝယ်နေလေသည်။ ခါတိုင်းဆို စနေ၊ တနင်္ဂနွေနေ့များ၌ သူမတစ်ယောက်တည်းသာ ဈေးလာဝယ်လေ့ရှိသော်လည်း သည်နေ့တော့ မိခင်ဖြစ်သူကဝယ်စရာတချို့ရှိသေးသည်ဟုဆိုပြီး လိုက်လာသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဈေးဝယ်သည့်နေရာမှာတော့ မြတ်နိုးသည် သူမ၏မိခင်ကို လုံးဝမမီသေးပါ။ ဆန်ဝယ်မလား၊ ဆီဝယ်မလား၊ အသားဝယ်မလား၊ အသီးအရွက်ဝယ်မလား၊ မိခင်ဖြစ်သူက အားလုံးကျွမ်းကျင်သည်။ ဆန်ဆိုလည်း ဆန်အလုံးအရွယ်



www.burmeseclassic.com

www.burmeseclassic.com



အစားက အစ၊ ချက်လျှင်လည်း ထမင်းလုမလုသိသည်။

ပြီးတော့ နေ့စဉ်ချက်ပြုတ်နေရသည့်သူမ၏မိခင်က အိမ်မှာ လိုအပ်နေသောပစ္စည်းတွေကိုသိသည်။ နနွင်းမှုန့်၊ ငံပြာရည်၊ ဆား စသည်တို့ကအစ၊ အာလူး၊ ကြက်သွန်အဆုံး။ သည်နေ့လည်း မိခင် ဖြစ်သူက အိမ်မှာကုန်နေသောပစ္စည်းတွေ အတော်များများလိုက်ဝယ် သည်၊ ထို့ကြောင့် မြတ်နိုးလက်ထဲမှာပါလာသော ဆွဲခြင်းတောင်း ကလေးလည်း ပြည့်သလောက်ရှိနေလေပြီ။

"မပြီးသေးဘူးလား မေမေ. . သမီး ညောင်းလာပြီ"

မြတ်နိုးသည် ဈေးခြင်းတောင်းကိုပြင်ကိုင်ရင်း ဈေးဝဘက် သို့ တစ်ချက်လှမ်းကြည့်ရင်းက သူမ၏မိခင်ကိုပြောလိုက်သည်။ သူမ နှင့်ရွယ်တူလောက်ရှိမည့် အရပ်ရှည်ရှည်၊ ဆံပင်ရှည်ရှည်ကောင်လေး တစ်ယောက် မင်းကုသထုံး နှလုံးမူနေတာ သူမသိပါသည်. . ကုသမင်း သည် ပပဝတီကိုရဖို့ ပေါက်ပေါက်ရှာရှာအလုပ်တွေလုပ်ရင်းက နီးစပ် ဖို့ကြိုးစား၏။ ယခုလည်း ထိုကောင်လေးက ဘာစိတ်ကူးပေါက်သည် မသိ။ ကိုဖိုးထောင်၏ဆိုက်ကားကို ဝင်ဝင်နင်းပြီး သူမကိုလာလာကြို တတ်သည်။

ပြီးတော့ သူ့ကိုယ်သူလည်း တကယ့်ဆိုက်ကားသမားပုံစံမျိုး ဖမ်းလေ့ရှိ၏။

"အစ်မလေး. . နောက်မှာမထိုင်နဲ့လေ. . ရှေ့မှာထိုင်. . နောက်မှာထိုင်ရင် ကျွန်တော်နင်းရခက်တယ်. . . မလွယ်ပါဘူးဗျာ . . . ဆိုက်ကားနင်းစားရတာလည်း အတော်ပင်ပန်းတာပဲ. . . ဒါပေ မဲ့ ဟဲ ဟဲ. . အစ်မလေးရှေ့မှာ လာထိုင်ရင်တော့ ကျွန်တော်အတော် ကလေးကို သက်သာသွားတယ်ဗျာ. . . အမေလည်း ပြောသွားသလို ပဲ. . . ဒါနဲ့ အစ်မလေးက ကွန်ပျူတာတက္ကသိုလ်ကျောင်းသူမဟုတ် လား. . . အားကျတယ်ဗျာ. . ကွန်ပျူတာတော့ အတော်ကျွမ်းမှာပေါ့





နော်. . . ဟိုဒင်း. . အင်တာနက်ဆိုတာတွေ ဘာတွေလည်းသိမှာပေါ့ နော်. . . ကျွန်တော်တို့ကတော့ ဆယ်တန်းတောင်မအောင်တော့ ဆိုက်ကားနင်းနေရတာပေါ့"

ပထမတော့ သူပြောနေတာတွေ တကယ်ပဲထင်ခဲ့ပါသည်။ နောက်တော့ တစ်နေ့ သူမစတိုးဆိုင်မှာဈေးသွားဝယ်နေတုန်း ဆိုင်ရှေ့ မှာ ကားတစ်စီးထိုးရပ်လာပြီး ဘွဲ့ဝတ်စုံကြီးတကားကားနှင့် ကိုယ်တော် ချောက ဆင်းချလာ၏။

"အစ်မရေ. . . ရေသန့်ဗူးအေးအေးလေးနှစ်ဗူးလောက် လုပ် ဗျာ. . ဟဲ ဟဲ. . ရင်ပူလွန်းလို့"

"ဟဲ့. . ဒီနေ့ နင်တို့ဘွဲ့ယူရမယ့်နေ့လား"

ကိုယ်တော်ချောသည် ရေသန့်ဗူးဝယ်ရင်းနှင့် မြတ်နိုးကိုတွေ့ သွားပြီး မျက်လုံးပြူးသွားသည်။ သို့သော် ချက်ချင်းပင်မျက်နှာကို ဖြီးဖြီးဖြီးလုပ်ပစ်သည်။

"ဟာ. . ဘယ်ကလာ. . သူများဘွဲ့ဝတ်စုံ ငှားဝတ်ကြည့်တာ ဗျ. . . ဟိုဒင်းလေ. . ထွန်းထွန်းကို သိတယ်မဟုတ်လား. . . ဒီနေ့ သူ ဘွဲ့ယူမှာ. . အဲဒါ ကျွန်တော်လည်း ဝတ်ဖူးတယ်ရှိအောင် ယူဝတ်လာ တာ"

ပြောပြီးသည်နှင့် မြတ်နိုးကိုတစ်ချက်လှမ်းပြုံးပြကာ

"သွားလိုက်ဦးမယ် အစ်မရေ. . . တော်ကြာ ထွန်းထွန်း ကျွန် တော့်ကိုဆူနေဦးမယ်"

သူထွက်သွားသောအခါမှ ဆိုင်ရှင်မမျိုးက သူမကိုပြောပြ သည်။

"အလကား ညာပြောသွားတာ. . သူက အလုပ်ရှေ့နေတာ လေ. . နာမည်က ကျော်စွာမြင့်တဲ့. . ပျော်တော့ပျော်တတ်တယ်"

မမျိုးက ဘာရယ်မဟုတ်၊ သူ့အကြောင်းပြောပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူမကလည်း ဘာရယ်မဟုတ်ရှက်နေမိသည်။ နောက်ပိုင်းရက်များတွင် ကိုယ်တော်ချောသည် သူမတို့ကျောင်းကားနားအထိ ရောက်ရောက်လာသည်။ သို့သော် ကျောင်းကားနားမှာက လူကလည်း များသည်မို့ သူမနားမကပ်ဝံ့ဘဲ ခပ်လှမ်းလှမ်းကသာ သူမကို ငေးမောလေ့ရှိ၏။ ယခုလည်း မြတ်နိုးသည် သူမ၏မိခင်ကို စကားပြောရင်း ဈေးဝသို့မသိမသာလှမ်းကြည့်မိသည်။

"ပြီးပြီ သမီးရေ. . . မြိတ်ငံပြာရည်တစ်ပုလင်းဝယ်ပြီးရင်ပြီး ပြီ"

"အို. . မေမေကလည်း. . ဒီမှာ သမီးလက်ညောင်းလှပြီ"

နောက်တော့ သူမတို့သားအမိ ဈေးထဲကထွက်လာခဲ့ကြသည်။ မြတ်နိုးတို့သားအမိ ဈေးထဲကထွက်လာသည်ကိုမြင် သွားသော ကျော်စွာမြင့်တစ်ယောက် စိတ်ပျက်လက်ပျက်ဖြစ်သွားလေသည်။ မြတ်နိုးကိုရှေ့ခုံမှ ထိုင်စေလျက် စကားတွေပြောမည်ကြံခဲ့သမျှ ခဲလေသမျှ သဲရေကျဖြစ်ရလေပြီ။ ကျော်စွာမြင့်သည် မြတ်နိုး၏မိခင်ကို လှမ်းကြည့်လိုက်သည်။ ခင်မောင်ဇော်ပြောသည်မှာ မှန်လေစွ။ ဒေါ်ဝေဝေမွန်သည် စည်ပိုင်းခန္ဓာကိုယ်ကြီးနှင့် မြတ်နိုး၏လက်ကလေးကို အားပြုကာ လှုပ်ယမ်းအိပဲ့စွာ တစ်လှမ်းချင်းလျှောက်လာနေသည်။

မြတ်စွာဘုရား။ မြတ်နိုးများ ထိုအသက်အရွယ်လောက်ရောက်လျှင် ခင်မောင်ဇော်တို့ပြောသလိုပင် သူ့အမေအတိုင်း ပုံပျက်ပန်းပျက်ခန္ဓာကိုယ်ကြီးဖြစ်သွားခဲ့လေသော် ခက်ချေတော့မည်။ မိန်းကလေးတို့သည် ခင်မောင်ဇော်ပြောသလိုပင် မျိုးရိုးလိုက်တတ်ပါသလား။ သို့သော် သူ့အစ်ကိုမိန်းမ သူ့မရီး မမခင်ကျတော့ ထိုသို့မဟုတ်။ မမခင်၏မိခင်က ဖက်တီးကြီးဖြစ်သော်လည်း မမခင်ကတော့ ငါးဖောင်ရိုး၊ ပိန်တာကလေးဖြစ်၏။

ကျော်စွာမြင့်လည်း မြတ်နိုးတို့သေသေချာချာ ဂရုပြုပြီးကြည့်





လိုက်မိ၏။ ယခုထိတော့ မြတ်နိုး၏ခန္ဓာကိုယ်မှာ ဝလာမည့်လက္ခဏာတွေ တစ်ချက်မျှမတွေ့ရ။ ကိုယ်ကျပ်အကျီလေးဝတ်ထားသဖြင့် ရင်တလေးကကြွနေ၏။ ပြီးတော့ သေးကျင်သောခါး။ ထို့နောက်မှာတော့ စကာဒ်ထဘီအောက်မှ စွင့်ကားသောတင်ပါးများ။ ခန္ဓာကိုယ်အလှသည် တင့်တယ်နေ၏။

"မေမေ. . ဟိုမှာ ကိုဖိုးထောင်ရဲ့ဆိုက်ကား"

မြတ်နိုးက သူမ၏မိခင်ကို ခပ်တိုးတိုးပြောလိုက်သောအခါ ဒေါ်ဝေဝေမွန်က ကျော်စွာမြင့်ကိုလှမ်းကြည့်သည်။

"လာပါ အန်တီ. . . ကိုဖိုးထောင်မအားလို့. . သူ့ကိုယ်စား ဘွန်တော်ဝင်နင်းပေးတာပါ"

ကျော်စွာမြင့်က ပြောပြောဆိုဆိုနှင့် မြတ်နိုးတို့သားအမိထံမှ ပစ္စည်းတွေပြေးယူသည်။ ပြီးတော့ ဆိုက်ကားဆီသို့ပြန်လာပြီး ဆိုက်ကား၏ကယ်ရီယာထိုင်ခုံပေါ်မှာ ပစ္စည်းတွေကို ကြိုးနှင့်ပတ်၍ချည်လိုက်သည်။ မြတ်နိုးတို့သားအမိလည်း ဆိုက်ကားအနီးရောက်လာ၏။

"ကဲ. . သမီးက ရှေ့မှာထိုင်. . မေမေ နောက်မှာထိုင်မယ်"

အဘွားကြီးသည် ပြောပြောဆိုဆိုနှင့် ဆိုက်ကား၏နောက်ထိုင်ခုံမှာ ဝင်ထိုင်၏။ ထိုအခါ အလေးချိန်ပေါင်နှစ်ရာလောက်ရှိမည့် ကိုယ်အလေးချိန်ကြောင့် ဆိုက်ကားကြီးသည် ခေါင်းကြီးထောင်ကျွသွားသည်။

"ဟာ. . ဒုက္ခပါပဲ"

ကျော်စွာမြင့်သည် ဆိုက်ကားလက်ကိုင်ကိုလှမ်းခိုပြီး ဆိုက်ကားကြီးခေါင်းပြန်ငိုက်လာစေရန် ဆွဲချသည်။ သို့သော် အဘွားကြီးအလေးချိန်ကြောင့် အောက်သို့ပြန်ဆွဲချ၍မရဘဲ သူပါတန်းလန်းကြီးဖြစ်နေ၏။ လမ်းသွားလမ်းလာတချို့သည် သူတို့၏အဖြစ်ကြောင့် ကြောင်နေကြပြီးနောက် ရယ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . မေမေကလည်း . . ပြန်ထလေ"

"ထနေတာပဲ သမီးရဲ့ . . . ထမရလို့"

သည်တော့မှ မြတ်နိုးက သူမ၏မိခင်ကိုဆွဲထူသည်။ အဘွားကြီး ဆိုက်ကားနောက်ခုံမှထလိုက်သောအခါမှ ဆိုက်ကား၏ရှေ့ပိုင်းသည် မြေပြင်သို့ပြန်ကျသည်။

"အောင်မလေး တော်ပါသေးရဲ့ . . . မဖြစ်ဘူး . . . အန်တီ ရှေ့မှာပဲ ထိုင်တော့မယ်"

ပြောပြောဆိုဆိုနှင့်ပင် အဘွားကြီးကရှေ့ကခုံမှာ ဝင်ထိုင်ပြန်သည်။ တော်ပါသေးသည်။ သည်တစ်ခါတော့ ဘာမှမဖြစ်။ ထိုအခါမှ မြတ်နိုးက နောက်ခုံမှာဝင်ထိုင်၏။ ကျော်စွာမြင့်လည်း ဆိုက်ကားကို အရှိန်နည်းနည်းရအောင် ရှေ့သို့တွန်းသည်။ သို့သော်တွန်းနေကျမဟုတ်၍တစ်ကြောင်း၊ အဘွားကြီး၏ပေါင်နှစ်ရာကျော် အလေးချိန်နှင့် မြတ်နိုး၏ပေါင်တစ်ရာကျော်အလေးချိန်ကြောင့်တစ်ကြောင်း ဆိုက်ကားသည် နေရာလုံးဝမရွေ့။

ကျော်စွာမြင့် ဖင်ကုန်းကာအားယူရင်း ထပ်တွန်းသည်။ သူကပဲ ပိန်၍ပင်လောမသိ။ ဆိုက်ကားသည် နေရာလုံးဝမရွေ့။

"ဟာ . . ရှေ့ပိုင်း ဝိတ်သိပ်များနေတယ် အန်တီ . . . အန်တီ ပြန်ဆင်းလိုက်ဦး"

"ဆင်းပြီး ငါကဘာလုပ်ရမှာလဲ"

"အန်တီဆင်းပြီးတာနဲ့ . . . ကျွန်တော် ဆိုက်ကားကို အရှိန်ရအောင်တွန်းမယ် . . ဒီတော့မှ အန်တီကပြေးတက်လိုက်"

"အောင်မလေးတော် . . . ငါ့ကိုယ်လုံးကြီးနဲ့ သွားနေတဲ့ဆိုက်ကားပေါ် ပြေးတက်ဖို့ကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"ဟုတ်သားပဲ . . . မေမေ့ကိုယ်လုံးကြီးနဲ့ အဲဒီလိုပြေးတက်ဖို့က မလွယ်ဘူး"





"ဒါကြောင့် ထမင်းများများမစားကြပါနဲ့လို့ . . ဆရာဝန်တွေပြောတာ . . . အန်တီက နားမှမထောင်ဘဲ"

"ဘာကွယ့် . . မင်း ဘာစကားပြောတာလဲ"

ဒေါ်ဝေဝေမွန် ဒေါနည်းနည်းကန်သွားသည်ကိုသိသဖြင့် ကျော်စွာမြင့်က ပြန်ချော့သည်။

"ဩော် . . အန်တီ့ရဲ့အလှကို နစ်မျောလို့ပါ အန်တီ . . . ဟဲ ဟဲ . . အန်တီ ငယ်ငယ်က အန်တီ့သမီးလိုပဲ အတော်လှမှာပဲနော် . . . အန်တီ့ယောက်ျားတော့ ကံအတော်ကောင်းတာပဲ"

သည်တော့မှ အဘွားကြီးက ကျေနပ်သွားသည်။

"ကဲပါ . . ကျွန်တော်ပြောသလိုပဲ အန်တီခဏပြန်ဆင်းလိုက်ပါ . . . နောက်က အစ်မလေးလည်း ခဏပြန်ဆင်းလိုက်ဦး"

မြတ်နိုးနှင့် သူ့အမေလည်း ဆိုက်ကားပေါ်မှပြန်ဆင်းပြီး ကျော်စွာမြင့်၏အစီအမံကို စောင့်နားထောင်နေကြသည်။

"လွယ်လွယ်ကလေးပါ . . . လာ . . အစ်မလေး ရှေ့မှာလာထိုင် . . . အန်တီက ခဏလေးအဲဒီမှာရပ်နေ . . . ကျွန်တော်ဆိုက်ကားနည်းနည်းအရှိန်ရအောင် ရှေ့ကိုစီးသွားလိုက်ပြီး ဒီနေရာကိုကွေ့ပြီး ပြန်လာခဲ့မယ် . . အဲဒီတော့မှ အန်တီကဆိုက်ကားနောက်ခုံကို အသာကလေးတက်ထိုင်လိုက်"

"ဖြစ်ပါ့မလားကွယ် . . . ဆိုက်ကားမြန်နေရင် အန်တီမတက်ရဲဘူး . . တော်ကြာ မြေကြီးပေါ် ဖင်ထိုင်လျက်သားလဲကျနေဦးမယ်"

"ရပါတယ် . . အန်တီ ဘာမှမဖြစ်စေရပါဘူး . . . ကျွန်တော်က တက်ဆိုတာနဲ့ အသာကလေးသာနောက်ခုံကို ဝင်တက်လိုက်ပါ . . ဟဲ ဟဲ"

မြတ်နိုးလည်း ဖြစ်ပါ့မလားဟု စိုးရိမ်စိတ်နှင့်ပင် ဆိုက်ကားရှေ့ခုံမှာ ဝင်ထိုင်လိုက်သည်။ ထိုအခါကျော်စွာမြင့်က ဆိုက်ကားကို



www.burmeseclassic.com

www.burmeseclassic.com



ထက်နှင်းသည်။ ရှေ့ဘက် ဝါးတစ်ရိုက်အကွာလောက်ကိုရောက်မှ ဆိုက်ကားတို့ပြန်ကွေ့လာခဲ့လိုက်၏။ ထိုသို့ကွေ့ရင်းနှင့်လည်း အဘွားကြီးကို လှမ်းအော်ပြော၏။

"အန်တီ. . အဆင်သင့်ပြင်ထားဦးနော်. . . ကျွန်တော် လာပြီ"

"အေးပါဟဲ့"

အဘွားကြီးက ထဘီကိုတိုတိုပြင်ဝတ်သည်။ ခပ်လှမ်းလှမ်းရှိ ဆိုက်ကားသမားတွေကတော့ ဘာတွေဖြစ်ကုန်လေမည်နည်းဟု သူတို့ဆိုက်ကားကို စူးစမ်းနေကြလေသည်။ ကျော်စွာမြင့်၏ဆိုက်ကားသည် အဘွားကြီး၏ဘေးမှ ခပ်ဖြည်းဖြည်းလေးပတ်သွားခိုက် ကျော်စွာမြင့်က သတိပေး၏။

"ဝမ်း. . . တူး. . . သရီး. . ကဲ တက်ပေတော့ အန်တီ"

အဘွားကြီးက ဆိုက်ကား၏နောက်ဘက်ကခြေတင်ခုံနှင့် ခုံကြားသို့ခပ်သွက်သွက်လှမ်းဝင်လိုက်ပြီး ထိုင်ခုံမှာ အားရပါးရထိုင်ချလိုက်သည့်ခဏ၌ ကျော်စွာမြင့်သည် မြေပြင်နှင့်လွတ်သွားလေတော့သည်။ ပြီးတော့ ရှေ့ဘီးကြီးက လေထဲမှာပတ်ချာလည်နေရင်း ဆိုက်ကားသည် ကိုးရိုးကားယားကြီးဖြစ်နေသည်။

"ဟာ. . ဒုက္ခပါပဲ"

"အောင်မလေး လုပ်ကြပါဦး"

နောက်ပိုင်းက လူတစ်ယောက်အလေးချိန်က ရှေ့ဘက်က နှစ်ယောက်ထက်ပိုသာနေကြောင်း ပြသနေသည့်သာဓကပင်ဖြစ်သည်။ ကျော်စွာမြင့်သည် ပေါင်ချိန်တစ်ရာ့လေးဆယ်လောက်ရှိပြီး မြတ်နိုးကလည်း အနည်းဆုံးတစ်ရာ့တစ်ဆယ်လောက်ရှိလိမ့်မည်ဖြစ်ရာ၊ သူတို့နှစ်ယောက်ပေါင်းအလေးချိန်သည် အဘွားကြီးထက်ပိုလိမ့်မည်ဟု ထင်ခဲ့သောသူ့အထင်သည် တက်တက်စင်အောင်လွဲသွားချေပြီ။





ကျော်စွာမြင့်သည် ဆိုက်ကားထိုင်ခုံမှာထိုင်နေ၍ မရတော့သဖြင့် မတ်တပ်ထရပ်လိုက်ပြီး ရှေ့ဘီးကြီးထောင်နေသည့်ဆိုက်ကားကြီးကို အတင်းပဲဖိချသည်။ သို့သော်မရချေ။ အဘွားကြီး၏ ကိုယ်ခန္ဓာအတ္တဘောကြီးကား လေးလှချေသည်တကား။

"ဟာ. . ဆင်းပါ အန်တီရဲ့. . . မြန်မြန်ဆင်းပါ. . . ဒီမှာ ကျွန်တော်ပုဆိုးကျွတ်ကျတော့မယ်"

"အို. . ဆင်းပေးလိုက်ပါ မေမေရဲ့. . . သူ ပုဆိုးကျွတ်တော့မယ်တဲ့. . မြန်မြန်. . မြန်မြန်. . ဒုက္ခပါပဲ"

"မေမေလည်း ဆင်းနေတာပါပဲ. . ဒီမှာ ထဘီနဲ့ခြေထောက်ငြိနေလို့"

အဘွားကြီးလည်း အတင်းကုန်းထပြီး ဆိုက်ကားပေါ်မှဆင်းလိုက်သည့်ခဏ၌ ဆိုက်ကားကြီး၏ရှေ့ဘီးသည် မြေပြင်သို့ဝုန်းခနဲပြန်ကျသွားသည်။ ထိုအခိုက်မှာတော့ ခပ်လှမ်းလှမ်းမှာရှိသော ဆိုက်ကားဂိတ်က ဆိုက်ကားသမားနှစ်ယောက်က သူတို့အနားရောက်လာသည်။

"မရဘူးကွ ညီလေး. . ဒီအန်တီရဲ့ဝိတ်က ပိုများနေတယ်. . အန်တီ့ကိုရှေ့မှာပဲ ထိုင်ခိုင်း. . . အစ်မလေးက နောက်မှာထိုင်. . . ပြီးရင် အရှိန်ရအောင် အစ်ကိုတို့နှစ်ယောက် ညီလေးဆိုက်ကားကို တွန်းပေးလိုက်မယ်"

အလွန်ပင်သင့်လျော်ကောင်းမွန်သော အကြံအစည်နှင့် အကူအညီကြောင့် ကျော်စွာမြင့်ကျေးဇူးတင်သွားမိသည်။ နောက်တော့ ဆိုက်ကားသမားနှစ်ယောက်၏အကူအညီနှင့်ပင် သူတို့ဆိုက်ကားသည် ဈေးရှေ့မှထွက်လာနိုင်တော့သည်။

"ကျေးဇူးပဲ အစ်ကိုတို့ရေ. . . သွားမယ်ဗျနော်"

"ရပါတယ်ကွ. . ဘဝတူချင်းတွေပဲ. . ကူညီရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခစ်. . . ခစ်"

မြတ်နိုးက ဆိုက်ကားသမားနှစ်ယောက်၏ ဘဝတူချင်းတွေပဲ ဆိုသည့်စကားကြောင့် ခစ်ခနဲရယ်လိုက်မိသည်။ တော်ပါသေးသည်။ မိခင်ဖြစ်သူက မကြားလိုက်။ နို့မို့ဆို မိန်းကလေးတစ်ယောက်က ယခုလို သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ မရယ်ရဘူးဟု ဆုံးမနေလိမ့်ဦးမည်။

ဆိုက်ကားသမားအစစ်လည်း မဟုတ်ဘဲနှင့် သူမကိုနီးစပ်ချင်သဖြင့် ဆိုက်ကားဝင်နင်းနေသော ကျော်စွာမြင့်ကိုလည်း ရင်ခုန်သွားမိလေသည်။

"အသက်ကြီးလာတော့လည်း ခန္ဓာကိုယ်ကြီးက ဝလာလိုက်တာ လူကလေးရယ်. . . အစားအသောက် အနေအထိုင်ဆင်ခြင်ဖို့ကလည်း မလွယ်ဘူးမဟုတ်လား. . . အားနာတယ်ကွယ်"

အဘွားကြီးရှေ့ခုံကို ရောက်လာသော်လည်း အလေးချိန်ဖိစီးမှုကြောင့် ကျော်စွာမြင့်တစ်ယောက် ဆိုက်ကားကိုအတင်းကုန်းရုန်းနင်းနေရရှာသည်။ တဖြည်းဖြည်းနှင့် လမ်းမကြီးကိုရောက်လာသည်။ တော်တော့တော်ပါသေးသည်။ သည်လမ်းက ကားရှင်းသည်။

အရေးထဲ သည်နေ့မှအဘွားကြီးကလည်း ဈေးလိုက်လာသည်။ အကယ်၍များ အဘွားကြီးသာမပါလျှင် ယခုလောက်ဆိုလျှင် သူမည်မျှဟန်ကျနေလိမ့်မည်နည်း။ မြတ်နိုးနှင့် စကားပြောရင်းက သူမေတ္တာကို တစွန်းတစဖွင့်ဟနိုင်ပေလိမ့်မည်။ ယခုတော့ အသက်ကိုတောင်မနည်းရှူနေရသည်။ နားထဲကတောင် လေတွေထွက်ချင်နေ၏။ ပြီးတော့ မြတ်နိုးကလည်း နောက်ခုံမှာရောက်နေသဖြင့် မျက်နှာကလေးတောင် ဘေးတစောင်းလေးတွေ့ခွင့်မရ။ သူနည်းနည်းငုံ့ကြည့်လိုက်တာနှင့် အဘွားကြီး၏ဖောင်းအစ်အစ် အဆီပြင်ပြောင်ပြောင်မျက်နှာကြီးကို တွေ့ရ၏။





တဖြည်းဖြည်းနှင့် မြတ်နိုးတို့လမ်းနားရောက်လာသည်။ သည်ဘက်ခြမ်းက သူတို့ရပ်ကွက်၏အနိမ့်ပိုင်းဖြစ်သဖြင့် လမ်းတွေကလည်း နိမ့်လျှောလေးတွေဖြစ်၏။ သည်တော့မှ သူလည်းအသက်ရှူနည်းနည်း ချောင်သွားသည်။ သိပ်နင်းစရာမလိုတော့ဘဲ အလိုက်သင့်ဘလေးထိန်းကိုင်နေလိုက်ရုံပဲဖြစ်သည်။ သို့သော် ဆိုက်ကားအရှိန်သိသိသာသာမြန်လာသဖြင့် လန့်လာပြီး ဘရိတ်ကိုအသာညှစ်ပြီး အရှိန်ကိုလျှော့ ဖို့ကြိုးစားမိသည်။

ထိုအခါ ဘရိတ်ကမမိ။ ဆိုက်ကားသည် တစ်စထက်တစ်စအရှိန်မြန်လာသည်။

"ဟဲ့. . မောင်ရင် ကြည့်လုပ်ဦး. . . ဆိုက်ကား အရမ်းမြန်နေပြီ"

ပြဿနာပဲ။ ဆိုက်ကားဘရိတ်က မည်သို့ဖမ်းဖမ်း မရ။ သည်တော့ ကျော်စွာမြင့်လည်း ဆိုက်ကားသမားတွေ ဘရိတ်ဖမ်းလေ့ရှိသည့် ရှေ့ဘီးကိုဖိနပ်နှင့် ဖိကပ်တာမျိုးလုပ်ကြည့်လိုက်သည်။ ဒါလည်း မရ။ ဖိနပ်တောင် ကျွတ်မထွက်သွားတာ ကံကောင်းသည်။ ထိုအချိန်တွင် လမ်းဘေးတစ်ချက်ရှိ ဆုံဆည်းရာကဖီးမှာ ကျော်ဇင်နှင့် ခင်မောင်ဇော်တို့ထိုင်လျက်ရှိကြသည်ဖြစ်ရာ ကျော်စွာမြင့်က သူတို့နှစ်ယောက်ကို မျက်စိထဲမှာ ရိပ်ခနဲတွေ့လိုက်ရ၏။

"ဟေ့ကောင်တွေ. . လာကြပါဦး. . . ငါ့ကို ကယ်ကြပါဦး"

သူ အသံကုန်ကုန်းအော်ပြီး အကူအညီတောင်းသည်။ မဖြစ်ပါ။ ထိုသို့မှအကူအညီမတောင်းလျှင် အားလုံးဒုက္ခတွေ့ကုန်ပေလိမ့်မည်။ ရှေ့နားမှာ လမ်းဆုံတစ်ခုရှိပြီး ထိုလမ်းဆုံမှာ ကားအသွားအလာလည်းရှုပ်သည်။ ကျော်စွာမြင့် အသံကုန် ကုန်းအော်လိုက်သောအသံကို ဆုံဆည်းရာကဖီးမှာ ထိုင်နေသည့် ကျော်ကျော်ဇင်နှင့် ခင်မောင်ဇော်တို့နှစ်ယောက်က နားလျှံပြီးတလွဲကြားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင်တွေ. . . နေနှင့်ကြဦး. . . ငါ့ကို စောင့်နေကြဦး"

သည်တော့ သည်နှစ်ကောင်က ကျော်စွာမြင့်ကိုလက်လှမ်းပြီး ပြောလက်စ စကားကိုဆက်ပြောနေလိုက်သည်။ သို့သော် ဆိုက်ကားပေါ်မှာထိုင်နေသည့် ဒေါ်ဝေဝေမွန်နှင့် မြတ်နိုးကတော့ ကျော်စွာမြင့်၏အသံကို ပီပီသသ ကျယ်ကျယ်လောင်လောင်ကြားလိုက်ရသည်ဖြစ်၍ ဆိုက်ကား၏အခြေအနေမှန်ကို ရိပ်မိသွားလေတော့သည်။

"ဟော့ သူငယ်. . . လုပ်ပါဦး. . . ဆိုက်ကား သိပ်အရှိန်မြန်နေပြီ"

"ဟုတ်တယ်. . အရှိန်သိပ်မြန်နေပြီ. . . ဘရိတ် မြန်မြန်အုပ်လိုက်ပါ"

လက်ဖက်ရည်ဆိုင်ထဲကလည်း ဟိုကောင်နှစ်ကောင်ထွက်လာသည်ကိုမတွေ့ရသဖြင့် ကျော်စွာမြင့်လည်း စိုးရိမ်သောကပိုကြီးလာသည်။ အန္တရာယ်အလွန်ကြီးနေသည့်အခြေအနေဖြစ်နေသဖြင့် သူလည်း လုပ်မိလုပ်ရာလုပ်သည့်အနေနှင့် ဆိုက်ကားပေါ်မှ လမ်းပေါ်သို့ခုန်ဆင်းလိုက်ပြီး ဆိုက်ကားကိုရှေ့မှပြန်တွန်းဖို့ ကြိုးစားသည်။ ထိုအခါ သူ၏ကျွတ်လုကျွတ်ခင်ဖြစ်နေသော ပုဆိုးက ဗြွတ်ခနဲကျွတ်ကျသွားလေတော့၏။

"ဟယ်. . သူငယ်. . မင်းပုဆိုးကျွတ်နေပြီ"

"ရတယ် အန်တီ. . . ပုဆိုးထက်ကို ဆိုက်ကားကအရေးကြီးတယ်"

"သမီး. . ယောင်လို့တောင် ရှေ့ကိုလှည့်မကြည့်နဲ့နော်"

"အို. . မေမေကလည်း. . . ရှက်စရာတွေ"

ကျော်စွာမြင့်လည်း ရှက်ပါသည်။ သို့သော် ယခုအချိန်မှာ





တော့ အရှက်ထက်အသက်တွေက ပိုအရေးကြီးပါသည်။ ပုဆိုးမကလို့ ဖင်ပြောင်သွားလည်း ဂရုမစိုက်သင့်ပါ။ သူ့ပုဆိုးသည် ခြေထောက်နှင့်လုံးထွေးနေ၏။ ကျော်စွာမြင့်သည် ဆိုက်ကားလက်ကိုင်ကို နောက်ပြန်ကိုင်ရင်း ရှေ့မှအားကုန်ပြန်တွန်းသည်။ သို့သော်မရ။ နောက်ပြန်ကြီး ဒရွတ်ဆွဲရင်း ဆိုက်ကားနှင့်အတူပါသွားသည်။ ရှေ့နားမှာ လမ်းဆုံကလည်းရှိသဖြင့် အတင်းကုန်းရုန်းတွန်းသောအခါမှ ဆိုက်ကားက မရပ်ချင်ရပ်ချင်နှင့် ရပ်သွား၏။

ထိုအဖြစ်အပျက်ကိုတွေ့လိုက်ရသော လမ်းသွားလမ်းလာတချို့က ရင်ဘတ်ကိုလက်နှင့်ဖိ၍ ဘုရားတကြသလို၊ အချို့ကတော့ မသိမ်သာပြုံးကြသည်။ ကလေးတချို့ကတော့ ရယ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းမှာတစ်ခါဆိုတယ်

"နည်းနည်းလေးတိုးရင် မကောင်းလို့. . . များများကြီး တိုးပါဦးလို့. . . ဒီလိုထိုးတဲ့အချစ်ကို တို့ကနာမည်တစ်ခုတော့ ပေးချင်သား"

ကျော်ကျော်ဇင်တစ်ယောက် အိပ်ရာမှနိုးနိုးချင်း တစ်ဖက်အိမ်က ထွက်လာသည့်သီချင်းဆိုသံကြောင့် ချက်ချင်းပင်မျက်လုံးတွေကျယ်သွားမိသည်။ ဘယ့်နှယ်ဟာတွေပါလိမ့်။ သီချင်းစာသားကြီးကဘာကြီးပါလိမ့်။ ဤသီချင်းအလိုက်က တစ်ချိန်ကအတော်ကလေးနာမည်ကြီးခဲ့သည့် ကိုကိုချစ်သီချင်းအလိုက်။ သီဆိုသူက ဇော်နီဖြစ်ပါသည်။ ယခုတော့ ဤသီချင်းအလိုက်ကို စာသားတွေဖျက်ဆိုနေသည်။ သီဆိုနေသည့်အသံက မိန်းမအသံ။

"မင်းကြိုက်သလို ထိုးကွယ်. . . မင်းကြိုက်သလို တိုးကွယ် . . ချစ်တယ်"

ဟော လုပ်ပြန်ချေပြီ။ ကျော်ကျော်ဇင်၏မျက်လုံးသည် ကျယ်ရာမှပြူးလာသည်။ ပြီးတော့ ချက်ချင်းပင် မျက်မှောင်ကုပ်သွားပြန်သည်။ ဒုက္ခပါပဲ။ သီချင်းသီဆိုနေသူ အမျိုးသမီးသည် ပတ်ဝန်းကျင်ကို အားမနာ၊ ပါးမနာဘဲ ဘာတွေဆိုနေတာပါလိမ့်။ သူမ၏အိမ်ဘေး





မှာ သားပျို သမီးပျိုတွေရှိနိုင်တာကို မသိပေဘူးလား။ ထိုအခိုက်မှာပင် သီချင်းသံက ဆက်ထွက်လာပြန်သည်။

"ဒီလိုထိုးတဲ့အချစ်ကို တို့ကနာမည်တစ်ခုတော့ပေးချင်သား . . . ကြားလား. . . ကိုကိုခဲ့ရေ. . . ကိုကိုခဲ့ရေ"

သည်တော့မှ ကျော်ကျော်ဇင်တစ်ယောက် သက်မချလိုက်မိသွားသည်။ လက်စသတ်တော့ တစ်ဖက်အိမ်ကမခင်ခင်စုတစ်ယောက် အမြဲးပြီး ကိုကိုချစ်သီချင်းကို ဖျက်ဆိုနေတာကိုး။ တန်တော့ မခင်ခင်စု ခဲ့ပေါက်ပြန်ပြီထင်သည်။ ကျော်ကျော်ဇင်တို့ ခေါင်းရင်းအိမ်က လင်မယားကတော့ စံပြပဲဖြစ်ပါသည်။ လင်ရောမယားပါ ခဲ့ထိအလွန်ဆိုးသည်။ အလွန်ပဲ ဝါသနာပါသည်။

သူတို့တွင်သာမကဘဲ သူတို့သားသမီးတွေကလည်း ဝင်ထိုးကြသေး၏။ ခင်ပွန်းသည်ဖြစ်သူ ကိုသန်းမောင်က အလုပ်မယ်မယ်ရရ မလုပ်ဘဲ ခဲ့ကိုသာအလုပ်တစ်ခုအနေနှင့် ထိုးလေ့ရှိသူဖြစ်သည်။ သို့သော် သူ့ဇနီးမခင်ခင်စုကတော့ လမ်းထိပ်မှာ မုန့်ဟင်းခါးရောင်းသည်။ လက်ရာကောင်းသဖြင့် သူ့မုန့်ဟင်းခါးက လူကြိုက်များသည်။ မနက်ခြောက်နာရီလောက်ကတည်းက ရောင်းသည့်မုန့်ဟင်းခါးသည် နံနက် ၉ နာရီကျော်ကျော်လောက်ဆိုလျှင်ပဲ ကုန်လေတော့သည်။

ဟင်းရည်ကလည်း အိုးအကြီးကြီး။ လာစားသူတွေကလည်း သူမ၏မုန့်ဟင်းခါးကို အသုဘဆွမ်းကျွေးမှာ အလကားစားရသည့် မုန့်ဟင်းခါးများလား ထင်ရလောက်အောင် နှစ်ပွဲ၊ သုံးပွဲဆက်၍ အားပေးကြသည်။ ထိုင်စရာနေရာမရလျှင် မတ်တပ်ရပ်ကြီးစားကြသည်အထိ ဖောဖောသီသီကြီးအားပေးကြ၏။

"မခင်ခင်စု မုန့်ဟင်းခါးကတော့ တကယ့်ကိုစံပါပဲ မေမေရာ. . ကျွန်တော်တွေ့ဖူးသမျှဆိုင်တွေထဲမှာ လက်ရာအကောင်းဆုံးပဲ . . . ပြီးတော့ အရမ်းလည်းသန့်ရှင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်တယ် သားရဲ့. . . ခင်ခင်စုတို့ရောင်းကောင်းလိုက်ပုံ နား. . မေမေတို့တောင် သူတို့ဆိုင်မဖွင့်တဲ့နေ့မျိုးဆို. . . ဘာစားလို့ ဘာရှုပ်မှန်းတောင် မသိဘူး"

"ဒါပေမဲ့ တစ်ခုတော့အံ့ဩစရာပဲနော်. . . ဒီလောက်ရောင်း ကောင်းတဲ့မုန့်ဟင်းခါးဆိုင်ဖြစ်ပေမယ့် သူတို့ကြည့်ရတာ သိပ်အဆင် ပြေတဲ့ပုံ မပေါ်ဘူးနော်. . . ကျွန်တော့်စိတ်ထင်ပြောရရင် ဒီလောက် ရောင်းကောင်းပုံမျိုးနဲ့ ချက်ချင်းကိုရွှေတွဲလဲ. . ငွေတွဲလဲဖြစ်လာရမှာ"

မခင်ခင်စုတို့မိသားစုက ယခင်က ကျော်ကျော်ဇင်တို့ရပ်ကွက် မှမဟုတ်။ ရန်ကုန်မြို့၊ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှ ပြောင်းလာခဲ့ခြင်း ဖြစ်ပြီး ရောက်ရောက်ချင်းမှာပင် လမ်းထိပ်မှာမုန့်ဟင်းခါးထွက်ရောင်း သည်။ လက်ရာကောင်းလွန်းသဖြင့် ချက်ချင်းပင် နာမည်ကြီးလာ၏။ ရပ်ကွက်သူရပ်ကွက်သားတို့လည်း အစကတော့ မခင်ခင်စုမိသားစု၏ ချဲထိုးမှုကို သိပ်သတိမပြုမိကြသေးပေ။

"ဩော် သားကလည်း. . မုန့်ဟင်းခါးရောင်းပါတယ်ဆိုမှ တော့ ရွှေတွေ၊ ငွေတွေဝတ်ပြီးရောင်းလို့ ဖြစ်မလား. . . ရှိတော့ ရှိမှာပေါ့. . . ဝယ်ပြီး စုထားတာဖြစ်ချင်ဖြစ်မှာပေါ့"

"ထားပါတော့ မေမေရယ်. . . ရွှေဝတ်တာမတွေ့တာထား တော့. . . ဒါပေမဲ့ သူတို့အိမ်ကြည့်တော့လည်း သိပ်ပြောင်ပြောင် ရောင်ရောင်မတွေ့ရဘူး"

နောက်တော့ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် မခင်ခင်စုတို့ မိသားစု၏ချဲထီဝါသနာကို သိလာရသည်။ သူတို့မိသားစုသည် နှစ်လုံး၊ သုံးလုံးအကုန်ထိုးသည်။ ပြီးတော့ ထိုးပုံကလည်းကြမ်းသည်။ စီးပွား ရေးတစ်ခုနှယ် လောင်းကစားခြင်းဖြစ်၏။ ကိုသန်းမောင်က မနက်ဘက် ချဲထိုးခါနီးဆိုလျှင် သူကလေးနှစ်ယောက်ကို ခေါ်ခေါ်ပြီး မေးလေ့ရှိ၏။





"ကဲ သမီး. . ဒီနေ့ ဘာဂဏန်းကြိုက်သလဲ ပြော"

"ခုနစ် မေမေ"

"ဟုတ်ပြီ. . သားကရော"

"သုံး မေမေ"

"အေး ကောင်းတယ်. . . သုံးကို မေမေလည်းကြိုက်တယ် . . . ဒီတော့ ခွန်သုံးကို အာမယ်. . . ပေါက်လို့ကတော့ကွာ. . ဟင်း ဟင်း"

တစ်ခါတစ်ရံတော့လည်း သည်လောက်ထိုးနေကြသည်မို့ ပေါက်ကြသည်ထင်ပါသည်။ တစ်အိမ်လုံးမြူးနေတတ်သည်။ မုန့်ဟင်း ခါးရောင်းနေရင်းနှင့်လည်း လာစားသူအချို့အား

"ဒါကြောင့် အစ်မကို ကျွန်မပြောတာပေါ့. . . ခြောက်တစ် လုံးပါကို ပါရမယ်ဆိုတာလေ"

"အစ်ကိုကြီးကလေ. . . အဲဒီဂဏန်းကို အာမှမအာလိုက်ဘဲ . . . နို့မို့ဆို ကျွန်မတို့လိုပဲပေါက်မှာ"

"ဟာ. . ငါတို့က အာတာမကြိုက်ဘူး. . . ထိုးမယ့်ထိုး တစ် ပေါက်တည်းကို အပီအပြင် ဒဲ့ထိုးတာဟ"

"အို. . အဲဒီလိုထိုးတော့ တွတ်တောင်မထိဘူး မဟုတ်လား"

သူမတို့ဆိုင်သို့ လာရောက်စားလေ့စားထရှိသူ ဖောက်သည် အချို့လည်း သူမတို့ကိုမြှောက်ပေးရင်းနှင့် အလကားကျိတ်သွားတတ် ကြ၏။

"မခင်စုတို့များ. . . တော်လိုက်တာဗျာ. . ဘယ်လိုများ တွက်ထိုးလိုက်တာလဲ. . . အင်း. . ပဲကြော်နှစ်ခုထည့်ဗျာ. . အဲ. . ငါးဖယ်လည်း တစ်ခုထည့်. . ဟုတ်ပြီ. . ဒီတစ်ခါ ဂဏန်းလေး ဘာ လေးရရင်လည်း ကျွန်တော်တို့ကိုပေးဦးဗျာနော်. . . အင်း. . ဒါနဲ့ မျိုးစေ့လေးကလည်းရှိရှာတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ပေးမယ် . . ပေးမယ် . . . ဒီလို ဝါသနာချင်းတူလို့ကတော့ မခင်စုတို့က လာထားပဲ . . အင်း . . ဒီနေ့တော့ သုညတစ်လုံးပါရမယ်"

"ဟာ ဟုတ်လား . . . သုညဆိုတော့ ဘဲဥပေါ့ . . . လုပ်ဗျာ ဘဲဥတစ်လုံးပါ ထပ်ထည့် . . အဲ . . ဒီနေ့လည်း ခင်ဗျားတို့ပက်ပက်စက်စက်ကြီးကို ရှုံးပေါက်ကြပါစေဗျာ . . ဟဲ ဟဲ . . မုန့်ဟင်းခါးတော့ ချဲပေါက်ထားတဲ့ မင်္ဂလာအထိမ်းအမှတ်အနေနဲ့ အလကားကျွေးရမယ် ဗျနော"

မခင်ခင်စုက နှုတ်ခမ်းကိုတစ်ချက်စူရင်း ထိုလူအားမျက်စောင်းလှမ်းထိုးသော်လည်း သူမ၏ယောကျ်ားကိုသန်းမောင်ကတော့

"ဟာ ကျွေးရမှာပေါ့ . . . ကိုယ့်ဖောက်သည်တွေပဲ . . စားစား . . ဘဲဥတစ်လုံး ဘာရှိတာမှတ်လို့"

"အို . . ပဲကြော်နှစ်ခုနဲ့ ငါးဖယ်လည်းထည့်ထားသေးတယ်"

"လွန်လှချည်လား . . ရှိစေတော့ . . ရှိစေတော့ . . စားစေဗျား"

သည်မျှသာမက ကိုသန်းမောင်နှင့် မခင်ခင်စုတို့လင်မယား၏ ညအိပ်ရာဝင်စကားတွေကိုလည်း ကြည့်ပါဦး။

"အို . . ဘယ်လိုဖြစ်နေတာလဲ . . . ဟိုနေ့ကပဲ အပူးထိုးပြီးပြီ . . . ဒီနေ့ အပူးထပ်ထိုးဦးမလို့လား"

"မဟုတ်ဘူးကွ . . . တစ်ရက်ခြားလောက်တော့ အပူးထိုးမှ ဖြစ်မယ်"

သည်အသံတွေကြားလို့ ပထမတော့ ကျော်ကျော်ဇင်တစ်ယောက် မျက်မှောင်ကုပ်မိသေးသည်။ နောက်မှတစ်ဖက်အိမ်က လင်မယား ခြင်ထောင်ထဲမှာ ဗလာစာအုပ်တစ်အုပ်နှင့် ချဲတွက်နေခြင်းသာ ဖြစ်ကြောင်းသိရမှ ရယ်မိလေသည်။ ယခုတော့ မခင်ခင်စုတို့လင်မယား ချဲပေါက်ပြန်ပြီထင်သည်။ မခင်ခင်စု ကိုကိုချစ်သီချင်းကို





ဖျက်ဆိုပြီး အူမြူးနေတာပင်ကြည့်တော့။

ထိုအထင်မှန်ကန်ကြောင်း မမစျေးကပြန်လာသောအခါ သိရလေသည်။

"မခင်ခင်စုတို့ မနေ့ကချဲပေါက်တယ် မေမေ . . . အဲဒါ ဒီနေ့ သူတို့မုန့်ဟင်းခါးဆိုင် မထွက်ဘူး . . ဒါကြောင့် လက်ဖက်ရည်ဆိုင်က အကြော်ကွေးနဲ့ လက်ဖက်ရည်ပဲဝယ်လာခဲ့တယ်"

"ဟုတ်လား . . . ဘယ်လောက်ဖိုး ရလိုက်လို့လဲ"

"သေသေချာချာတော့ မသိဘူး . . . များတော့များမယ် ထင်တာပဲ"

ထိုအခိုက်မှာပင် တစ်ဖက်အိမ်က သီချင်းဆိုသံက ဆက်၍ထွက်လာပြန်သည်။

"နည်းနည်းလေးထိုးရင် မကောင်းလို့ . . . များများကြီးထိုးပါဦးလို့ . . . ဒီလုံးထိုးတဲ့ အချစ်ကို တို့ကနာမည်တစ်ခုတော့ ပေးချင်သား . . ကိုကိုချဲရေ . . ကိုကိုချဲရေ"

ကိုသန်းမောင်၏ အူမြူးစွာနှင့်ဆိုလိုက်သော သီချင်းသံကြီးကလည်း ဆက်၍ထွက်လာပြန်သည်။

"နည်းနည်းလေး နောက်ကိုမထိုးဘူး . . . များများကြီး နောက်ကိုထိုးမယ် . . ဒီလိုပက်ပက်စက်စက်ထိုးမယ့် ကိုယ့်ကို နာမည်တစ်ခုတော့ပေးပါလား . . . ကိုကိုထိုးလို့ . . . ကိုကိုထိုးလို့"

ကျော်ကျော်ဇင်တစ်ယောက် ရယ်ချလိုက်ရာ မမနှင့်မေမေပါလိုက်၍ရယ်၏။ သူတို့သားအမိတွေ တစ်ဖက်အိမ်ကို မုဒိတာပွားကြပါသည်။ ယခုကဲ့သို့ မခင်ခင်စုတို့ကြီးပွားလာခြင်းသည် ကုသိုလ်ကံတက်၍ ကြီးပွားလာခြင်းပင်ဖြစ်သည်။ ထို့ကြောင့်သည့်ထက်များများပေါက်ဖို့ ကျော်ကျော်ဇင်ဆုတောင်းပေးပါသည်။ ထိုအခိုက်မှာပင် ကလေးတွေ၏သီချင်းဆိုသံကလေးတွေက ထွက်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ဇင်လည်း မခင်ခင်စုတို့မိသားစုကိုကြည့်ရင်း ဆော့လာသည်။ ထိုအခါ တစ်ခါက မခင်ခင်စု၏မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါး စားရင်း ဆုံခဲ့ရသောကျောင်းဆရာမလေးတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားမိလေသည်။

ထိုနေ့က မနက်ခြောက်နာရီခွဲလောက်ပင်ရှိပေလိမ့်ဦးမည်။ ကျော်ကျော်ဇင်လည်း ညကကွန်ပျူတာတစ်လုံးပြင်ပေးနေရသဖြင့် အိပ်ရာဝင်နောက်ကျသည်။ သို့သော် မနက်ကျတော့ ဗိုက်ဆာသဖြင့် ခပ်စောစောပဲပြန်နိုးလာသည်။ ထို့ကြောင့် မခင်ခင်စု၏မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးသွားစားသည်။ သည်တုန်းမှာပဲ နံနက်ခင်းနှင့်အတူ တင့်တယ်ကျက်သရေရှိနေသည့် ဆရာမငယ်ငယ်ချောချောကလေးတစ်ယောက် မုန့်ဟင်းခါးဆိုင်သို့ရောက်လာပြီး မုန့်ဟင်းခါးဝင်စားသည်။

ယခင်က သူ ဆရာမလေးကို တစ်ခါမျှမမြင်ဖူးခဲ့ပါ။ ဤဆရာမလေးသည် သူတို့ရပ်ကွက်ကတော့ ဟုတ်ပုံမရ။ သို့သော် သူတို့ရပ်ကွက်ထဲက မူလတန်းကျောင်းကလေးတွေထဲက ဆရာမလေးတော့ ဖြစ်ပုံရသည်။ သူတို့ရပ်ကွက်ထဲမှာ မူလတန်းကျောင်းကချည်းပဲ ငါးကျောင်းလောက်ရှိသည်။

"ထိုင်လေ . . ချို . . ဘာနဲ့ စားမလဲ"

"ဘူးသီးကြော်နဲ့ပဲ မမစု"

ဆရာမလေးသည် ဆိုင်မှာစားနေကျဖောက်သည်ဖြစ်ပုံရသည်။ မခင်ခင်စုကတောင် သူမကိုကောင်းစွာသိနေသည်။ မခင်ခင်စုက ဆရာမလေးအတွက် ဘူးသီးကြော်နှင့် မုန့်ဟင်းခါးပြင်ပေးသည်။ ပြီးတော့ ဆရာမလေးကို ပန်းကန်လှမ်းပေး၏။ သို့သော် စားပွဲခုံပေါ်မှာ ပြည့်နေသောပစ္စည်းတွေကြောင့် ဆရာမလေးထံသို့မမီ။

"ကျော်ကျော် . . ပန်းကန်လေးတစ်ချက် လှမ်းပေးလိုက်ပါကွယ်"





ကျော်ကျော်ဇင်ကလည်း မခင်ခင်စုမပြောမီကတည်းက လှမ်းထားပြီးသားပါ။ ဆရာမလေးသည် ကျော်ကျော်ဇင်ကတစ်ဆင့် သူမ၏မုန့်ဟင်းခါးပန်းကန်ကို လှမ်းယူသည်။ ပြီးတော့ သူ့ကိုမသိမသာလေး ပြုံးပြသည်။ ပြုံးသည်ဆိုရုံလေး။ ထိုအပြုံးကလေးကြောင့်ပင် သူ့ရင်ခုန်သံခဏရပ်သွားသည်။

တင့်တယ်သော၊ ကျက်သရေရှိသော မျက်နှာလေးကို သူ မသိမသာခိုးကြည့်မိသည်။ ဆရာမလေးသည် မုန့်ဟင်းခါးစားပြီးသော် ပိုက်ဆံထုတ်ရှင်းပြီး သူမ၏ခြင်းကလေးကို ကောက်ကိုင်သည်။

"သွားလိုက်ဦးမယ် မမစု . . ကျောင်းတောင် နောက်ကျနေပြီ"

"အေး အေး"

ဆရာမလေးသည် သူ့ဘက်သို့ယောင်၍ပင် လှည့်မကြည့်သွား။ သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ အင်းလေ၊ မုန့်ဟင်းခါးပန်းကန်ကို တစ်ဆင့်ယူပေးခဲ့သည့်အတွက် အပြုံးကလေးတစ်ခုလောက်နှင့်ပင် လုံလောက်နေပြီပဲ။ နောက်ထပ်ဘာထူးထူးခြားခြားကျေးဇူးတင်နေရဦးမှာလဲ။ နောက်ပြီး သူမနှင့် သူကရွယ်တူတွေ၊ သူ့စိမ်းတရုံဆံ ယောကျ်ားလေးတစ်ယောက်ဆိုတော့သည့်ထက်ပို၍ မဖြစ်။

နောက်ပိုင်းရက်များတွင် ကျော်ကျော်ဇင်လည်း မနက်စောစော အိပ်ရာကထပြီး မခင်ခင်စုဆိုင်မှာ မုန့်ဟင်းခါးစားရင်းနှင့် ဆရာမလေးကိုစောင့်ကြည့်သည်။ သို့သော် သူနှင့်တစ်ရက်မျှ ထပ်မဆုံတော့။ ဆရာမလေးအကြောင်းစဉ်းစားနေစဉ်မှာပင် ကျော်ကျော်ဇင်၏အစ်မဖြစ်သူ မျိုးမျိုးဇင်က သူ့ကိုလာခေါ်သည်။

"လာ . . ကျော်ကျော် . . မမတို့ စားလိုက်ရအောင်"

ကျော်ကျော်ဇင် မျက်နှာထသစ်ပြီး ထမင်းစားခန်းသို့သွားသည်။ ယနေ့ နံနက်စာက မခင်ခင်စု၏မုန့်ဟင်းခါးမဟုတ်တော့ဘဲ လက်ဖက်ရည်နှင့် အီကြာကွေးသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ကျော်ကျော်. . . နင် ဒီနေ့ဘယ်သွားစရာရှိသေးလဲ"

ကျော်ကျော်ဇင်က ကွန်ပျူတာဟဒ်ဝဲလ်ကို ကျွမ်းသည်။ ကွန်ပျူတာကို တစ်စစီဆင်နိုင်သလို၊ ဝင်းဒိုးတင်ခြင်း အစရှိသည့် ကွန်ပျူတာပိုင်းဆိုင်ရာတွေကိုလည်း ကျွမ်းသည်။ ထို့ကြောင့် ရပ်ကွက်ထဲမှာပင် သူငယ်ချင်းတစ်ယောက်နှင့်စပ်တူ ကွန်ပျူတာဆားဗစ်တစ်ခု ဖွင့်ထားသည်။

"ဆိုင်ကို ဆယ်နာရီလောက်ကျ သွားစရာရှိတယ်. . . ပြီးရင် မြို့ထဲ ခဏသွားရမယ်. . . ပါဝါဆပ်ပလိုင်းတစ်ခုနဲ့ ဟာဒ်ဒစ်တစ်ခု သွားဝယ်စရာရှိတယ်. . . ဘာဖြစ်လို့လဲ မမ"

"နင့်တူ ဖိုးလပြည့်ရဲ့ဆရာမက အိမ်ကအုပ်ထိန်းသူတစ်ယောက်နဲ့တွေ့ချင်လို့တဲ့ မှာလိုက်လို့. . . ငါကလည်း ဒီနေ့ရုံးမတက်လို့ မရဘူးဟ. . . နှစ်ချုပ်စာရင်းကိစ္စက အရေးကြီးနေလို့. . . အဲဒါ ရှစ်နာရီခွဲလောက်ကျရင် နင်ငါ့ကိုယ်စား ဖိုးလပြည့်ရဲ့ဆရာမနဲ့ သွားတွေ့ပေးစမ်းပါ"

"သူ့ဆရာမက ဘာကိစ္စနဲ့လာတွေ့ခိုင်းတာလဲ"

"မသိဘူးဟဲ့. . ငါထင်တယ် ဟိုကောင်ကျောင်းမှာမဟုတ်တရုတ်တစ်ခုခုတော့ လုပ်ခဲ့ပြီထင်တယ်"

ကျော်ကျော်ဇင့်အစ်မမျိုးမျိုးဇင်က ဆယ်တန်းအောင် ကတည်းက အိမ်ထောင်ကျခဲ့ခြင်းဖြစ်ရာ ယခုဆိုလျှင် သားဖြစ်သူ ဖိုးလပြည့်ခေါ် လမင်းဇော်ပင်လျှင် ငါးနှစ်ရောက်၍ ကျောင်းစနေလေပြီ။ ခင်ပွန်းဖြစ်သူကိုတင်မောင်လွင်ကတော့ နယ်မှာအလုပ်သွားလုပ်နေပြီးခွင့်ရမှပြန်ပြန်လာသည်။

မေမေကလည်းမြေးဦးမို့၊ မမတို့ကလည်းသားဦးမို့ ဖိုးလပြည့်ကို ရေရေလည်လည်အလိုလိုက်ထားရာ ဖိုးလပြည့်က နည်းနည်း





ဆိုးချင်သည်။ သည်တော့ မမပြောသလိုပင် ဖိုးလပြည့်တစ်ယောက် ကျောင်းမှာမဟုတ်တရုတ်တစ်ခုခုတော့ လုပ်ခဲ့ပြီထင်သည်။

"ဟာ. . သူ့ကျောင်းကိုတော့ ကျွန်တော်မသွားချင်ဘူးဗျာ. . . မမ မသွားချင်လည်း မေမေ့ကိုသွားခိုင်း"

"ဟဲ့. . မေမေက ဘယ်တုန်းကလမ်းထွက်ဖူးလို့လဲ. . . မျက်စိကလည်း အရမ်းမှုန်တာမဟုတ်လား. . လုပ်ပါဟယ်. . . နင်ပဲ ငါ့ကိုယ်စားကျောင်းကိုသွားပေးစမ်းပါ. . . ဆရာမပြောတာ အလိုက်အထိုက်ကြည့်ပြောပေါ့. . . နင် ပြောတတ်ပါတယ်. . . ရည်းစားတောင် ထားတတ်နေပြီပဲ"

"မမ မှားသွားပြီ. . . အခက်ဆုံးပညာက ရည်းစားထားတဲ့ပညာဗျ. . . အဲဒါကို ကျွန်တော်မတတ်လို့ အခုထိကျွန်တော် တစ်ကောင်ကြွက်ဖြစ်နေတာ ကြည့်. . . ကဲပါဗျာ. . . ကျွန်တော်ပဲ သွားပေးပါ့မယ်"

နံနက်စာ စားသောက်ပြီး ခဏနားသည်။ ပြီးတော့ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဖိုးလပြည့်၏ကျောင်းသို့ ဆိုက်ကားနှင့်ပင် သွားလိုက်၏။ ဆိုက်ကားဆရာက ကိုဖိုးထောင်။

"မင်းတို့ကောင် ကျော်စွာမြင့်တစ်ယောက်. . ဟိုတစ်နေ့က ပြဿနာတက်တာ မင်းတို့သိလား"

"ဟား ဟား. . ! ဒီကောင် အတော်ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတယ်ပြောတာပဲ. . ပုဆိုးပါကျွတ်သွားတော့ ပိုဆိုးတာပေါ့"

"သူ့ဆိုက်ကား အဲဒီလိုပြဿနာတက်နေတုန်း. . . မင်းတို့ကို ဗော်ပြီး အကူအညီတောင်းသွားသေးတယ်ဆို"

"အော်တော့ ပြောသွားပေမယ့်. . . သူပြန်လာခဲ့မယ်လို့ ထင် လိုက်တာ"

သူတို့နှစ်ယောက် ရယ်လိုက်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်လည်း ဘာကြောင်မှန်းမသိပါဘူးကွာ. . . ကောင်မလေးတစ်ယောက်အတွက်နဲ့ ဆိုက်ကားဝင်နင်းလိုနင်း. . . နောက်ဆို ရေပါထမ်းဦးမလားမသိဘူး"

"ဟုတ်ပ့ါ ကိုဖိုးထောင်ရာ. . ဒီခေတ်မှာ ပပဝတီနဲ့ မင်းကုသဇာတ်လမ်းမျိုး သူမို့စဉ်းစားတယ်"

"အဲဒါ ခက်တာပေ့ါကွာ. . . မိန်းမဆိုတာ ကိုယ်ကလုပ်ကျွေးရမှာ. . . ဘာမှ ကြောက်နေစရာမလိုဘူး. . . ကြိုက်ရင် ကြိုက်တယ် . . . ချစ်ရင် ချစ်တယ်. . တစ်ခါတည်း ပြောင်ဖွင့်ပြော. . . ငါ့တုန်းကလည်း မအေးကို အရက်လေးနည်းနည်းသောက်ပြီး ဖွင့်ပြောလိုက်တာ. . . ဟား ဟား. . တစ်ခါတည်းကို အဖြေရလိုက်တာပဲ"

စကားပြောရင်းနှင့် ဖိုးလပြည့်၏ကျောင်းသို့ ရောက်သွားသည်။ ကိုဖိုးထောင်ကို စောင့်ခိုင်းမနေတော့ဘဲ ဆိုက်ကားခပေးပြီး ပြန်လွှတ်လိုက်ကာ သူကျောင်းထဲဝင်ခဲ့သည်။ ဖိုးလပြည့်၏အခန်းကဘယ်အခန်းမှန်းမသိသဖြင့် မေးရသေးသည်။ သို့နှင့်ပင် ဖိုးလပြည့်၏အခန်းရှေ့သို့ရောက်သွား၏။ စာသင်ခန်းထဲမှာ ဆရာမလေးတစ်ယောက် စာသင်နေသည်။

သူ အခန်းဝတွင်ရပ်လိုက်သောအခါ ဆရာမလေးက စာသင်နေရာမှ သူ့ကိုလှမ်းကြည့်သည်။ မခင်ခင်စု မုန့်ဟင်းခါးဆိုင်မှာ ဆုံခဲ့ဖူးသည့်ဆရာမလေး။

"ဒါ. . သူငယ်တန်း ဘီလား ဆရာမ"

"ဩော်. . ဟုတ်ပါတယ်"

ဆရာမလေးက သူ့ကိုမှတ်မိပုံမရသော်လည်း သူကတော့ ကောင်းစွာမှတ်မိသည်။ ချက်ချင်းပင် ရင်တွေတဒိတ်ဒိတ်ခုန်လာလေသည်။

"ကျွန်တော်ဖိုးလပြည့်ရဲ့ဦးလေးပါ ဆရာမ. . . ဆရာမတွေ့





ချင်တယ်ဆိုလို့"

"ဩော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . လာပါ . . . အထဲကိုလာပါ"

ဆရာမလေးသည် ခရီးဦးကြိုပြုပြီး သူ့ကိုနေရာထိုင်ခင်းပေးလေသည်။ ပြီးမှ အသံခပ်တိုးတိုးလေးနှင့်ပြော၏။

"ကျွန်မ လမင်းဇော်ရဲ့ အတန်းပိုင်ဆရာမပါ. . . ရော့. . . ဒါက သူ့ရဲ့ရီပို့ကဒ်ပါ"

ဆရာမလေးက သူမကိုယ်သူမမိတ်ဆက်ရင်း ဖိုးလပြည့်၏ ရီပို့ကဒ်ကိုလှမ်းပေးသည်။ ကျော်ကျော်ဇင်လည်း ရီပို့ကဒ်ကိုဖွင့်လိုက်သည်။

"ဟာ. . ဒီကောင် ဘာသာစုံကျနေပါလား ဆရာမ. . . ကြည့်ပါဦး. . . အမှတ်တွေကလည်း စုတ်ပြတ်သပ်နေတာပဲ"

"ဟုတ်တယ်. . . ဒါကြောင့် ကျွန်မသူ့အိမ်က အုပ်ထိန်းသူကိုခေါ်လိုက်တာ. . . ဒီအတိုင်း အဲဒီရီပို့ကဒ်ကို သူနဲ့ထည့်ပေးလိုက်ရင်ရပေမယ့် ကလေးရဲ့ပကတိအခြေအနေကိုလည်း ပြောချင်လို့. . . နောက်ပြီး မိဘဆရာပူးပေါင်း. . . ကလေးပညာကောင်းတဲ့. . . သိတယ်မဟုတ်လား"

"အဲဒီလို ပူးပေါင်းဖို့ကိုတော့ ကျွန်တော်ကလည်းစိတ်ဝင်စားပါတယ် ဆရာမ"

ကျော်ကျော်ဇင်၏စကားကြောင့် ဆရာမလေး၏မျက်နှာလေး မသိမသာရဲသွား၏။

"လမင်းဇော်ကို ကျူရှင်ပေးသလားဟင်"

"ကျူရှင်တော့ မပေးဖြစ်ပါဘူး. . . ဒါပေမဲ့ အခုအတိုင်းဆိုရင်တော့ သူ့ကိုကျူရှင်ပေးဖို့ လိုလာပြီထင်ပါတယ်"

"တကယ်ကတော့လေ. . . ကျူရှင်ပေးဖို့ဆိုတာ ပုံမှန်အချိ



www.burmeseclassic.com

www.burmeseclassic.com



အနေမျိုးမှာဆိုမလိုပါဘူး. . . ကျွန်မတို့ဆရာမတွေကလည်း ကလေးတွေနားလည်သဘောပေါက်အောင် သင်တယ်. . . ပြီးတော့ အိမ်စာလေ့ကျင့်ခန်းတွေလည်းပေးတယ်. . . ကလေးတွေအနေနဲ့ သင်တာကို သေသေချာချာနားထောင်သင်ယူမယ်. . . အိမ်စာတွေကိုလည်း မှန်မှန်လုပ်မယ်ဆိုရင် လုံလောက်နေပါပြီ. . . ခုတော့ လမင်းဇော်က အိမ်စာတွေလုပ်လာတာ သိပ်မတွေ့ရဘူး. . . နောက်ပြီး လမင်းဇော်ဟာ ကျောင်းမှာအိပ်ငိုက်ငိုက်နေတာ တွေ့ရတယ်. . . သူ ညဘက်ကို စောစောမအိပ်ဘူးလားဟင်"

ကျော်ကျော်ဇင် စိတ်တိုသွား၏။ ကြည့်ပါဦး။ သူ့တူတော်မောင်လုပ်ပုံတွေ၊ အိမ်စာတွေကိုလည်း မလုပ်ပါတဲ့။ ကျောင်းမှာလည်း အိပ်ငိုက်နေတတ်ပါသည်တဲ့။

"ဟာ. . ဒီကောင် အတော်ဆိုးတဲ့ကောင်ပဲ. . အိမ်ကျမှ ကျွန်တော်သူ့ကို ကောင်းကောင်းဗျင်းပေးလိုက်ပါ့မယ် ဆရာမ. . သူ့အမေကိုလည်း ဗျင်းခိုင်းလိုက်ပါ့မယ်"

"အို. . ကျွန်မဆိုလိုတာက အဲဒီလိုဗျင်းဖို့မဟုတ်ပါဘူး. . . အဲ. . အဲဒီလို ရိုက်ဖို့မလိုပါဘူး. . . သူ့ကို ကြပ်ကြပ်မတ်မတ်လေးသာ ထိန်းကျောင်းပေးဖို့ပါ. . . သူအိပ်ငိုက်နေတာနဲ့ပတ်သက်ပြီး ရယ်စရာပြောရဦးမယ်. . . ဟိုတလောက ကျွန်မအင်္ဂလိပ်စာသင်ရင်း သူငယ်ချင်း Friend ဆိုတဲ့စကားလုံးအသစ်ကို သင်တယ်. . . အဲဒီအချိန်မှာ သူအိပ်ငိုက်နေတယ် သိလား. . . ဒါနဲ့ ကျွန်မလည်းစိတ်နည်းနည်းတိုသွားပြီး သူ့ကိုမတ်တပ်ရပ်ခိုင်းလိုက်တယ်. . . ပြီးတော့ ကျွန်မက လမင်းဇော်. . သူငယ်ချင်းကို ဘယ်လိုခေါ်သလဲလို့ မေးလိုက်တော့ သူကအိပ်မှုန်စုံဖွားနဲ့. . ဟာ. . ဆရာမကလည်း ဒါများလွယ်လွယ်လေးပဲ. . . သူငယ်ချင်းကို ဟေ့ကောင်လာဦး. . လို့ခေါ်လိုက်မှာပေါ့လို့ ဖြေတယ်. . ခစ် ခစ်"





ဆရာမလေးက ရယ်လိုက်ရာ သူလည်းလိုက်ရယ်လိုက်မိသည်။

"ကဲ ဟုတ်ပါပြီ . . . အခုဆို လမင်းဇော်ရဲ့အတန်းထဲက အခြေအနေမှန်ကို အုပ်ထိန်းသူတွေဘက်က သိရပြီဆိုတော့ . . . ကျွန်မပြောတာလေးတွေ သတိထားပြီးပြုပြင်ပေးဖို့ပါပဲ"

"ဟုတ်ကဲ့ပါ ဆရာမ . . . ကျွန်တော်တို့ဘက်ကလည်း အတတ်နိုင်ဆုံး ဖိဖိစီးစီးလုပ်ပေးပါ့မယ်. . . ဆရာမကလည်း သူ မသိမှာရင် ရိုက်နှက်ဆုံးမပေးပါ. . . ကျွန်တော်တို့ စိတ်မဆိုးပါဘူး"

"ဟုတ်ကဲ့"

"ဒီလိုဆိုရင်တော့ ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး ဆရာမ"

ဆရာမလေးကပြုံး၍ ခေါင်းညိတ်သည်။ ကျော်ကျော်ဇင်လည်း ကျောင်းအပြင်ရောက်မှ ကျောင်းကိုတစ်ခါပြန်ကြည့်မိသည်။ ရင်တွေက တဆတ်ဆတ်ခုန်နေဆဲ။ သည်တော့မှ သူ့ကိုယ်သူသိလိုက်သည်။ သူ ဆရာမလေးကို စိတ်ဝင်စားနေလေပြီ။ ချစ်မိသွားလေပြီ။ ကျော်ကျော်ဇင်သည် လမ်းမှာတွေ့သော ဆိုက်ကားတစ်စီးကိုငှားစီးပြီး သူ၏ကွန်ပျူတာဆားဗစ်ရှိရာသို့သွားသည်။

ထိုအခါ ဆုံဆည်းရာကဖီးရှေ့မှ ဖြတ်သွားရသောကြောင့် လက်ဖက်ရည်ဆိုင်ထဲကိုကြည့်လိုက်ပါ၏။ သူနှင့်ဆိုက်ဘာ ကွန်ပျူတာဆားဗစ်ကို စပ်တူဖွင့်ထားသည့် ကိုဖြိုးက ဆိုင်ထဲမှာရောက်နေသည်။ သည်တော့ သူလည်းဆိုက်ကားခပေးပြီး ကိုဖြိုးထံဝင်လိုက်၏။

ကိုဖြိုးသည် ကျော်ကျော်ဇင်ထက် သုံးနှစ်လောက်အသက်ကြီးပြီး အိန္ဒိယလူမျိုး၊ ဟိန္ဒူဘာသာဝင်တစ်ဦးလည်းဖြစ်ပါသည်။ မနေ့က ညနေက ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မကွေးတိုင်းနှင့်ပဲခူးတိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ကိုဖြိုးက ဘောလုံးအလွန်ဝါသနာပါသဖြင့် သွားကြည့်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲဆိုင်မှာလည်း ကွန်ပျူတာပြင်စရာတွေက အရမ်းကျနေသဖြင့် ကျော်ကျော်ဇင်က သူ့ကိုဘောလုံးပွဲမသွားဖို့ပြောသည်။

နောက်ဆုံးတော့ ဘယ်လိုမှပြောမရသည်နှင့် သူ့ကိုလွှတ်လိုက်ပြီး ကျော်ကျော်ဇင်တစ်ယောက်တည်းသာ ကွန်ပျူတာတွေနှင့် အလုပ်ရှုပ်ပြီး ကျန်ရစ်ခဲ့သည်။ ကိုဖြိုးရှေ့မှာ သူဝင်ထိုင်လိုက်သောအခါ ကိုဖြိုးက လက်ဖက်ရည်လှမ်းမှာပေးသည်။

"ဟေ့ကောင်. . ညနေက မင်းအဆင်ပြေတယ်မဟုတ်လား . . . ငါလည်း မင်းအားနာတယ်ကွာ. . အင်း. . ဘောလုံးပွဲကလည်း ပွဲကြီးပွဲကောင်းပဲ"

"လုပ်စမ်းပါဦး. . . ဘယ်ဘက်က နိုင်သွားလဲ"

"ပဲခူးနိုင်သွားတယ်ကွ . . . သိပ်ကောင်းတာပဲကွာ. . ပရိမီယားလိဂ်ကြည့်နေရတဲ့အတိုင်းပဲ. . . ပထမပိုင်းမှာ တစ်ဖက်နဲ့တစ်ဖက်တစ်ဂိုးစီကွ. . . ဒုတိယပိုင်းမှာ တစ်လုံးစီထပ်သွင်းကြလို့ နှစ်ဂိုးစီ သရေဖြစ်နေတယ်. . . အဲဒီတော့ အချိန်ပိုကန်ကြပြန်ရော. . . အဲဒီမှာလည်း ဂိုးထပ်မသွင်းနိုင်လို့ ပင်နယ်တီအဆုံးအဖြတ်ကန်ရတော့တယ်"

ကျော်ကျော်ဇင်ကလည်း နဂိုကတည်းက ဘောလုံးပွဲဝါသနာပါသူဖြစ်သဖြင့် ကိုဖြိုး၏စကားကို နားထောင်နေမိသလို အနားရောက်လာသည့်စားပွဲထိုးချာတိတ်လေးကလည်း စိတ်ဝင်စားစွာဖြင့် အနားမှာရပ်၍ နားထောင်သည်။

"ဒါနဲ့ပဲ ပင်နယ်တီကန်ကြရောဆိုပါတော့ကွာ. . . မကွေးဂိုးသမားက စဖမ်းတယ်. . . ပဲခူးဘက်ကကန်တယ် မဝင်ဘူး. . . အဲ . . ပဲခူးဂိုးသမားဖမ်းအလှည့်မှာ မကွေးဘက်ကကန်ပြန်ရော . . . မဝင်ဘူး"

ကိုဖြိုးသည် ရေနွေးကြမ်းတစ်ငုံငုံပြီး အားရပါးရဆက်ပြော





ပြန်သည်။

"ဒီတစ်ခါတော့ မကွေးဂိုးသမားဖမ်းအလှည့်. . . ပဲခူးက ကန်တယ်. . . ဒီတစ်ခါတော့ ဂိုးတယ်. . . ပဲခူးပြီးတော့ မကွေးကန်အလှည့်. . . ပဲခူးဂိုးသမားက ဖမ်းတယ်. . . မကွေးက ကန်တယ်. . အဲဒီအလုံးဂိုးသွားလို့ ဂိုးအရေအတွက်ချင်းတူသွားပြန်ရော. . . ဒီတစ်ခါတော့ မကွေးဂိုးသမားကဖမ်းတယ်. . ပဲခူးက ပြေးကန်တယ်. . အဲဒါကို မဂိုးငွေးသမားက ဒိုက်ဗင်ပစ်ပြီးဖမ်းပေမယ့် မမီတော့ဘူး. . ဝင်သွားတယ်"

ကျော်ကျော်ဇင် မျက်မှောင်ကုပ်ရင်းပြန်မေးသည်။

"မဂိုးငွေးသမား ဟုတ်လား. . . အဆန်းပါလား"

စားပွဲထိုးချာတိတ်ကလေးကလည်း ထိုအခါမှရယ်၏။ ကိုဖြိုးသည် ထိုအခါဘာမှသိဘာမသိဖြင့် ပြန်မေးသည်။

"ဘာကွ. . ဘာဖြစ်တာလဲ"

"သြော်. . အဲဒီပြည်နယ်လည်း မကြားဖူးလို့. . . နောက်ပြီး ငွေးသမားဆိုတာ ဘာလဲဆိုတာလဲမသိလို့"

"ငါက ဘယ်လိုပြောလိုက်လို့လဲ"

"ကိုယ်ပြောတာ ကိုယ်မေ့သွားပြီလား. . . မဂိုးငွေးသမားဆိုတာလေ"

"ဟေ"

ကိုဖြိုး၏မျက်နှာကြီးသည် ထိုအခါမှစပ်ဖြဲဖြဲဖြစ်လေသည်။

"လျှာလိပ်သွားလို့ပါကွာ. . . မင်းကလည်း"

စားပွဲထိုးချာတိတ်ကလေး တခြားဝိုင်းကိုရောက်သွားမှ ကျော်ကျော်ဇင်လည်း ကောက်ခါငင်ခါမေးလိုက်မိသည်။

"မိန်းမတစ်ယောက်ကို တစ်ခါနှစ်ခါစတွေ့လိုက်ရတာနဲ့. . ချစ်မိသွားတယ်ဆိုတာ ဖြစ်နိုင်လား ကိုဖြိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . ဘယ့်နှယ်က ဘယ့်နှယ်. . ဘောလုံးပွဲကနေ လိုင်းပြောင်းသွားတာပါလိမ့်. . နေဦးကွ. . ငါ့ ဘောလုံးပွဲကမပြီးသေးဘူး"

"ထားလိုက်စမ်းပါဗျာ. . ခင်ဗျား ဘောလုံးပွဲ. . စောစောက ကျွန်တော်မေးတာပဲဖြေစမ်းပါ"

ထိုအခါမှ ကိုဖြိုးက စဉ်းစဉ်းစားစားနှင့်ဖြေလေသည်။

"ဖြစ်နိုင်တာပေါ့ကွာ. . . ငါနဲ့ ငါ့မိန်းမဇလေခါဘီဘီဆိုရင် . . မင်းပြောသလိုပဲ. . တစ်ခါကလေးတွေ့လိုက်တာနဲ့ တစ်ခါတည်း ချစ်သွားတာပဲ"

"တယ်ဟုတ်ပါလားဗျ. . . ဒါနဲ့ ခင်ဗျားမိန်းမကို မြင်မြင်ချင်း ချစ်လိုက်မိတာဆိုတော့. . ဘာကိုစတွေ့ပြီး ချစ်သွားတာလဲ"

"သွားကွ. . သွား. . . ဒီကမ္ဘာမှာ တို့အိန္ဒိယလူမျိုးတွေဟာ အသားအမည်းဆုံးမဟုတ်လား"

"ကျွန်တော့်အထင်တော့ ကပ္ပလီတွေက ပိုမည်းတယ်ထင်တယ်"

"စကားကပ်မပြောစမ်းပါနဲ့ကွာ. . . အဲဒီလို အသားမတရားမည်းပေမယ့် သွားအကောင်းဆုံးလူမျိုးကို ပြပါဆိုရင်လည်း. . တို့အိန္ဒိယလူမျိုးကိုပဲ ပြရလိမ့်မယ်. . . အဲဒီတော့ စောစောက ငါ့စကားကိုပြန်ဆက်ရရင် ငါ့မိန်းမဇလေခါဘီဘီဟာ သွားသိပ်လှတဲ့ အမျိုးသမီးကွ. . . သူ့သွားလေးတွေရဲ့ လှပုံထူးချက်ကို မင်းမျက်စိထဲမြင်အောင် ဥပမာပြရမယ်ဆိုရင်. . . ပြောင်းဖူးပေါက်ပေါက်ဆုပ်လေးတွေ မောင်းရင်မြင်ဖူးတယ်မဟုတ်လား"

"အင်း"

"အဲဒီအတိုင်းပဲ"

"နှိုင်းစရာရှားလို့ဗျာ. . ပုလဲလုံးလေးတွေ. . ကြွေမစေ့လေးတွေ ဘာတွေနဲ့ နှိုင်းစမ်းပါ"





"ဟာ. . ငါက ငယ်ငယ်ကတည်းက ပြောင်းဖူးပေါက်ပေါက်ဆုပ် သိပ်ကြိုက်တဲ့ကောင်ကွ. . . ငါ့မိန်းမရဲ့သွားကလေးတွေ မြင်လိုက်ရရင် မင်းတောင်ပြောင်းဖူးပေါက်ပေါက် ချက်ချင်းစားချင်လာလိမ့်မယ်. . . ဒါနဲ့ နေပါဦး. . . ဒါတွေ မင်းမေးပုံထောက်ရင် တစ်ယောက်ယောက်ကို မင်းကြိုက်လာပြီထင်တယ်"

"ဟုတ်တယ်ဗျ. . . ကျွန်တော် ဆရာမလေးတစ်ယောက်ကို ကြိုက်နေပြီ"

"ဟေ. . ဆရာမ ဟုတ်လား. . . ငါလည်း ဆရာမတစ်ယောက်ကို ကြိုက်ခဲ့ဖူးတယ်ကွ. . ဟဲ ဟဲ. . ဒါပေမဲ့. . တကယ်တော့ မင်း. . ဆရာမဆိုတာကို မကြိုက်သင့်ဘူး. . . ဘာဖြစ်လို့လဲဆိုတော့ သိပ်ဇီဇာကြောင်တာကွ. . . အဲဒီဆရာမနဲ့ မင်းအိမ်ထောင်ကျပြီဆိုတာနဲ့ ညအိပ်ရာဝင်ခါနီးတိုင်း ခြေဆေး၊ လက်ဆေး၊ သွားတိုက်ခိုင်းတာနဲ့ . . . ခြေသည်းလက်သည်းမှန်မှန်ညှပ်ရတာနဲ့. . . နောက်ပြီး မတော်တဆထိခိုက်ဒဏ်ရာရလာပြန်ရင်လည်း. . အနာပေါ် အရက်ပြန်တွေ ရက်ရက်စက်စက်. . ပက်ပက်စက်စက် လောင်းပြပါလိမ့်မယ်"

"ဟာ. . ကိုဖြိုးကလည်း. . . ကျွန်တော်ကြိုက်နေတာ သူနာပြုဆရာမမဟုတ်ဘူးဗျ. . . ကျောင်းဆရာမ. . ကလေးတွေကို စာပြတဲ့ဆရာမ. . သိပြီလား"

"ဒါဆိုလည်း ပိုတောင်ဆိုးပါသေးသကော မောင်ရင်ရာ. . ငါ သူနာပြုဆရာမနဲ့ မကြိုက်ခင် ကျောင်းဆရာမတစ်ယောက်နဲ့ ကြိုက် ဖူးသေးတယ်. . ဟဲ ဟဲ. . မင်းကွာ. . ကျောင်းဆရာမနဲ့ အိမ်ထောင် ကျလို့ကတော့ မင်းကိုကောင်းကောင်းစာသင်လိမ့်ဦးမှာ. . သုံးဆယ့် ရှစ်ဖြာ မင်္ဂလာတို့. . မင်္ဂလာကဗျာတို့ ကျက်ခိုင်းမှာ"

"ကျက်ခိုင်းလည်း ကျက်ခိုင်းပေစေပေါ့ဗျာ. . . ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အဲဒါတွေမရသေးတာနဲ့ အတော်ပဲ"

"အင်း. . ဒီကောင်တော့ ကြောင်သွားရှာပြီ. . . ဒါနဲ့ ပြောစမ်းပါဦး. . မင်းဆရာမလေးအကြောင်းကို"

"အခုလောလောဆယ်တော့ ဘာမှမဟုတ်သေးပါဘူးဗျာ. . သူနာမည်တောင် အပြည့်အစုံမသိရသေးပါဘူး"

"မင်းအခြေအနေက အတော်ကောင်းနေပြီပဲကွ. . . ဆက်လုပ် ကိုယ့်လူ. . ကဲ. . တို့တွေ အလုပ်တွေရှိသေးတယ်. . . သွားလုပ်ကြရအောင်"

ကိုဖြိုးနှင့် ကျော်ကျော်ဇင်လည်း လက်ဖက်ရည်ဖိုးရှင်းပြီး ဆိုင်မှထွက်ခဲ့ကြသည်။ မနက်ဆယ်နာရီနေသည် ထန်းတစ်ဖျားအမြင့်သို့ပင် ရောက်နေလေပြီ။





## ဟာစ်ပ်ပေါ၊ ရှောင်နှင့် မိန်းမ

သည်ရပ်ကွက်ထဲမှာ လက်ဖက်ရည်ဆိုင်တွေအတော်များများရှိသော်လည်း ဆုံဆည်းရာလက်ဖက်ရည်ဆိုင်ကိုတော့ လူငယ်အတော်များများက နှစ်သက်ကြသည်။ ထိုသို့နှစ်သက်ကြသည့်အကြောင်းမှာ လက်ဖက်ရည်ကောင်းလွန်းသောကြောင့်၊ စားသောက်ဖွယ်ရာတွေ ကောင်းလွန်းသောကြောင့်မဟုတ်ဘဲ နေရာထိုင်ခင်းကောင်းလွန်းခြင်း (တစ်နည်းအားဖြင့်) မြင်ကွင်းကောင်းလွန်းခြင်းနှင့် သီချင်းနားထောင်ရန် သင့်တင့်သောတိတ်ဆိတ်ငြိမ်သက်မှုရှိခြင်းတို့ကြောင့်ဖြစ်သည်။

သို့သော် အချို့သောလူကြီး၊ လူရွယ်တွေကလည်း ဆုံဆည်းရာကို နှစ်သက်သဘောကျသည့်အကြောင်းမှာ မီးပြတ်နေချိန်၌ လုံးဝတိတ်ဆိတ်နေသောကြောင့် စကားပြောရုံသက်သက်ဖြင့် ဆုံဆည်းရာကို နှစ်ခြိုက်ကြသည်။ မည်သည့်မီးပြတ်နေချိန်တွင်မဆို ဆုံဆည်းရာမှာ လူငယ်တွေနည်းပါးနေတတ်ကြသည်။

တစ်ခုသောတနင်္ဂနွေနေ့ နေ့လယ်တွင် ကျော်စွာမြင့်နှင့် ကျော်ကျော်ဇင်တို့သူငယ်ချင်းနှစ်ယောက်သည် ဆုံဆည်းရာသို့သွား၍ လက်ဖက်ရည်သောက်ကြ၏။ ထိုအချိန်တွင် လက်ဖက်ရည်ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မီးပြတ်နေ၏။ ဆိုင်ထဲမှာ လူငယ်ဝိုင်းတစ်ဝိုင်းနှင့် ဦးချမ်းသာတို့ဝိုင်း တစ်ဝိုင်းမှအပ လူရှင်းနေ၏။

လူငယ်ဝိုင်းမှာ လူငယ်ရှစ်ယောက်လောက် ဝိုင်းထိုင်နေပြီး အငြင်းအခုန်တစ်ခု ကြီးကြီးကျယ်ကျယ်ဖြစ်လျက်ရှိသည်။

"အခုဆို တစ်ကမ္ဘာလုံးဟစ်ပ်ဟော့မှ ဟစ်ပ်ဟော့ဖြစ်နေပြီ . . . အဲဒီကိစ္စကို မင်းတို့ဘာပြောကြဦးမလဲ"

"တကယ်တော့ ဟစ်ပ်ဟော့ဆိုတာ ကလေးတွေရဲ့ဂီတပါကွာ. . . ရော့ခ်ဂီတကမှ လူသားအားလုံးရဲ့ဂီတ"

"ဟား ဟား. . ရယ်စရာပဲ ကောင်းသေးတော့တယ်ကွာ. . ဘာ. . ဟစ်ပ်ဟော့ဟာ ကလေးတွေရဲ့ဂီတ ဟုတ်လား. . ငါတို့သိသလောက်ကတော့ ဟစ်ပ်ဟော့ပညာရှင်တွေဟာ အများအားဖြင့်တော့ ကလေးတွေမဟုတ်ကြဘူးကွ. . . မင်းတို့ရော့ခ်သမားတွေသာ ရှေးခေတ်ဂီတသမားတွေ. . . သမိုင်းစာအုပ်ထဲမှာ ကျန်ခဲ့ပြီ"

"ဘာ မယ်လိုဒီမှမရှိ၊ သီချင်းတစ်ပုဒ်လုံးမှာ စကားပြောတွေသာ လျှောက်ရွတ်နေတာကိုများ. . မင်းတို့က ဂီတလို့သတ်မှတ်ချင်သေးတယ်. . . တီးလုံးကလည်းကွာ. . ဒီတစ်မျိုးတည်းပဲ တီးတတ်ကြတယ်ထင်တယ်. . . ဘာမှ အတုယူစရာ. . စိတ်ဝင်စားစရာမပါဘူး"

ကျော်စွာမြင့်နှင့် ကျော်ကျော်ဇင်လည်း စားပွဲခုံတစ်လုံးမှာ အသာဝင်ထိုင်ပြီး လက်ဖက်ရည်မှာလိုက်၏။ ငြင်းခုန်ပွဲကား ပိုပြင်းထန်လာသည်။

"ငါပြောရဲတယ်ကွာ. . သိပ်မကြာခင်မှာ မင်းတို့ဟစ်ပ်ဟော့ဟာ လူတွေရဲ့ငြီးငွေ့မှုကို ခံလာရပြီး တိမ်မြုပ်သွားလိမ့်မယ်"

"အေး. . တို့ဟစ်ပ်ဟော့က တိမ်မြုပ်ရင်တော့ တိမ်မြုပ်သွားမယ်. . ဒါပေမဲ့ မင်းတို့ရော့ခ်ဂီတလိုတော့ လုံးဝပျောက်ကွယ်သွားမှာမဟုတ်ဘူး"





"ဟား ဟား. . . ရော့ခ်ဂီတကိုများ လုံးဝပျောက်ကွယ်သွားတယ် ထင်သလား. . . ဒီကမ္ဘာမှာ ဘယ်တော့မှမသေတဲ့ဂီတဟာ ရော့ခ်ဂီတပဲ"

ကျော်စွာမြင့်သည် ထိုဝိုင်းကိုတစ်ချက်လှမ်းကြည့်ပြီး ပြုံးလိုက်၏။

"ဒီပြဿနာကို မင်းနဲ့ငါ ဆက်ပြီးငြင်းရင်ကောင်းမလား. . ကျော်ကျော်ဇင်"

"တော်ပါကွာ. . ငါက ဂီတကို လုံးဝဝါသနာမပါဘူး. . . ငြင်းပါရစေနဲ့"

ထိုအခိုက်မှာပင် ဦးချမ်းသာ၏အသံဝဲဝဲကြီးက ထွက်လာ၏။

"ငါ့တူတို့ကို မေးစမ်းပါရစေ. . . တို့မြန်မာပြည်က ကိစ္စကို ပြောရအောင်ကွာနော်. . . တို့မြန်မာပြည်မှာ အခုဘယ်ဂီတအမျိုးအစားက အထွန်းကားဆုံး. . လူကြိုက်အများဆုံးဖြစ်နေသလဲ ပြောပါဦး"

ဦးချမ်းသာသည် ဒေါ်မိုး၏ခင်ပွန်းဖြစ်ပြီး သည်ရပ်ကွက်ထဲမှာ လူသိများထင်ရှားသူဖြစ်သည်။ သူ့ကိုလူငယ်တချို့ကတော့ ဦးပါရာစီတမော့ဟု သူ့ကွယ်ရာမှာခေါ်ကြသည်။ နေရာတကာမှာ ပါတတ်၍လည်းကောင်း၊ ပုဆိုးအသစ်များဝတ်ပြီဆိုလျှင် မော့တော့မော့တော့ ဖြစ်နေတတ်၍လည်းကောင်း၊ ရပ်ကွက်အတွင်း စီခနဲရန်ဖြစ်ပြီဆိုသည်နှင့် သူအမြန်ဆုံးရောက်သွားပြီး ဖျန်ဖြေတတ်၍လည်းကောင်းကြောင့်ဖြစ်သည်။ သို့သော် သူသည်ရိုးသားသူဖြစ်သဖြင့် သူချစ်လူခင်တော့ ပေါများ၏။ အသက်ကတော့ ငါးဆယ်လောက်ရှိနေလေပြီ။

"ဟစ်ပ်ဟော့ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ ဟုတ်ရမှာလဲ...ရော့ခ်ဗျ"

တစ်ယောက်တစ်ပေါက်ဖြေလိုက်ကြသော လူငယ်တွေကို ကြည့်ပြီး ဦးချမ်းသာကပြုံးလေသည်။ ကျော်စွာမြင့်နှင့် ကျော်ကျော်ဇင်လည်း ဦးချမ်းသာမည်သို့ဖြေလေမည်နည်းဟု နားစွင့်နေမိသည်။

"မဟုတ်ဘူးကွ...မင်းတို့နှစ်ယောက်စလုံး မှားတယ်... ဒဟာဟိုမှာကြည့်စမ်း"

ဦးချမ်းသာညွှန်ပြရာသို့ ကြည့်လိုက်ကြသောအခါ ဆံဆည်းရာကဖီး၏ ဘေးအိမ်မှအသက်အစိတ်ခန့်ရှိသော သားသည်မိခင်တစ်ယောက်သည် သူမ၏သားငယ်အား သီချင်းတစ်ပုဒ်ဖြင့် ချော့သိပ်ဖို့ဘာ့ုးစားနေသည်ကိုတွေ့လိုက်ရသည်။

"အိုး..အိုး..အိပ်ပါ မေမေ့သားလေးရယ်...အိုး အိုး..သံသရာဆွဲဆန့်လို့..ဘယ်လောက်ပင်ရှည်ရှည်...ချစ်သူရင်ခွင်ကြား..နားနားနေနေ..ရေမြေအလိုက်..စိုက်စိုက်ပါလို့ မျောလိုလည်း မျောပါစေ..ချစ်သူနယ်မြေသည်သာ..ငြိမ်းချမ်းနယ်မြေ"

လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံး တိတ်ဆိတ်ငြိမ်သက်သွားခိုက်မှာပင် ဦးချမ်းသာက ဟက်ဟက်ပက်ပက်ရယ်ချလိုက်၏။

"မြန်မာသံစဉ်သီချင်းတွေကိုလည်း လျှော့တွက်နဲ့ကွ ငါ့တူတို့...မင်းတို့မယုံရင် အခုချက်ချင်း အညာကိုသွားကြည့်မလား...မြစ်ဝကျွန်းပေါ်ဘက်ကို သွားကြည့်မလား...ကုက္ကိုပင်တွေ..မန်ကျည်းပင်တွေထက်မှာ အခုထက်ထိမြန်မာသံသီချင်းတွေ လွင့်နေတုန်းပဲ...တကယ်ကတော့ကွာ..ဘယ်သီချင်းမှ..ဘယ်ဂီတမှ ပိုကောင်းတယ်ဆိုတာ မဟုတ်ပါဘူး...သီချင်းတစ်ပုဒ်ကို ခံစားတဲ့နေရာမှာ မာန်မာနပုဂ္ဂိုလ်အစွဲကင်းဖို့တော့ လိုတယ်...ဟောဟိုမှာကြည့်စမ်း ငါ့တူတို့"

"ဟာ လုပ်ပြန်ပြီ...ဘာတွေပြဦးမလို့ပါလိမ့်"





လူငယ်တွေက ပါးစပ်ကပွစိပွစိလုပ်လိုက်ကြသော်လည်း ဦးချမ်းသာလက်ညှိုးညွှန်ရာကိုတော့ ကြည့်လိုက်မိကြသည်။ သည်တစ်ခါတော့ ဆယ်ကျော်သက်အရွယ်ကောင်မလေးတစ်ယောက် ဒူးပေါ်ပေါင်ပေါ်စကပ်ကလေးဖြင့် မလှုပ်တလှုပ်လျှောက်လာနေသည်ကို တွေ့ကြရ၏။

"အခုလာနေတာ ဘာလဲ"

"ဟာ..ဦးလေးကလည်း ကြောင်ပါ့ဗျာ...မိန်းကလေးတစ်ယောက်ပေါ့"

"ဟုတ်ပြီ...အဲဒါဆို သူဟာဘယ်လိုမိန်းကလေးမျိုးလဲ"

"ခေတ်မီတဲ့..ခေတ်ဆန်တဲ့မိန်းကလေးပေါ့"

"သူ့ကို မင်းတို့ကြိုက်ကြသလား"

ဟာခနဲ ဟင်ခနဲအသံတွေ ဆူညံသွား၏။

"ဘယ့်နှယ်မေးခွန်းကြီးတွေလဲဗျာ"

"မဟုတ်ပါဘူး...ကောင်မလေးက လှတယ်လေ...အဲဒီတော့ မင်းတို့မျက်စိထဲမှာ ကြည့်လို့ကောင်းသလား...ကြိုက်သလားမေးတာ"

"ကြည့်လို့ကောင်းရင်တော့ ကြိုက်တာပေါ့ဗျာ"

"ဟုတ်ပြီ...ဒါဆို အဲဒီကောင်မလေးကိုပဲ..အဘွားကြီးတစ်ယောက်လို ဝတ်စားဆင်ယင်ပေးလိုက်မယ်...အဲဒါဆို မင်းတို့ကြိုက်ဦးမလား"

"အဘွားကြီးပုံစံနဲ့ဆိုရင်တော့ ဘယ်ကြိုက်မလဲ"

"မှားတယ်..တကယ်တော့ မိန်းမဆိုတာအတူတူပဲကွ...အဲဒီလိုပဲ ဂီတဆိုတာလည်း..."

"ဟား ဟား...ကျွန်တော်တို့ လုံးဝလက်မခံဘူးဗျာ...မိန်းမဆိုတာ အတူတူပဲဆိုတာလည်း လက်မခံဘူး...ဂီတဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အတူတူပဲဆိုတာလည်း လက်မခံဘူး"

"ကောင်းပြီ. . . ဒါဆို ငါမင်းတို့ကို ပုံပြင်လေးတစ်ခုပြောပြမယ်. . . ဟိုးရှေးရှေးတုန်းကပေါ့ကွာ. . . ဘုရင်ကြီးတစ်ပါးမှာ သိပ်လှတဲ့မိန်းမတစ်ယောက်ရှိတယ်"

"ဘုရင့်မိန်းမရယ်လို့ မခေါ်ပါဘူး. . မိဖုရားလို့ပြောစမ်းပါဗျာ"

"အင်း. . မြန်မာစာကျမ်းပြုပုဂ္ဂိုလ်တွေကိုး. . . တစ်ချက်ကလေး အမှားတောင်မခံဘူး. . . ဟုတ်ပါပြီကွာ. . . အဲဒီသိပ်လှတဲ့ မိဖုရားကြီးဟာ တစ်နေ့တော့ အောက်စလွတ်နေသတဲ့ကွ"

"ဦးလေးနော်. . . အသက်လည်းကြီးပြီ"

"နေပါဦး. . . ကျွန်တော်တို့ကို မျိုးဆက်ပွားကျန်းမာရေးကိစ္စတွေ ပညာပေးမလို့လား"

"ခဏနေကြပါဦးကွာ. . . ဟီး ဟီး. . ဦးလေးချမ်းသာပြောတာ အတော်ကလေးစိတ်ဝင်စားစရာကောင်းလာပြီ. . . ဆက်ပြောဦးလေး"

"မင်း မဆိုးဘူးကွ. . . အမှန်တရားကို သိတယ်. . . အဲဒီသိပ်လှတဲ့မိဖုရားကြီး အောက်စလွတ်နေတာကို. ."

"အင်း. . ကြားရတာနဲ့ ရင်ထဲမှာတလှပ်လှပ်ဖြစ်လာပြီ. . . ဒါနဲ့ ကျွန်တော်တို့မရှင်းလို့ မေးပါရစေဦး. . မိဖုရားကြီးက ဆပ်စပိုင်ဒါခံ မဝတ်ထားဘူးလား"

"ပုံပြင်ထဲမှာ အဲဒီဟာမပါဘူးကွ. . . ဒီတော့ ငါလည်းဆပ်စပိုင်ဒါခံဝတ်ထားသလား၊ မဝတ်ထားဘူးလား သေသေချာချာ အာမမခံရဲဘူးကွ. . . ဒါနဲ့ ငါပုံပြင်ဘယ်ရောက်သွားပြီလဲ. . အင်း. . မှတ်မိပြီ. . . မိဖုရားကြီးဟာ အောက်စလွတ်နေသတဲ့"

ကောင်လေးတွေက ဝိုင်းရယ်ကြ၏။

"ဦးလေးဥစ္စာကလည်း. . . အောက်စလွတ်တာကနေကို





ရှေ့မတက်တော့ဘူး"

ကျော်စွာမြင့်နှင့် ကျော်ကျော်ဇင်တို့လည်း ရယ်လိုက်မိ၏။ ဦးချမ်းသာလည်း ရယ်ရင်းဆက်ပြော၏။

"အေးကွ. . မင်းတို့ဝင်နှောက်နေတာနဲ့ပဲ. . ငါ့ပုံပြင်လည်း အဲဒီနေရာမှာပဲ ကျောက်ချနေတယ်. . ဟဲ ဟဲ. . အဲ. . အဲဒီလို မိဖုရားကြီးအောက်စလွတ်နေတာကို အမတ်ကြီးတစ်ပါးကတွေ့သွားတယ် . . ဒီတော့ အမတ်ကြီးဟာ အဲဒီနေ့ကစပြီး အိပ်မပျော်စားမဝင်ဖြစ်လာတော့သတဲ့ . . . သူ့မှာ မိန်းမရှိပေမယ့် သူ့စိတ်ထဲမှာ မိဖုရားကြီးကပဲ လွှမ်းမိုးနေသတဲ့. . ကြာတော့ မိဖုရားကြီးက အမတ်ကြီး မှုပျက်နေတာကို ရိပ်မိသွားပြီး. . အမတ်ကြီးကို နှစ်ယောက်တည်း ခေါ်တွေ့သတဲ့"

"ဟာ. . စိတ်ဝင်စားစရာ ကောင်းလာပြီ. . . ဆက်ပြောဆက်ပြော"

"အဲဒီအခါမှာ. . မိဖုရားကြီးဟာ အမတ်ကြီးကိုဆုံးမဖို့. . ပုန်းညက်ရည်ကို ရွှေခွက်နဲ့ထည့်ပြီးတိုက်တယ်"

"ပုန်းရည်ကြီးကို ရေဖျော်တိုက်တာလား"

"မင်းတို့ ကြီးတော်ထဲမှာပဲ. . . ပုန်းရည်ကြီးကို ရေဖျော်ပြီးတိုက်တဲ့လူ ဒီကမ္ဘာမှာ ဘယ်သူမှရှိမှာမဟုတ်ဘူး. . . ပုန်းညက်ရည်ဆိုတာ ဘာလဲဆိုတော့. . အင်း. . အဲ. . ငါလည်း အဲဒါတော့ သိပ်မသိဘူး. . . ဒါပေမဲ့ ငါ့စိတ်ထင်တော့ သောက်လို့ရတဲ့ဖျော်ရည်တစ်မျိုးပဲဖြစ်လိမ့်မယ်ထင်တယ်"

"စပါကလင်ဖြစ်မှာပေါ့"

"စပါကလင်တော့ မဖြစ်နိုင်ဘူးကွ. . . အဲဒီခေတ်တုန်းက စပါကလင်မပေါ်သေးဘူး. . . ငါ့စိတ်ထင်တော့ ပါရာစီတမော့ကို ဖျော်တိုက်တာထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား"

"ခွေးကောင်လေးတွေ. . ငါခေါင်းပိတ်ခေါက်လိုက်ရာ. . လူကြီးကို"

ကျော်စွာမြင့်တို့သာမက ဆိုင်ရှင်နှင့်စားပွဲထိုးလေးတွေပါ ဝိုင်းရယ်လိုက်ကြ၏။ ဦးချမ်းသာသည် စိတ်ဆိုးပုံပြသော်လည်း တကယ်တော့ သူစိတ်မဆိုးပါ။ ပြီးတော့ သူပုံပြင်ကိုဆက်ပြန်သည်။

"အဲဒီပုန်းညက်ရည်ကိုတိုက်ပြီးတာနဲ့ မိဖုရားကြီးက. . အမတ်ကြီးကို မေးသတဲ့. . . ဘယ်လိုအရသာရှိသလဲပေါ့. . . ဒီတော့ အမတ်ကြီးက ချဉ်ပြုံးပြုံးအရသာရတယ် ဘုရားလို့ဖြေသတဲ့. . . အဲဒီအခါ မိဖုရားကြီးက အဲဒီပုန်းညက်ရည်ကိုပဲ ငွေခွက်နဲ့ထည့်ပြီး အမတ်ကြီးကိုတိုက်ပြန်သတဲ့. . . ပြီးတော့ ဘယ်လိုအရသာရလဲလို့ မေးသတဲ့. . . ဒီအခါ အမတ်ကြီးကလည်း ချဉ်ပြုံးပြုံးအရသာရပါတယ် ဘုရားလို့ ဖြေသတဲ့. . . ဒီတော့ မိဖုရားကြီးက အဲဒီပုန်းညက်ရည်ကိုပဲ ကြေးခွက်နဲ့ထည့်ပြီး အမတ်ကြီးကိုတိုက်ရင်း အရသာကိုမေးသတဲ့. . . ဒီအခါမှာလည်း အမတ်ကြီးက ချဉ်ပြုံးပြုံးအရသာပဲရပါတယ် ဘုရားလို့ဖြေသတဲ့. . . ဒီတော့မှ မိဖုရားကြီးက ဒါပါပဲ အမတ်ကြီးလို့ပြောလိုက်တဲ့အခါမှာ. . . အမတ်ကြီးကလည်း ပညာရှိအမတ်ကြီးပီသစွာနဲ့ မိဖုရားကြီးဘာကိုဆိုလိုတယ်ဆိုတာကို သဘောပေါက်သွားပြီး အဲဒီနေ့ကစလို့ မိဖုရားကြီးပေါ်မှာဖောက်ပြန်နေတဲ့ သူ့စိတ်တွေကို ရုပ်သိမ်းပြီး. . သူ့မိန်းမနဲ့ပဲ အသက်ထက်ဆုံးနေသွားတော့သတဲ့"

လူငယ်တွေက ဉာဏ်ကောင်းသဖြင့် သူပြောသည်ကို ချက်ချင်းနားလည်သွားပြီး ပြုံးတုံ့တုံ့ဖြစ်သွားသည်။

"ထားပါတော့ဗျာ. . . မိန်းမတွေဟာ အားလုံးအတူတူပါပဲဆိုရင်. . . အခုနေများ ဦးလေးကို. . အရမ်းကိုချောမောလှပတဲ့





မိန်းမတစ်ယောက်နဲ့ပေးစားမယ်ဆိုရင် ယူမလား. . မယူဘူးလား"

"အင်း. . ငါ့မိန်းမနဲ့တည့်မလား. . ဟီး ဟီး. . တည့်မယ်ဆိုရင်တော့ ယူမှာပေါ့ကွာ"

တစ်ဆိုင်လုံး ဝိုင်းရယ်လိုက်ကြသည်။ ထိုအခိုက်မှာပင် ဦးချမ်းသာဇနီး ဒေါ်မိုးက လက်ဖက်ရည်ဆိုင်သို့လိုက်လာသည်။

"ဟာ. . ဦးလေး. . ဟိုမှာ ဦးလေးရဲ့ပုန်းရည်ကြီးရည်. . . အဲ. . မှားလို့. . ပုန်းညက်ရည်ခွက်ကြီး လိုက်လာနေတယ်"

ဦးချမ်းသာသည် မိန်းမကြောက်ရသူဖြစ်သဖြင့် သူ့ဇနီးဆိုင်သို့မရောက်မီမှာပင် လက်ဖက်ရည်ဆိုင်မှ ထပြေးလေရာ အားလုံးဝိုင်းရယ်လိုက်ကြ၏။

"အင်း. . . ဦးချမ်းသာပြောသွားတာ စိတ်ဝင်စားဖို့ကောင်းတယ်. . . ဒါပေမဲ့ ငါကတော့ ငါ့ပုန်းညက်ရည်ခွက်လေးကို ဘယ်ခွက်နဲ့မှမလဲနိုင်ဘူး"

ကျော်ကျော်ဇင်က ကျော်စွာမြင့်၏စကားကြောင့်ရယ်လေသည်။

"ဟေ့ကောင် ဘာရယ်တာလဲ. . . ငါပြောတာ မဟုတ်လို့လား"

"မဟုတ်ဘူးကွ. . . ငါရယ်တာက မင်းပုန်းညက်ရည်ခွက်လေးက မင်းအတွက်သေချာနေပြီလား"

ကျော်စွာမြင့်မျက်နှာနည်းနည်း အိုသွား၏။ ထိုအခါကျော်ကျော်ဇင်က

"အင်း. . မင်းသာပြောနေရတယ်. . . ငါလည်း ငါ့ဆရာမပုန်းညက်ရည်ခွက်လေးကို သေချာချင်နေပြီကွာ. . ငါလည်း ဘာဆက်လုပ်လို့လုပ်ရမှန်း မသိဘူး"

"မင်းတူကနေတစ်ဆင့် ရည်းစားစာပေးလိုက်ရင်ကောကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကြံကြီးစည်ရာကွာ. . မလုပ်လိုက်ပါနဲ့. . . ကြားက ငါတူအချောင်ကျောင်းထုတ်ခံနေရပါဦးမယ်"

"ဒါဆို ငါ့လိုပဲ. . . မင်းကုသနည်းစနစ် သုံးကြည့်ပါလား"

"မလုပ်ပါနဲ့ကွာ. . . ဆိုက်ကားလည်း မနင်းပါရစေနဲ့. . . ရေလည်း မထမ်းပါရစေနဲ့. . . ဒါနဲ့ နေပါဦး. . . မင်းရော ဒီတစ်ခါ ဘာကြံစည်ထားသေးသလဲ"

"ငါ မြတ်နိုးတို့အိမ်ရှေ့မှာ ထီသွားရောင်းမလို့ကွ. . . ထီရောင်းတဲ့ကိုသော်တာကြီးနဲ့ ညှိထားပြီးပြီ"

"အင်း. . အတော်ကြောင်တဲ့လုပ်ရပ်ပါပဲ. . . အဲဒီလိုလုပ်တော့ရော. . မင်းအတွက် ဘာအကျိုးရှိမှာလဲ"

"အကျိုးရှိ မရှိတော့ ငါမသိဘူး. . . ဒါပေမဲ့ ငါ့စိတ်ထဲမှာ အဲဒီလိုလုပ်ရတာကို သဘောကျတယ်. . အင်း. . ဘယ်လိုပြောရမလဲ ဆိုတော့. . သူ့ကို ငါတကယ်လေးလေးနက်နက်ချစ်တာကို သူသိစေချင်တယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . . မင်းအဆင်ပြေပါစေလို့ ငါဆုတောင်းပေးတယ်"

ထိုအခိုက်မှာပင် လျှပ်စစ်မီးပြန်လာသဖြင့် ဆုံဆည်းရာလက်ဖက်ရည်ဆိုင်အတွင်း သီချင်းသံကလွှင့်ပြန့်လာသည်။





## လှံထမ်းလာသော ထီသည်

ကိုသော်တာကြီးသည် သူ၏ထီလှည်းကို ရေမွှေးများနှင့် ပက်ဖျန်းလိုက်ပြီး အမွှေးတိုင်တွေကိုပါ ရှေ့ဘက်မှာစိုက်ထူလိုက်သည်။ ထီလှည်း၏ဘေးဘက်မှာတော့ ထီလက်မှတ်အုပ်တွေကို စနစ်တကျ ချိတ်ဆွဲထားသည်။

"ဟေ့ကောင် ကျော်စွာ. . . လာ. . . ဒီမှာ ထီလက်မှတ်တွေ . . . အုပ်ရေ. . အစောင်ရေလည်း တိတိကျကျ ဒီမှာရေးထားတယ် . . . မပျောက်စေနဲ့ကွနော်. . . အဲဒါကိုတော့ မင်းတိတိကျကျ သေသေချာချာလုပ်. . . ဒါက မိုက်ကရိုဖုန်း. . . ဟောဒါက ကက်ဆက် . . . အခွေတွေက ဒီမှာ. . . ကက်ဆက်ဖွင့်ထားရင်းနဲ့ စကားပြောလို့လည်းရတယ်. . . ကဲ သွားတော့"

ကျော်စွာမြင့်သည် သူဝတ်စားဆင်ယင်ထားသည်ကို ပြန်၍ငုံ့ကြည့်လိုက်မိ၏။ အောက်မှာတော့ ချည်ထည်ပုဆိုးခပ်နွမ်းနွမ်း၊ အပေါ်ကတော့ အိမ်နေရင်းဝတ်သည့် စွပ်ကျယ်လက်ပြတ်၊ ပြီးတော့ ခေါင်းမှာတော့ သံပုရာခွံဦးထုပ်တစ်လုံးဆောင်းထား၏။ မဆိုးပါ။ သည်လိုဆိုတော့ သူ့ကိုတော်ရုံတန်ရုံလူကပင်လျှင် မှတ်မိလိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးကရော သူ့ကိုမှတ်မိပါ့မလား။ သို့သော် ထိုအချက်က သိပ်အရေးမကြီးပါ။ ပို၍အရေးကြီးသည်မှာ မြတ်နိုးတို့လမ်းထဲရောက်၍ ထိုရောင်းမှန်းသိ၍ သူမထွက်လာဖို့က ပို၍အရေးကြီးသည်။ မြတ်နိုးတစ်ယောက် ထွက်မလာခဲ့သည်ရှိသော် သူကြိုးစားရကျိုးနပ်လိမ့်မည်မဟုတ်။ ပင်ပန်းရကျိုးနပ်လိမ့်မည်မဟုတ်။ သူ့လုပ်ရပ်ကို တော့ သူငယ်ချင်းတွေက အတော်ကြောင်သောလုပ်ရပ်ဟု မှတ်ချက်ပြုကြ၏။

သည်သို့ဆိုလျှင် မြတ်နိုးကလည်း သူ့အပေါ် ထိုသို့ပင် မှတ်ချက်ချပြုလေမည်လား။ သူမ၏သူငယ်ချင်းတွေနှင့် သူ့အကြောင်းပြောကာ ဟားမျှားနေလေမည်လား။ ခင်မောင်ဇော်ကတော့ ပို၍လက်တွေ့ဆန်သော အကြံတစ်ခုပေးသည်။

"မင်း တကယ်လုပ်သင့်တာက ကောင်မလေးကျောင်းကို လိုက်သွား. . . အခွင့်အရေးရတာနဲ့ တစ်ခါတည်းဖွင့်ပြောပစ်လိုက် . . . အဲဒါ အကောင်းဆုံးပဲ"

"ပြဿနာက မင်းပြောသလောက် မလွယ်ဘူး ခင်မောင်ဇော် . . . သူတို့ကျောင်းမှာ ငါတို့သူငယ်ချင်းတွေလည်း တစ်ယောက်မှမရှိဘူး. . . နောက်ပြီး သူ့ကျောင်းမှာဆို သူ့သူငယ်ချင်းတွေပြည့်နေမှာ . . . ငါ့အတွက် ဘာအခွင့်အရေးမှရမှာမဟုတ်ဘူး. . . မျက်နှာလေး အဝေးက ငေးကြည့်ရုံလောက်နဲ့ ငါသူ့ကျောင်းကိုလိုက်မသွားချင်ဘူး"

"မဟုတ်ဘူးကွ. . . မင်းကို သူ့ကျောင်းကိုလိုက်သွားခိုင်းတာက သူ့အခြေအနေကိုလည်း သိရအောင်ရည်ရွယ်တာ. . . သူ့မှာ ရည်းစားရှိနေရင်လည်း မင်းသိရတာပေါ့ကွာ"

ခင်မောင်ဇော်၏စကားကြောင့် ကျော်စွာမြင့် ရေရေလည်လည်ဆွေးသွားသည်။ သို့သော် မြတ်နိုးမှာ ရည်းစားမရှိနိုင်ဟုလည်း ဖွတ်ယုံကြည်နေမိပြန်သည်။ ယခုတော့ သူလည်းကြံမိကြံရာ အလုပ်





တစ်ခုခုကိုလုပ်ရင်း မြတ်နိုးနှင့်နီးစပ်ဖို့ကြိုးစားနေမိပြန်လေပြီ။

ကျော်စွာမြင့်သည် ကိုသော်တာကြီးကိုနှုတ်ဆက်ပြီး ထိုလှည်းကြီးကိုတွန်းလိုက်သည်။ တွန်းနေကျမဟုတ်သဖြင့် လှည်းကိုတွန်းရာမှ အားအတော်စိုက်လိုက်ရ၏။ အရှိန်ကလေးနည်းနည်းရသာသောအခါ ပို၍အဆင်ပြေလာသည်။ ထိုအခါမှ သူလည်း ကက်ဆက်ကို ဖွင့်လိုက်သည်။

"ညမှောင်မှောင်. . လမှောင်မှောင်. . . ကြယ်ရောင်သော်ဆလင်းတဲ့. . . ချိန်းခဲ့တဲ့ညတုန်းကပေါ့ကွယ်. . . မောင်တစ်ယောက်တည်း. . . မီးအိမ်ကိုဆွဲလို့. . . "

သူမျက်မှောင်ကုပ်လိုက်မိ၏။ ယခုအချိန်သည် နံနက်ဆယ်နာရီလောက်ရှိနေပြီဖြစ်ပြီး လင်းလင်းချင်းချင်းအချိန်ကြီးဖြစ်သည်။ ဤအချိန်ကြီးနှင့် ဖွင့်လိုက်သောသီချင်းသည် တစ်စက်ကလေးမှမဆိုင်၊ လားလားမှမဆိုင်သည့်သီချင်းဖြစ်နေ၏။ ထို့ကြောင့် သူလည်းလှည်းကိုတွန်းရင်းနှင့် ကက်ဆက်ကိုရစ်လိုက်သည်။

"ကလစ်. . ကလစ်. . ကျိ. . ကွိ. . ရှစ်"

ကက်ဆက်ကိုမပိတ်ဘဲ ရစ်လိုက်မိသည်မို့ စပီကာအသံများ စုံထွက်သွား၏။ ရလောက်ပြီထင်သောနေရာရောက်မှ သူလည်း ကက် ဆက်ကိုပြန်ဖွင့်လိုက်သည်။

"အောင်သွယ်တော် ဖိုးရွှေလမင်းရယ်. . တိမ်ထဲကို ဝင်ကာ ပြေးနဲ့ တောင်းပန်မယ်. . . ချစ်သူကိုယ်စား အပြုံးရိပ်ကလေးများ လမင်းမှာတွေ့တယ်"

သူမျက်မှောင်ကုပ်ရင်း သီချင်းကိုရစ်လိုက်မိပြန်သည်။

"ရှစ်. . ရှစ်. . ကွိ. . စိ. . ကွ. . စိ. . ရှစ်. . ရှစ်"

သီချင်းက ထွက်ပေါ်လာပြန်သည်။

"လကွယ်ညသန်းခေါင်ယံအချိန်မှာ. . . မဟူရာ ကျော



www.burmeseclassic.com

www.burmeseclassic.com



နိုင်းတုံးကို လူတကာကောက်ခိုင်းဦးတော့. . ရှာလို့တွေ့ချင်မှ တွေ့မယ်"

"ဒေါက်"

ကျော်စွာမြင့်သည် ထိုလှည်းကိုတွန်းနေရင်းဖြင့် ကက်ဆက်ကိုပိတ်ပစ်လိုက်သည်။ သီချင်းမဖွင့်ဘဲ သည်အတိုင်းကြီးလှည်းကိုတွန်းနေရသည်ဆိုတော့ ခြောက်ကပ်ကပ်ကြီးဖြစ်လာသည်။ သည်တော့လည်း အံဆွဲကိုဖွင့်၍ ကက်ဆက်ခွေတစ်ခွေကို ရွေးပြီးဖွင့်လိုက်မိပြန်သည်။ သီချင်းကား စလေပြီ။

"ရွှတ်ပွတ်သီရား. . . မတ်စသားနား. . . ပြားကုရေလား. . . မတ်စသားနား. . . အိုး ဂျာရေ"

"ဟိုက်. . ကုလားသီချင်းကြီးဟ"

သီချင်းသံတွေကား ဆက်၍ထွက်ပေါ်နေဆဲ။

"မေရေဆပ်ဖုနုကေ. . . လာနီကပ်ဖို့အာရေဂီသု. . . မီတီဂျာရေ. . . ကုနေလာနီကပ်ဖို့အာရေဂီသူ. . . အိုး. . ဂျေလီယာ. . အို. . ကျလီယာ"

"ဟာ. . မဖြစ်ဘူး. . မြန်မြန်ပိတ်မှ"

ထိုအခိုက်မှာပင် အိန္ဒိယလူမျိုးစုံတွဲတစ်တွဲက သူ့လှည်းကိုလှမ်းတား၏။

"ဟိုး. . ထီဆရာရေ. . . ဟိုး. . . ကျွန်တော်တို့ ထီထိုးချင်လို့"

"ဩော်. . ဟုတ်ကဲ့. . လာပါ. . ဒီမှာနံပါတ်တွေစုံပါတယ်. . အက္ခရာတွေလည်း စုံပါတယ်. . ရွေးကြပါ. . ကြိုက်တဲ့နံပါတ်ကိုရွေးပါ. . . ဟဲ ဟဲ. . ကံထမ်းလာတာကို မမြင်ရပါဘူး. . . လုံထမ်းလာတာကိုသာ မြင်ရတာပါ. . . နောင်ကြီးတို့လင်မယား ကံစပ်ရင် သိန်းငါးရာဆုကြီးပေါက်မှာခင်ဗျ"

"ကျွန်တော်တို့က လင်မယားမဟုတ်သေးပါဘူး. . . ဒါပေ





မဲ့. . ဟဲ ဟဲ. . အဲဒီလို ကျွန်တော်တို့နှစ်ယောက်ကို လင်မယားလို့ထင်လိုက်တဲ့အတွက် ခင်ဗျားကို ကျွန်တော်အသားကုန်ကျေးဇူးတင်တယ်ဗျာ. . . ဟဲ ဟဲ. . ကျွန်တော်တို့နှစ်ယောက် ထီပေါက်ရင် ခင်ဗျားကိုဘောက်ဆူးကောင်းကောင်းပေးမယ်. . . ဒါနဲ့ သိန်းငါးရာဆုပေါက်ရင် ထီဆိုင်ကရော ဘာအပိုဆုတွေထပ်ပေးဦးမလဲ"

မြတ်စွာဘုရား။ ကိုသော်တာကြီးတို့ ထီဆိုင်က ဘာအပိုဆုတွေပေးသေးသလဲ။ သူစဉ်းစားကြည့်သည်။ ကိုသော်တာကြီးကလည်းဒီကိစ္စကို မပြောလိုက်သဖြင့် သူရမ်းဖြီးလိုက်ပါသည်။

"ဟဲ ဟဲ. . ပေးပါတယ်ခင်ဗျ. . . ကျွန်တော်တို့ထီဆိုင်ကလေ. . . သူများဆိုင်တွေနဲ့မတူအောင်ကို ပက်ပက်စက်စက်ရှယ်ကိုအပိုဆုတွေပေးပါတယ်. . . ဥပမာ. . ထီသိန်းငါးရာဆု ပေါက်ခဲ့ရင်. . . အပိုဆုအနေနဲ့ သိန်းငါးရာထပ်ပေးမယ့်အပြင်. . ."

အိန္ဒိယအမျိုးသား၏ မျက်လုံးအရောင်သည် ပိုမိုပြောင်လက်လာ၏။

"တောင်ဒဂုံမှာ ကြိုက်သလား. . မြောက်ဒဂုံမှာ ကြိုက်သလား . . . အဲဒီမှာမြေတစ်ကွက်နဲ့ တိုက်တစ်လုံး . . . ပြီးတော့ဒွိအက်စ်အမ်ဖုန်းတစ်လုံး. . နောက်တစ်ခါ တရုတ်ပြည်ကို ခုနစ်ရက်ခရီး. . ."

"ဟာ. . တရုတ်ပြည်ဆိုရင်တော့ မဖြစ်ဘူး. . . အိန္ဒိယပြည်လဲပေးလို့ မရဘူးလား"

ကျော်စွာမြင့် မျက်လုံးပြူးသွားသည်။ ဟုတ်ပါရဲ့။ သူလျှောက်ရှီးလိုက်တာ လက်လွန်သွားသည်။ အိန္ဒိယလူမျိုးကို တရုတ်ပြည်ကို ခရီးသွားဖို့ တလွဲတချော်မက်လုံးပေးမိသွားသည်။ သည်တော့သူက ရယ်ရင်းပြန်လျှော့ပေး၏။

"ဟုတ်ပါရဲ့ဗျာ. . . ဆောရီးနော်. . . နောင်ကြီးက အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးဆိုတော့ အိန္ဒိယခရီးစဉ်လဲပေးပါ့မယ်"

"ကောင်းပါလေ့ဗျာ. . . ကဲ. . ရော့ ထီတစ်စောင်ယူမယ်"

"ဟင်. . ထီကလည်း တစ်စောင်တည်းလား. . . မင်္ဂလာစုံတွဲလေးဘာလေး မထိုးဘူးလား"

"ထိုးချင်ပါသကောဗျာ. . . ပိုက်ဆံက ပါလည်းသိပ်မပါလာသလို. . ဟဲ ဟဲ. . ရှိလည်း သိပ်မရှိဘူးဗျ. . . ဒီတစ်စောင်ဖိုးလောက်ပဲ တတ်နိုင်တယ်. . . လုပ်ဗျာ. . ဒီတစ်စောင်ပဲ"

ကျော်စွာမြင့်လည်း အောင့်သက်သက်နှင့်ပင် ထီလက်မှတ်တစ်စောင်ရောင်းလိုက်ရ၏။ ပြီးတော့ ဝတ်ကျေတမ်းကျေပဲဆုတောင်းပေးလိုက်မိသည်။

"ထီပေါက်ပါစေဗျာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ. . ကဲ. . စောစောက သီချင်းလေးဆက်ဖွင့်ပါလား မိတ်ဆွေ. . . သိပ်ကောင်းတဲ့ အိန္ဒိယသီချင်းလေးပါဗျာ. . . မေရေဆပ်ပုနုကေး. . လာနီကပ်ဖို့အာရေဂိသု. . မီတီကျာရေ"

အိန္ဒိယစုံတွဲက သီချင်းလေးဆိုပြီး ထွက်သွား၏။ နေပူရှိန်ကသိသိသာသာပူပြင်းလာ၏။ ရှေ့တွင်လမ်းတစ်လမ်းတွေ့သဖြင့် သူတို့လမ်းထဲသို့ချိုးဝင်လိုက်ရင်း မိုက်ကရိုဖုန်းကို ဖွင့်လိုက်သည်။ မြတ်နိုး၏လမ်းနှင့် နီးလာလေပြီ။

"လုံထမ်းလာတာ မမြင်ရ. . . အဟမ်း. . ကံထမ်းလာတာမြင်ရ. . ဟာ မှားသွားပြီ. . . ကံထမ်းလာတာ မမြင်ရ. . . လုံထမ်းလာတာသာ မြင်ရတဲ့ခင်ဗျာ. . . တနင်္လာသားသမီးများအတွက် နှစ်အစ နှစ်အဆုံး. . . အင်္ဂါသားသမီးများအတွက် သုံးအစ သုံးအဆုံး"

အဘိုးကြီးတစ်ယောက်က သူ့အသံကြောင့် လှည်းနားကပ်လာသည်။



"ဟော့ သူငယ်. . ဗုဒ္ဓဟူးသားအတွက် လေးအစ လေးအဆုံးပါသလား"

"ပါပါသကော အဘိုးရယ်. . . ဗုဒ္ဓဟူးသားသမီးများအတွက်ကံကောင်းခြင်းလက်ဆောင် လေးအစ လေးအဆုံး. . . ဒါနဲ့ အဘိုးကဗုဒ္ဓဟူးသားလားခင်ဗျ"

"မဟုတ်ပါဘူး. . . အဘိုးက စနေပါ"

"ဟင်. . . ဘယ့်နှယ်ဟာပါလိမ့်"

"ဒီလိုပါ ငါ့မြေးရယ်. . အဘိုးက အဘိုးမိန်းမကို သိပ်ချစ်တာ. . . အဲဒါ သူ့အတွက်ထီထိုးပေးမလို့. . . အဘိုးမိန်းမက ဗုဒ္ဓဟူးလေ"

"ဪ ဒီလိုလား. . . ဘယ်လောက်ကောင်းလိုက်တဲ့ ရည်ရွယ်ချက်ပါလဲခင်ဗျာ. . . ထီထိုးတာတောင် ကိုယ့်အတွက်ကိုယ်မထိုးဘဲ. . သူများအတွက် ထိုးပေးသတဲ့. . . ဒီနေရာမှာ အဘိုးရဲ့စေတနာနဲ့မေတ္တာကို ကျွန်တော်အသိအမှတ်ပြုကြရပါလိမ့်မယ်"

အဘိုးကြီးက သူ့အကြောင်းကို စပီကာမှပြောနေခြင်းဖြစ်သဖြင့် ပိုကျေနပ်သွားသည်။

"ဟောဒီ လေးအစ လေးအဆုံးယူမယ်. . . အင်း ငါ့မြေးပြောနေတာကို နည်းနည်းကျယ်ကျယ်လေးပြောပေးပါဦး"

"ကောင်းပါပြီ အဘိုး. . အဘိုးဟာဆိုရင်ဖြင့် မေတ္တာတရားအလွန်ကြီးမားတဲ့ အဘိုးကြီးတစ်ယောက်ဖြစ်ပါတယ်. . . ဘယ်လောက်ထိအောင် မေတ္တာတရားကြီးမားသလဲဆိုရင်. . ထီကိုတောင်မှ သူ့အတွက်သူမထိုးဘဲ. . . သူ့မိန်းမအတွက် ထိုးပေးတဲ့သူခင်ဗျ"

"ကောင်းတယ်. . ကောင်းတယ်. . . နည်းနည်း ကျယ်ကျယ်လေးဆက်ပြော. . . ဒါမှ အဘိုးမိန်းမကြားမှာ"

"ကောင်းပါပြီ အဘိုး. . . ဟောဒီအဘိုးဟာဆိုရင်ဖြင့် ထိပ်ကလေး မသိမသာတစ်ခေါင်းလုံးပြောင်လုလုဖြစ်နေတာကလွဲရင်. .





www.burmeseclassic.com

www.burmeseclassic.com



ပါးရေနားရေတွေ အသားကုန်တွန့်နေတာကလွဲရင်. . . ခါးကလေး မသိမသာ ပေါ်တင်ကြီးကိုင်းနေတာကလွဲရင်. . . ငယ်ငယ်ကလှ ချောကြီးတစ်ယောက်ဖြစ်ပါလိမ့်မယ်"

"ကောင်းတယ် ကောင်းတယ်. . အဘိုးက ဆီးချိုရှိလို့ လက်ဖက်ရည်မသောက်ရဘူး. . . အဲဒါ သူမသိအောင်ခိုးသောက်မိလို့. . သူ့ စိတ်ဆိုးနေတယ်. . သူစိတ်ဆိုးပြေအောင် ထီလက်မှတ်နဲ့လည်း ချော့ရမယ်. . . ငါ့မြေးကလည်း သူကြားအောင်ခပ်ကျယ်ကျယ်လေး ပြောပေးဦး"

ကျော်စွာမြင့်လည်း ခပ်ပျော်ပျော်ရှိလာသဖြင့် မိုက်ကရိုဖုန်းကို ပို၍ကျယ်လိုက်သည်။

"အဲဒီလို အိုမင်းမစွမ်းရှုတ်တွကြီးဖြစ်နေပေမယ့်လည်း. . . အဘိုးရဲ့နှလုံးသားကတော့ အလွန်ပဲငယ်ရွယ်နေပါတယ်ခင်ဗျ"

တနင်္ဂနွေနေ့ဖြစ်သဖြင့် ရပ်ကွက်ထဲမှာလူစုံသည်။ ကလေးတွေကလည်း ထူးထူးဆန်းဆန်းတွေကြားနေရသဖြင့် အကစားရပ်ပြီး ထီလှည်းနားဝိုင်းအုံလာသည်။

"အဲဒီလိုပဲ. . . အဘိုးရဲ့မိန်းမဟာလည်း ခေါင်းမှာဆံပင်ဖြူတွေ များလွန်းလို့ ကြာဆံထုပ်ကြီးရွက်လာသလားတောင် ထင်ရလောက်အောင်. . . သွားတွေလည်း တစ်ချောင်းမှမရှိတော့လောက်အောင်. . . ပါးရေနားရေတွေ အသားကုန်တွန့်နေတဲ့ အရွယ်ရောက်နေတာတောင်မှ. . သူ့ယောက်ျားကိုချစ်လွန်းလို့. . ဆီးချိုရောဂါ ပိုတိုးမှာစိုးလို့. . . မေတ္တာစစ်မေတ္တာမှန်နဲ့. . "

"ဟော့ကောင် . . . မင်းဘာတွေလျှောက်ပြောနေတာလဲ . . . ရပ်တော့"

"အသက်အရွယ်ကြီးလွန်းလို့ မျက်ခုံးမွေးတွေကျွတ်. . . မျက်တောင်တွေကျွတ်. . "





"ဟဲ့ကောင်. . နင်ဘာတွေပြောနေတာလဲ. . . ဘယ်သူ့ကို ပြောနေတာလဲ"

ရုတ်တရက် ကျော်စွာမြင့်၏နောက်ဘက်မှ ခပ်စူးစူးမိန်းမ အသံတစ်သံထွက်လာသဖြင့် ကျော်စွာမြင့်လန့်သွားကာ လှည့်ကြည့်လိုက်၏။ ထိုအခါ အသက်လေးဆယ်လောက်ပဲရှိမည့် ခပ်ချောချော ခပ်လှလှမိန်းမတစ်ယောက်ကိုတွေ့လိုက်ရသည်။

"ဩော်. . အစ်မကြီးက ထီထိုးမလို့လား. . . ရပါတယ်ခင်ဗျ . . . ဒီမှာ ထီလက်မှတ်တွေရွေးပါ. . . အဘိုးဟာ အသားကုန်ရှုတ်တွနေသလို. . . အဘိုးရဲ့ဇနီးဟာလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်လောက်အောင်အိုမင်းနေ. . . "

"ဟဲ့ကောင်. . နင်ရပ်မလား. . မရပ်ဘူးလား"

"ဘာဖြစ်လို့လဲ အစ်မကြီး"

"ဒီလူကြီးဟာ ငါ့ယောက်ျားဟဲ့. . . အဲဒါ နင်ငါ့ယောက်ျားကို မှိုချိုးမျှစ်ချိုးပြောလိုပြောရဲ့. . . ပြီးတော့ ငါ့ကိုလည်းမှိုချိုးမျှစ်ချိုး. . . အောင်မလေး. . ပြောရက်လိုက်တာ. . ခေါင်းမှာလည်း ဆံပင်ဖြူတွေများလွန်းလို့. . ကြာဆံထုပ်ကြီးရွက်လာသလားတောင် ထင်ရတယ်တဲ့. . . အောင်မလေး. . ကြားလို့တောင် ကောင်းသေးရဲ့လား အရပ်ကတို့"

မိန်းမကြီးက သူ့လက်ထဲကမိုက်ကရိုဖုန်းကိုလုပြီး ငိုချင်းချ လေတော့၏။

"ကျွန်မယောက်ျား အသက်ငါးဆယ်မှာ ကျွန်မကိုလက်ထပ်ခဲ့တာ. . အဲဒီတုန်းက ကျွန်မကအသက်နှစ်ဆယ်ပဲရှိသေးတယ်. . . ဟီး ဟီး. . ရှုတ်. . အခုတော့ ကျွန်မယောက်ျားက ခုနစ်ဆယ်. . . ကျွန်မက လေးဆယ်. . . ဘာဖြစ်သေးလဲ. . . အဲဒါကို ထီသည်က သက်သက်မဲ့. . ဟီး ရှုတ်. . . အပုတ်ချနေတယ်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ကျွန်တော်မသိလို့ပါ အစ်မကြီးရယ်. . တောင်းပန်ပါတယ်"

"ဟုတ်ပါတယ်ကွာ. . . တကယ်တော့ သူ့မှာအပြစ်မရှိပါဘူး . . . ကိုကြီးမှာသာ အပြစ်ရှိတာပါ. . . ခွင့်လွှတ်လိုက်ပါ ချစ်လေးရယ်. . နော်. . လာ. . ဒီမှာ. . ကိုကြီးလေ. . ချစ်လေးအတွက် ထီထိုးပေးထားတယ်. . . ထီပေါက်ရင်လေ. . . ဒီထက်ကိုထပ်ပြီး စိန်နားကပ်တွေဆင်ဦးမှာ. . . တိုက်တွေထပ်ဝယ်ပေးဦးမှာ"

ထိုအခါ မိန်းမကြီးက စိတ်ပြေသွားပုံရပြီး ညုတုတုလေးပြောလိုက်၏။ သို့သော် မိုက်ကရိုဖုန်းမပိတ်ဘဲပြောလိုက်မိခြင်းဖြစ်သဖြင့် သူမ၏အသံကြီးက စပီကာမှတစ်ဆင့် ဟိန်း၍ထွက်သွားတော့၏။

"ဟင့်. . တကယ်လားဟင်. . တကယ်ဝယ်ပေးဦးမာလား ကိုကြီးရယ်"

"ဝယ်ပေးမှာပေါ့. . . ဝယ်ပေးဦးမှာ"

"အို. . ဒါမှ ချစ်လေးရဲ့ကိုကြီးကွ. . ဟင့်"

ရပ်ကွက်သူရပ်ကွက်သားတို့လည်း ထူးထူးဆန်းဆန်းအသံတွေကို ကျယ်ကျယ်လောင်လောင်ကြားလိုက်ရသဖြင့် အိမ်ရှေ့တွေက ထွက်ကြည့်ကြ၏။ ကျော်စွာမြင့်လည်း အဘိုးကြီးနှင့် ထိုမိန်းမကြီး အကြည်ဆိုက်နေခိုက် ထီလှည်းကြီးကိုတွန်းပြီး အသာကလေးလစ်ထွက်ခဲ့သည်။ အဝေးကိုလွတ်လွတ်လပ်လပ်ရောက်မှ သူလည်း သက်ပြင်းကို လွတ်လွတ်လပ်လပ်ချလိုက်မိသည်။ ကံကောင်းပေလို့။ သူကလည်း အတွေ့အကြုံအသစ်တစ်ခုမို့ သိသိသာသာမြူးနေသည်။ သည်တော့ ပေါက်ကရတွေဖြစ်ကုန်၏။ မဖြစ်ချေဘူး။ သတိတော့ထားမှ။ စိတ်ကိုထိန်းမှ။

သို့သော် စိတ်ကိုထိုသို့ထိန်းနေရသည်မှာ ကြာတော့ပျင်းလာသည်။ ကိုသော်တာကြီး၏ အံဆွဲထဲမှာလည်း သီချင်းခွေတွေက သူ့





စိတ်ကြိုက်တစ်ခွေမှမပါ။ စိတ်ပေါက်ပေါက်နှင့် အံဆွဲကိုထပ်မွှေလိုက်မှ စုတ်ပြတ်သပ်နေသောအခွေတစ်ခွေကို သွားတွေ့သည်။ ဘာအခွေများပါလိမ့်ဟုတွေးရင်း အခွေကိုကက်ဆက်ထဲထည့်ဖွင့်လိုက်၏။

"I bless the day....found you. I want to stay around you. And so I beg you, let it be me."

မဆိုးပါ။ သီချင်းက ဟောင်းနေပြီဖြစ်သော်လည်း တိတ်တိတ်ဆိတ်ဆိတ်ကြီး သွားနေရသည်ထက်တော့ စိုပြည်ပါသည်။ သီချင်းနာမည်က Let it be me.... ဘာပဲဖြစ်ဖြစ် သည်အခွေကလေးကို သူ နှစ်သက်သွားသည်။ သို့သော်အခွေက အလွန်ဟောင်းနွမ်းနေပြီဖြစ်သည့်အတွက် အသံကွာလတီက သိပ်မကောင်းတော့။ တချို့နေရာတွေမှာ ရီကော့ဒင်းခလုပ်ကိုမှားနှိပ်ထားသည့်အတွက် အသံတွေပျောက်နေ၏။

ကျော်စွာမြင့်လည်း ထီလှည်းကိုတွန်းရင်းနှင့် မြတ်နိုးတို့လမ်းသို့ရောက်လာ၏။ ထိုအခါ သူ့ရင်သည်တဆတ်ဆတ်ခုန်လေတော့သည်။ ထို့နောက် မြတ်နိုးတို့အိမ်နှင့် မလှမ်းမကမ်းမှာ လှည်းကိုရပ်လိုက်ပြီး မိုက်ကရိုဖုန်းကိုဖွင့်လိုက်၏။ သီချင်းကိုနောက်ခံပြုပြီး စကားပြောမည်ဖြစ်ရာ ကက်ဆက်ကိုမပိတ်ဘဲထားသည်။

"Each time we meet love I find . . မင်္ဂလာ နေ့လယ်ခင်းပါခင်ဗျာ. . . Without your sweet love . . . ဤလမ်းထဲမှာရှိကြကုန်သော လမ်းသူလမ်းသားအပေါင်းတို့ ကျန်းမာချမ်းသာစွာရှိပါ. . ကျွန်တော်ဆုမွန်ကောင်း. . . So never leave me lonely . . . တောင်းပေးလိုက်ပါတယ်"

ထိုအချိန်တွင် မြတ်နိုးသည် သူမတို့အိမ်ရှေ့အပေါ်ထပ် ဝရံတာမှာ စာကျက်နေခိုက်ဖြစ်သည်။ ကျယ်လောင်လွန်းလှသော ထီသည်၏အသံကြောင့် သူမစာကျက်နေခြင်းကို အနှောင့်အယှက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေရလေပြီ။ သူမသည် ထီသည်ရှိရာသို့တစ်ချက်လှမ်းအကြည့်လိုက်တွင် သူမရှိရာသို့လှမ်းကြည့်နေသော ထီသည်ကိုတွေ့ရ၏။

"And that you always, Let it be me . . . ကံထမ်းလာတာ မမြင်ရဘဲ. . လှံထမ်းလာတာကိုသာ မြင်ရတယ်လို့ မြန်မာစကားရှိပါတယ်. . . ဂွိ. . ရှိ. . ဟဲလို. . . တက်စတင်. . . ကဲ. . သားတို့စဆို. . . ဖေဖေကြီး. . ဖေဖေကြီး. . ဖေဖေကြီးကို ချစ်တယ်. . ရှိုး. . ဂွိ"

ကျော်စွာမြင့်သည် ကက်ဆက်ထဲကလေသံတွေနှင့်အတူ ထွက်လာသော ထူးဆန်းသောအသံတွေကြောင့် မျက်မှောင်ကုပ်လိုက်သည်။ သို့သော် ထိုအသံတွေပျောက်သွားပြီး သီချင်းသံပဲပြန်ပေါ်လာလိမ့်မည်ထင်ပြီး ပြောလက်စစကားကိုဆက်ပြော၏။

"အဲဒီတော့. . . ကိုယ့်ပေါ်မှာ ထမ်းနေတဲ့အရာဟာ. . . ကံလား. . လှံလားဆိုတာသိရဖို့. . . ဖေဖေကြီး. . ဖေဖေကြီး. . ဖေဖေကြီးကိုချစ်တယ်. . . ရှိ. . ဟီဟီ. . Now and forever, Let it be me . . . ရှိ. . ရှုံရှုံ. . ရှင်လုပ်နေတာနဲ့ ကက်ဆက်ပျက်တော့မယ်ကိုသော်တာ. . . ဟဲ့ ဟိုကောင်လေး. . . ကက်ဆက်ကို လက်ညှိုးနဲ့ထိုးနေတာလဲ. . ထီဆိုတာထိုးမှပေါက်တာခင်ဗျ. . အောင်ဘာလေထီဖွင့်တဲ့အခါ သူများတွေက. . . Tell me you love me only . . . ထီပေါက်ကြပြီး ကိုယ်ကမပေါက်ဘဲ မဖြစ်ရအောင်. . ရှဲ. . ရှဲ. . ဖေဖေကြီး. . . ဖေဖေကြီး. . . ဟာ. . ဒီအခွေကလည်းကွာ . . . ဘာဖြစ်နေတာလဲ. . ဒေါက်"

ကက်ဆက်ကအသံတွေက သူစကားပြောနေတာကို ဖျက်လိုဖျက်ဆီးပြုလုပ်နေသဖြင့် ကက်ဆက်ကို သူဆောင့်၍ပိတ်လိုက်သည်။ မြတ်နိုးလည်း ထီသည်ထံမှအသံမျိုးစုံကြားလိုက်ရသဖြင့် စိတ်ဝင်စားသွားပြီး ထီသည်ကိုဂရုပြုပြီးကြည့်လိုက်၏။ ထီသည်သည် ခပ်စုတ်





စုတ်ဝတ်ထားပြီး ခေါင်းမှာလည်း ဦးထုပ်တစ်လုံးဆောင်းထား၏။

"သမီးရေ. . . မြတ်နိုး"

"ရှင်. . ဘာလဲ မေမေ"

"အခုရောက်နေတဲ့ထီသည်က မေမေတို့ထိုးနေကျထီသည်လား"

"လှည်းကတော့ ဟိုဦးလေးကြီးလှည်းပဲ မေမေရဲ့"

"ဟုတ်လား. . . အဲဒါဆို မေမေ့အတွက် ထီထိုးပေးစမ်း"

မြတ်နိုး၏မိခင်က ထီထိုးခိုင်းနေသဖြင့် မြတ်နိုးလည်း အိမ်ထဲပြန်ဝင်ပြီး ပိုက်ဆံယူသည်။ ပြီးတော့ အဝတ်အစားမလဲတော့ဘဲ အိမ်နေရင်းအဝတ်အစားနှင့်ပင် ထီသည်ရှိရာသို့ဆင်းခဲ့၏။ ထီလှည်းနားရောက်သည့်အခါ လှည်းမှာချိတ်ထားသည့် ထီလက်မှတ်တွေကို လိုက်ရွေးနေမိသည်။ ထိုအခိုက်မှာပင် . . .

"အစ်မလေး. . . အစ်မလေးက ဘာနေ့သမီးလဲ"

"ရှင်"

မြတ်နိုး ဖျတ်ခနဲလှည့်ကြည့်သော် ထီသည်က သူမဘေးနားရောက်လာ၏။ ပထမတော့ သိပ်မမှတ်မိ။ မြင်ဖူးသလိုဖြစ်နေသဖြင့် ထပ်ကြည့်လိုက်သောအခါမှ ကျော်စွာမြင့်ကဦးထုပ်ကို ချွတ်လိုက်၏။ သည်တော့မှ သူမကောင်းစွာမှတ်မိသွားသည်။ သူဘာတွေလုပ်လာပြန်ပြီလဲ။ ဟိုတစ်ခါတုန်းကလည်း ဆိုက်ကားတစ်စီးနှင့်။ ကံကောင်းလို့ ပြဿနာတက်တော့မလို့။ ယခုလည်း ထီသည်လိုလုပ်လာပြန်လေပြီ။

"ဟဲ ဟဲ. . ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်. . . ဆိုက်ကားဆရာလေ အစ်မလေးရဲ့. . . ဆိုက်ကားနင်းရတာ တွက်ချေသိပ်ကိုက်တာနဲ့. . ထီပြောင်းရောင်းကြည့်လိုက်တာ. . . အစ်မလေးကဒီလမ်းထဲမှာနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့။ ရှင်အကြောင်းရိုက်မနေနဲ့။ ကျွန်မ ရှင့်အကြောင်း အားလုံးသိတယ်။ သူမို့လို့ ဒီလိုလုပ်ရတာမရှက်တယ်"

ဒီတစ်ခါ ထီသည်။ နောက်တစ်ခါ ဘာလုပ်ဦးမည်နည်း။ နေက အတော်ကလေးပူလာပြီဖြစ်သဖြင့် ကျော်စွာမြင့် မျက်နှာမှာ ချွေးတွေရွှဲနေ၏။ မြတ်နိုးသည် သူမကိုရိုဝေစွာစိုက်ကြည့်နေသော ကျော်စွာမြင့်ကြောင့် ရင်တွေခုန်လာမိသည်။

"လုပ်ပါ. . . အစ်မလေး ဘာနေ့သမီးလဲ ပြော. . . ကျွန်တော် ဂဏန်းရွေးပေးမယ်"

"အို. . မြတ်နိုးအတွက် ထိုးမှာမဟုတ်ဘူး. . မေမေ့အတွက်"

ကောင်မလေးသည် ရှက်ကိုးရှက်ကန်းလေးနှင့်ပြော၏။ ကျော်စွာမြင့်သည် နှစ်ယောက်တည်းတွေ့ရသည့်အခွင့်အရေးဖြစ်သဖြင့် အားတက်လာသည်။ ထို့ကြောင့် ချိတ်ထားသည့်ထီလက်မှတ်တွေထဲမှ တစ်ခုကိုရွေးပြီး မြတ်နိုးရှေ့သို့ချပေးလိုက်သည်။

"မြတ်နိုး"

"ရှင်"

"တို့လေ. . . မြတ်နိုးကို ချစ်မိနေတာကြာပြီ. . . အခုလိုလုပ်တာလည်း မြတ်နိုးကိုနှောင့်ယှက်ချင်လို့ မဟုတ်ပါဘူး. . . မြတ်နိုးနဲ့ နီးနီးကပ်ကပ်စကားပြောချင်လို့ပါ. . . တို့ကို စိတ်မဆိုးပါနဲ့ မြတ်နိုးရယ်"

သူ့အသံက နူးညံ့သိမ်မွေ့လွန်းသဖြင့် မြတ်နိုးရင်တွေ တလှပ်လှပ်ခုန်လာ၏။ သူ့ကိုမကြည့်ရဲဘဲ သူရွေးပေးထားသည့် မင်္ဂလာစုံတွဲ ထီလက်မှတ်အုပ်လေးကိုသာ လက်နှင့်အမိပွတ်ယ်မဲ့ပွတ်နေမိသည်။

"တို့လေ. . . မြတ်နိုးကျောင်းကို လာလည်ချင်တယ်. . . လာလည်ရမလားဟင်"





မြတ်နိုးသည် သူ့ကိုထိတ်ထိတ်ပျာပျာမော့ကြည့်၏။

"ဟင့်အင်း. . . မလာနဲ့"

"ဘာဖြစ်လို့လဲ မြတ်နိုးရယ်"

"ကြောက်လို့"

"ဩော်"

"ရော့. . ထီဖိုး ပိုက်ဆံ"

"ဟင့်အင်း. . မပေးနဲ့ မြတ်နိုး. . . အဲဒါ တို့ရဲ့လက်ဆောင်သို့ပဲ သဘောထားလိုက်ပါ. . . ကဲ. . တို့သွားမယ်"

"အို. . မဟုတ်တာ. . . ပိုက်ဆံယူပါ"

မြတ်နိုးသည် ပိုက်ဆံကိုရေတွက်ပြီး ထီလှည်းပေါ် လှမ်းတင်တာ လှည့်ထွက်သွား၏။ ကျော်စွာမြင့်သည် မြတ်နိုးထားသွားသော ပိုက်ဆံခေါက်လေးကို တယုတယလှမ်းယူကာ သူ့အိတ်ထဲသို့ထည့်ပြီး ထီလှည်းကိုတွန်းသည်။ မြတ်နိုးနှင့် တွေ့ရချိန်လေးသည် ပကတိတိုတောင်းလွန်းလှပါသည်။ ပြောခဲ့ရသောစကားတွေကလည်း ဆယ်ခွန်းတောင်ပြည့်ချင်မှ ပြည့်မည်။ သို့သော် သူကျေနပ်ပါသည်။

မြတ်နိုးသည် သူ့ကိုတော့ ပစ်ပစ်ခါခါမလုပ်ပါ။ သူ့အပေါ် မုန်းတီးရွံရှာနေပုံလည်း မရပါ။ ကျော်စွာမြင့်သည် ထီဆက်မရောင်းချင်တော့ပြီ။ ရောင်းဖို့လည်း မလိုအပ်တော့ပြီ။ သည်တော့ လှည်းကို လာလမ်းအတိုင်းပြန်တွန်းရင်း ကိုသော်တာထံသို့ပြန်သွားသည်။ လမ်းမကြီးသို့ရောက်သော် သူ့ထီလှည်းဘေးသို့ ကားတစ်စီးထိုးဆိုက်လာသည်။

"ဟေ့ သူငယ်. . . အနိုကယ်တို့ ထီထိုးမလို့"

ခေါင်းငိုက်စိုက်နှင့် လှည်းကိုတွန်းနေရာမှ ကိုယ်ကိုမတ်ရင်း လှည်းကိုရပ်လိုက်၏။ ပြီးတော့ ကားပေါ်မှဆင်းလာသည့် လင်မယားနှစ်ယောက်ကိုကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဖေဖေနဲ့ မေမေ"

"ဟာ. . ဟော့ကောင်. . ကျော်စွာ"

"ဟယ်. . သား. . ထိရောင်းနေတယ် ဟုတ်လား"

သူရှက်ကိုးရှက်ကန်းနှင့် ရယ်လိုက်မိပါသည်။ နဖူးပေါ်မှာလည်း ချွေးတွေစီးကျနေ၏။

ဖေဖေ့သား မိန်းမတစ်ယောက်ကိုပိုးနေတာပါ ဖေဖေ၊ ဖေဖေတို့အတွက် ချွေးမလှလှလေးတစ်ယောက်ရဖို့ ကျွန်တော်ကြိုးစားနေတာပါ။

ကျော်စွာမြင့်၏မိဘနှစ်ပါးဖြစ်သော ဦးမင်းဝေနှင့် ဒေါ်ဆွေဆွေမြင့်သည် သူတို့၏သားဖြစ်သူ ကျော်စွာမြင့်တစ်ယောက် ထိလှည်းကြီးနှင့် ကိုးရိုးကားယားဖြစ်နေသည်ကို အူကြောင်ကြောင်နှင့်ငေးကြည့်နေမိလေသည်။





## ချစ်တဲ့အကြောင်း ပြောဖို့က မလွယ်

ဆရာမလေးဒေါ်ချိုချိုမောင်ကို ဆရာမကြီးက ရုံးခန်းမှာခေါ်တွေ့ပြီး ကျောင်းမှာအသုံးပြုနေသော ကွန်ပျူတာသုံးလုံးအနက်တစ်လုံးကိုပြန်ပြင်ရန် နောက်နှစ်လုံးကို ဟတ်ဒစ်တိုးမြှင့်ရန်ကိစ္စတို့ကိုတာဝန်ပေး၏။ ထိုအခါ ချိုချိုမောင်သည် သူငယ်ချင်းဆရာမများနှင့်တိုင်ပင်ရလေတော့သည်။

"မြို့ထဲမှာ သွားပြင်ရင်တော့ ဒီကွန်ပျူတာကြီးတွေသယ်သွားရ. . . ပြန်သယ်လာဖို့ကိစ္စတွေက ခက်တယ်ချိုရဲ့. . . ဒီနားတစ်ဝိုက်မှာပဲ စုံစမ်းကြည့်ပါလား"

"ဟုတ်တယ် ချို. . . ဒီရပ်ကွက်ထဲက မဥ္ဇူလမ်းမှာ ဆိုင်ဘာဆိုတဲ့ကွန်ပျူတာဆားဗစ်တစ်ခုရှိတယ်. . အဲဒီမှာတော့ အားလုံးလုပ်ပေးနိုင်လိမ့်မယ် ထင်တယ်"

ထို့ကြောင့် ချိုချိုမောင်လည်းမေးစမ်းပြီး ဆိုင်ဘာကွန်ပျူတာဆိုင်သို့သွားရလေတော့သည်။ သူမနှင့်အတူ သူငယ်ချင်းဆရာမမျိုးမျိုးလည်းပါလာသည်။ ကွန်ပျူတာဆိုင်က သူမတို့ရောက်သွားချိန်တွင် ဖွင့်ခါစပဲရှိသေးသည်။ အထဲမှာ အိန္ဒိယလူမျိုးတစ်ယောက်ကဆိုင်ထဲကို တံမြက်စည်းလှည်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဪ. . . ဘာကိစ္စရှိပါသလဲ ခင်ဗျာ”

“ကျွန်မတို့ ဆိုင်ရှင်နဲ့တွေ့ချင်လို့ပါ”

“ဪ. . ဟုတ်ကဲ့. . ပြောပါ”

“ကျွန်မတို့ ဆိုင်ရှင်နဲ့ပဲ တွေ့ချင်တယ်”

“ကျွန်တော်ဆိုင်ရှင်ပါခင်ဗျာ”

“ရှင်”

မျိုးမျိုးသည် အတော်ကလေးကိုအံ့ဩသွားသည်။ သည်စုတ်စုတ်ပြတ်ပြတ်လူက ဆိုင်ရှင်တဲ့။ ချိုချိုမောင်ကတော့ သူမလာရင်းကိစ္စကို ပြောပြလိုက်သည်။ ကိုဖြိုးက ငြိမ်ငြိမ်သက်သက်ပင်နားထောင်ရင်း ကောင်မလေးနှစ်ယောက်ကို မသိမသာအကဲခတ်နေမိ၏။ ချိုချိုမောင်တို့နှစ်ယောက်လည်း ကျောင်းပိတ်ရက်ဖြစ်သဖြင့် ကျောင်းဝတ်စုံဝတ်မထားဘဲ မြန်မာဆန်ဆန်ဝတ်စုံတွေကိုသာ ဝတ်ထား၏။

“ကွန်ပျူတာက ဘာအမျိုးအစားလဲ”

“ရှင်”

“ကွန်ပျူတာက ဘာအမျိုးအစားလဲ. . အဲ. . နာမည်ကို ပြောတာ”

အမှန်အတိုင်းပြောရလျှင် ချိုချိုမောင်တို့နှစ်ယောက်သည် ကွန်ပျူတာနှင့်ပတ်သက်ပြီး အသုံးနည်းနည်းပြုတတ်ရုံလောက်သာ သိသည်။ ဒါကလည်း ဘာမှခက်လှသည်မဟုတ်။ ကလေးတွေအတွက် ပညာသင်ကြားရေးကိစ္စတွေလောက်သာ၊ မောက်စ်လေးကိုင်၍ ရုပ်ပုံလေးတွေနှိပ်ပြရုံလောက်သာ လုပ်ရသည်ဆိုတော့ အလွန်ပင်လွယ်ကူ၏။

“မသိပါဘူး”

“ဟတ်ဒစ်ကရော. . . ဘယ်လောက်ထည့်ထားသလဲ”





“မသိပါဘူး”

ထိုအခိုက်မှာပင် ကျော်ကျော်ဇင်က ဆိုင်သို့ရောက်လာသည်။ ပထမတော့ သူသည်ချိုချိုမောင်ကို မမှတ်မိ။ ချိုချိုမောင်သူ့ကိုမော့ကြည့်လိုက်မှ သူအံ့ဩစွာဖြင့် . . . .

“ဟာ. . ဆရာမ”

ချိုချိုမောင်ကလည်း ရှက်သွေးဖြင့် မျက်နှာလေးချက်ချင်းရဲလာသည်။ ကျော်ကျော်ဇင်လည်း သူ့ဆရာမလေးကိုပေးခဲ့သည့်စာကြောင့် ပြဿနာတက်တော့မလားဟု စိုးရိမ်သွား၏။ ကိုဖြိုးကလည်း ကျော်ကျော်ဇင်ကြိုက်နေသည့် ဆရာမလေးသည် ဤမိန်းကလေးမှန်းသိလိုက်ရပြီး ပျာပျာသလဲနေရာထိုင်ခင်းပေး မိလေသည်။ တော်တော့ တော်ပါသေးသည်။ ဆရာမလေးသည် ထိုစာအတွက်လာခြင်းမဟုတ်ဘဲ သူမတို့ကျောင်းမှာရှိသော ကွန်ပျူတာတွေအတွက် သူ့ထံလာခြင်းဖြစ်ကြောင်းသိလိုက်ရမှ စိတ်နည်းနည်းအေးသွားသည်။

ထို့နောက်မှာတော့ သူ့ဆိုင်သို့ကွန်ပျူတာတွေယူလာဖို့မလိုဘဲ သူသာကျောင်းသို့လာရောက်ကြည့်ရှု ပြုပြင်ပေးမည်ဖြစ်ကြောင်း ပြောလိုက်ရပြီး ဆရာမလေးချိုချိုမောင်တို့ ပြန်သွားသည်။

“တော်ပါသေးရဲ့ဗျာ. . . ကျွန်တော်က ပြဿနာတစ်ခုခု တက်ပြီထင်လိုက်တာ. . . ဟိုတစ်နေ့က ကျွန်တော် သူ့ကိုစာပေးလိုက်တယ်ဗျ. . အဲဒါ မကျေနပ်လို့ ကျောင်းအုပ်ကြီးများတိုင်လိုက်သလားလို့”

“ဟေ. . မင်း သူ့ကိုစာတောင်ပေးပြီးပြီ ဟုတ်လား. . . လုပ်စမ်းပါဦး. . . ငါ့လည်း ပြောပြစမ်းပါဦး”

“ဒီလိုဗျ”

ကျော်ကျော်ဇင်လည်း ဆရာမလေးချိုချိုမောင်ကို ချစ်မိနေပြီဖြစ်သဖြင့် သူမကျောင်းကိုလာမည့်လမ်းမှလည်းကောင်း၊ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



မှေ့တစ်နေရာမှလည်းကောင်း သွားရောက်စောင့်ဆိုင်းကြည့်ရှုဖေး မောမိလေသည်။ ကြာတော့ ချိုချိုမောင်ကလည်း သူ့ကိုသတိပြုမိလာသည်။ ထိုအခါမျိုးတွင် ချိုချိုမောင်ကလည်း ဘာကြောင့်မှန်းမသိဘဲ ရင်ဖိုနေတတ်၏။ မျက်လုံးအကြည့်ကို မသိမသာဖြန့်ပြီး ကျော်ကျော်ဇင့်ကို ရှာကြည့်တတ်လာသည်။ ရက်တွေကြာလာတော့ ကျော်ကျော်ဇင်လည်း မည်သို့မျှနေ၍မရတော့သဖြင့် ဆရာမလေးကိုဖွင့်ပြောဖို့ ကြိုးစားမိသည်။ သို့သော်သူ့မရဲပါ။ ဆရာမလေးကို အဝေးမှငေးမော ကြည့်ရှုရဲသော်လည်း အနီးသို့ကပ်ပြီး သူ့မေတ္တာကိုဖွင့်ဟဖို့ကိစ္စကို သူကြောက်နေ၏။ ကျော်စွာမြင့်ကတော့ သူ့ကိုအားပေးရှာသည်။

"မင်း. . သူ့မျက်နှာကို မကြည့်နဲ့ကွ. . . သူ့မျက်နှာကို ကြည့်လိုက်တာနဲ့. . မင်းရင်တွေ တဒိတ်ဒိတ်ခုန်လာမယ်. . . ခြေဖျား လက်ဖျားတွေ အေးလာမယ်. . . ချေးပါချင်သလိုလို. . ရှူရှူပေါက်ချင်သလိုလို ဖြစ်လာလိမ့်မယ်"

"ဟာကွာ. . တခြားဟာတွေနဲ့ ဥပမာပေးစမ်းပါ"

"တခြားဟာတွေနဲ့ ဥပမာပေးလို့မရဘူးကွ. . . ငါ့ကိုယ်တွေ့နဲ့ ဥပမာပေးတာ. . . မင်းမယုံရင် စမ်းကြည့်. . . အဲဒီအတိုင်းပဲ ခံစား ရလိမ့်မယ်. . . ဒီတော့ မင်းစိတ်ထဲမှာ မင်းစကားပြောနေတာ မင်း ချစ်နေတဲ့ကောင်မလေးလို့ သဘောမထားဘဲ. . . မင်းအမေလို့ သဘောထားလိုက်"

"ပေါက်ကရကွာ"

"မဟုတ်ဘူးကွ. . တလွဲမတွေးနဲ့. . မိခင်နှင့်တူသော မယား ဆိုတာ မင်းကြားဖူးတယ်မဟုတ်လား. . . ငါပြောတာက အဲဒီလိုမျိုး သဘောထားဖို့ပြောတာ"

"မဖြစ်ပါဘူးကွာ. . . အဲဒီလို သဘောထားတာကနောက် . . သူ့အနားရောက်ဖို့က အရင်. . ငါ သူ့အနားတောင် မသွားရဲဘူး"





"အင်း. . ငါ့ထက်ဆိုးတဲ့ကောင်နဲ့ တွေ့နေပါလား. . . ဒါဆိုလည်း မင်းသူ့ကိုဖွင့်ပြောမယ့်နေ့မှာ အရက်လေးနည်းနည်းသောက်သွား. . . အဲဒါဆို ရဲလာလိမ့်မယ်"

"ကျောင်းဆရာမလေးတစ်ယောက်ရဲ့အနားကို အရက်စော်နံနေတဲ့ကိုယ်ကြီးနဲ့ သွားလို့ကောင်းမလားကွ. . . မင်းကလည်း. ."

"ဒါဆိုလည်း မင်းမှာလုပ်စရာတစ်ခုပဲကျန်တော့တယ်"

"အင်း. . . ပြောပါဦး"

"ဆရာမလေးက မင်းကိုရည်းစားစကားစပြောမယ့်အချိန်ကို စောင့်နေဖို့ပဲ"

"ခွေးကောင်"

ကျော်ကျော်ဇင်သည် ကျော်စွာမြင့်၏ပခုံးကို ပိတ်ရိုက်လိုက်သည့်အခါ ကျော်စွာမြင့်က တဟဲဟဲရယ်လေသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ သူ့ထက်စာလျှင် ကျော်စွာမြင့်ကမှ ရဲသေးသည်။ မြတ်နိုးကို စကားတွေဘာတွေဖြောင်ဖွင့်ပြောရဲသည်။ အနားသို့လည်း နည်းမျိုးစုံဖြင့် ချဉ်းကပ်ရဲသည်။ သည်လိုပုံစံမျိုးနှင့် ချဉ်းကပ်လှုပ်ရှားတာတောင်မှ မြတ်နိုးဆီက မေတ္တာကိုမရသေး။သူ့လိုသာဆိုလျှင်တော့ ဆရာမလေးထံမှ မေတ္တာကို ဒီတစ်သက်ရဖို့မလွယ်။ ကျော်ကျော်ဇင်သည် ဆရာမလေးအကြောင်းစဉ်းစားရင်းနှင့် တစ်ညမှာတော့ စိတ်ကိုဒုံးဒုံးချပြီး ရည်းစားစာကောက်ရေးသည်။

ဆရာမဟု နာမည်တပ်လိုက်။ ချိုဟု နာမည်တပ်လိုက်၊ ချိုချိုဟု နာမည်တပ်လိုက် ချိုမောင်ဟု နာမည်တပ်လိုက် မကြိုက်လိုက်နှင့် စာရွက်တွေလည်း အတော်ကုန်သွား၏။ ဆရာမလေး၏နာမည် ချိုချိုမောင်မှ နောက်ဆုံးစာလုံးမောင်ကိုတော့ တပ်၍မဖြစ်ပါ။ အဲဒါဆိုလျှင် သူ့အခြောက်ဖြစ်သွားပေလိမ့်မည်။ နောက်ဆုံးတော့ ဆရာမဟုသာ နာမည်တပ်လိုက်မိသည်။ လောလောဆယ်တော့ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ချိုဟု သူမခေါ်ရဲသေးပါ။ ဆရာမလေးကလည်း ထိုသို့ခေါ်သည်ကို ကြိုက်ချင်မှကြိုက်ပါလိမ့်မည်။ ထိုကြောင့် ဆရာမဟုသာ သုံးနှုန်းလိုက်သည်။ ထိုသို့သုံးသည်ကိုတော့ ဆရာမလေးကြိုက်နှစ်သက်တန်ရာပါသည်။

ဆရာမ

ကွန်ပျူတာတစ်လုံးမှာ ဟတ်ဒစ်ဟာ အရမ်းအရေးကြီးသလို လူတစ်ယောက်မှာလည်း အသည်းနှလုံးဟာ အရမ်းအရေးကြီးပါတယ်...

ကွန်ပျူတာသမားမို့ သူ့ရည်းစားစာမှာ ကွန်ပျူတာဝေါဟာရတွေပါနေသည်။ သို့သော် ထိုအချက်ကို သတိမပြုမိဘဲဆက်ရေးသည်။

နောက်ပြီး စီပီယူဟာ ကွန်ပျူတာရဲ့ဦးနှောက်ပဲမဟုတ်လား ... ကျွန်တော်လည်း ဆရာမကို ဟတ်ဒစ်လိုမျိုး နှလုံးသားထဲမှာ သိမ်းထားချင်ပါတယ် ... ပြီးတော့ဆရာမကို အမြဲတမ်းသတိရတော့ ကျွန်တော့်ဦးနှောက်ထဲကို စီပီယူတစ်လုံး ထပ်ထည့်ထားသလိုဖြစ်နေပါတယ်။

မနက်မနက်ဆို ကျွန်တော်အိပ်ရာကနိုးတိုင်း ဆရာမကို သတိရနေတာဟာ ... ကျွန်တော် မယ်မိုရီအရမ်းများနေလို့ပေါ့နော် ... တစ်နေ့ကတော့ ကျွန်တော့် နှလုံးသားဟတ်ဒစ်ကို ကျွန်တော်ယူနစ်တိုင်းကြည့်မိလိုက်တယ် ... ထောင့်ငါးရာဂစ်ဘ်တောင်ရှိနေတယ် ဆရာမ ...

ဒါကြောင့်မို့ ဒီလောက်ဂစ်ဘ်များလွန်းတဲ့ ကျွန်တော့်နှလုံးသားဟတ်ဒစ်ကို ဆရာမအချစ်ဝင်းဒိုးလေးတစ်ခု တင်ပေးပါလားဟင် ...

ကျော်ကျော်ဇင်

ရေးပြီးသွားသောအခါ စာကိုတစ်ခေါက်ပြန်ဖတ်ကြည့်လိုက်သည်။ မဆိုးပါ။ ကွန်ပျူတာဝေါဟာရတွေကို ခေတ်မိန်းကလေးဖြစ်သူ ဆရာမလေးနားလည်ပါလိမ့်မည်။ ပြီးတော့ သူ့စာထဲမှာ မိန်း-





ကလေးတစ်ယောက်နားလည်နိုင်မည့် နှလုံးသားရေးရာတွေပါနေပါသည်။ ထိုအခါ ဆရာမလေးနားလည်ပါလိမ့်မည်။

နောက်တစ်နေ့နံနက်တွင် ဆရာမလေးကျောင်းသို့လာမည့် လမ်းတစ်နေရာမှ သူဆရာမလေးကို သွားစောင့်နေပြီး ရင်တွေတဒိတ်ဒိတ်ခုန်နေမိသည်။ နောက်တော့ ဆရာမလေးတစ်ယောက်တည်း အေးအေးလူလူလျှောက်လာသည်။ သူ့ကိုတွေ့လိုက်သောအခါ သူမ အံ့ဩသွားပုံရသည်။

"ဩော်... လမင်းဇော်အတွက် ခွင့်စာလာပေးတာလား"

သူ့မျက်နှာ ငိုရမလို ရယ်ရမလိုဖြစ်သွားပါလိမ့်မည်။ ဆရာမလေး အထင်မှားမည်ဆိုလည်း မှားစရာ။ သူကလည်း လက်ထဲမှာ စာလေးတစ်စောင်ကိုင်ထားမိပေသကိုး။

"မဟုတ်ပါဘူး ဆရာမ.. ဒါ.. လမင်းဇော်အတွက် ခွင့်စာမဟုတ်ပါဘူး"

"ရှင်"

"ဒါ ကျွန်တော့်စာပါ"

သူသည် ဆရာမလေးကို စာအိတ်လေးလှမ်းပေးသည်။ ချိုချိုမောင်သည် ရှက်ရွံ့စွာနှင့် ယောင်ပြီးစာကိုယူလိုက်မိသည်။

"ကျွန်တော်သွားတော့မယ်"

ချက်ချင်းပင် သူလှည့်ထွက်လာခဲ့မိသည်။ လမ်းရောက်မှပင် ဆရာမလေးကို စာပေးမိသည်မှာမှားပြီလားဟု ပြန်စဉ်းစားမိသည်။ ကျောင်းသားတစ်ယောက်၏အုပ်ထိန်းသူ ဦးလေးတစ်ယောက်အနေနှင့် သည်အပြုအမူမျိုးကိုလုပ်သင့်ပါသလား။ သူခေါင်းတွေ ထူပူနေ၏။

"အဲဒါပဲဗျ... စာကို သူ.. ယူတော့သွားတယ်"

ကျော်ကျော်ဇင်က ဇာတ်လမ်းကိုအဆုံးသတ်လိုက်သောအခါ ကိုဖြိုးက ခေါင်းတညိတ်ညိတ်လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးတော့ မဆိုးပါဘူး. . . ဘာပဲဖြစ်ဖြစ်. . . မင်း သူ့ကို ကြိုက်နေတယ်ဆိုတာ သူသိသွားပြီပဲ"

"အဲဒီတော့ ကျွန်တော်ဘာဆက်လုပ်ရမလဲဟင်"

"ဘာမှဆက်လုပ်စရာမလိုတော့ဘူးကွ. . . မင်းအပိုင်းက ပြီးသွားပြီ. . . ကောင်မလေးအပိုင်းပဲ ကျန်တော့တယ်. . . အဲဒီတော့ မင်းအချိန်နည်းနည်းစောင့်. . . ပြီးရင် ကောင်မလေးကို ဖြောင်ဖွင့်မေး . . . ဒါပဲ"

"ဖွင့်မေးဖို့ နေနေသာသာဗျ. . . အခု ကွန်ပျူတာပြင်ဖို့ သူ့ ကျောင်းတောင် ကျွန်တော်မသွားရဲဘူးဖြစ်နေတယ်"

"ဆိုးလှချည်လား. . . ဒါဆို မင်းကိုမေးမယ်ကွာ. . . ကွန်ပျူ တာတစ်လုံးပြင်ဖို့နဲ့. . . ဆရာမလေးကို ဖွင့်မေးဖို့ ဘယ်ဟာခက်ခဲ သလဲ"

"သူ့ကိုဖွင့်မေးဖို့က ခက်တာပေါ့ဗျ"

"အင်း. . ဘာပဲဖြစ်ဖြစ်ပေါ့လေ. . သူပြောတဲ့နေ့မှာတော့ မင်း သူ့ကျောင်းကို ကွန်ပျူတာသွားပြင်ဖြစ်အောင် ပြင်. . . ရင်းနှီးမှုကို ဒီ့ထက်ရအောင်လုပ်"

စကားစ ပြတ်သွားသည်။ ကိုဖြိုးသည် စောစောက လှည်း လက်စတံမြက်စည်းကို ဆက်လှည်းသည်။

ထိုအချိန်တွင် ဆရာမလေး ချိုချိုမောင်သည် အိမ်ပြန်ရောက် သွားပြီး အဝတ်အစားလဲကာ သူမ၏အခန်းထဲမှာ အနားယူနေ၏။ သူမသည် ရင်တွေခုန်နေဆဲပဲဖြစ်သည်။ ကြံကြံဖန်ဖန် တိုက်တိုက်ဆိုင် ဆိုင် သူမကိုရည်းစားစာပေးထားသူ၏ ကွန်ပျူတာဆိုင်ကိုမှ ရောက် သွားရသည်။

ဘာတဲ့။ သူ့နာမည်က ကျော်ကျော်ဇင်တဲ့။ လမင်းဖော်၏ ဦးလေး။ သူမကိုရည်းစားစာပေးခဲ့သည့်နေ့ကို ပြန်သတိရ၏။ သူမက





လည်း စာကိုမြင်တော့ လမင်းဖော်ခွင့်စာပင် ထင်လိုက်မိသည်။ ပြီး တော့ သူ့ရည်းစားစာကို ယောင်တောင်ပေါင်တောင် ယူထားလိုက်မိ သည်။ ကျော်ကျော်ဇင် အဝေးကိုရောက်သွားမှ စာကိုယူလိုက်မိခြင်း အား ရှက်သွားပြီး စာကို သူမ၏ခြင်းတောင်းလေးထဲမှာ ဖွက်ထား လိုက်သည်။

ထိုနေ့က သူမအိမ်ပြန်ရောက်သည်နှင့် ပထမဆုံးလုပ်မိသော အလုပ်မှာ ကျော်ကျော်ဇင်၏ရည်းစားစာကို ဖွင့်ဖတ်မိခြင်းပင်ဖြစ် သည်။ ဖတ်ပြီးသောအခါ သူမရယ်ချင်သွားသဖြင့် ခစ်ခနဲတစ်ချက် ရယ်လိုက်မိသည်။ တက္ကသိုလ်တက်တုန်းက သူမကိုရည်းစားစာပေး သူနှစ်ယောက်၊ သုံးယောက်လောက်ရှိခဲ့ဖူးသည်။ သို့သော် ယခုစာလို မဟုတ်။ ဤစာက ကွန်ပျူတာအသုံးအနှုန်းတွေပါနေသဖြင့် ပထမ တော့ သူမနားလည်ရခက်နေသည်။ ယခုတော့လည်း ကွန်ပျူတာ ဆိုင်ဖွင့်ထားသည့်သူဖြစ်သဖြင့် သူရေးထားသည့်စာကိုနားလည် လာ၏။

ဆံပင်ညှင်းသိုးသိုး ဘုတ်သိုက်ကြီးဖြစ်နေသည်မှအပ၊ ရှပ် အင်္ကျီ ကြယ်သီးတွေကို မည်သည့်အခါမျှ အပြည့်မတပ်ထားသည်မှ အပ၊ ပုဆိုးဝတ်လျှင် ချက်ပြုတ်ဝတ်တတ်သည်မှအပ ကျော်ကျော်ဇင် သည် ကြည့်ကောင်းသည်ဟု သူမထင်မိပြုပါသည်။ တစ်ခါတုန်းက လည်း သူ့ကျောင်းရှေ့က ဇာဒ်ပင်ရိပ်မှာရပ်၍ သူမကိုငေးမောနေ သည်ကို သူမသတိပြုမိသည်။ အဝေးကြည့်ဖြစ်သော်လည်း သူ့ သဏ္ဍာန်ကို သူမကောင်းကောင်းသတိပြုမိသည်။ ဆံပင်ကိစ္စ၊ ကြယ် သီးကိစ္စတွေက ခွင့်လွှတ်၍ရသော်လည်း ပုဆိုးချက်ပြုတ်ကိစ္စကတော့ အတော်ကလေးဆိုးသည်။

လေကလေးပြင်းပြင်းသာ တိုက်လိုက်လျှင် ကိစ္စများပေတော့ သည်။ ချိုချိုမောင်သည် ထိုအတွေးကိုတွေးမိလိုက်သဖြင့် ရယ်ချင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခစ်ခနဲရယ်လိုက်မိပြန်သည်။ ပြီးမှ ယခုလိုရယ်လိုက်မိခြင်းကို မေမေ တို့များ တွေ့သွားသလားဟုစိုးရိမ်သွားသည်။

ချိုချိုမောင်သည် ခုတင်ထက်မှာလှဲရင်း ကျော်ကျော်ဇင့် အကြောင်းကို စဉ်းစားမိပြန်သည်။ ရိုးသားပုံလည်းရသလို၊ စာရိတ္တ ကောင်းပုံလည်းရသည်ဟုတွေးရင်းက သူမသည် သူ့အပေါ် ချစ်မိနေ ပြီလားဟု သံသယရှိလာသည်။ ယခုအချိန်ထိ သူမ၏စိတ်ကို လှုပ်ရှား စေသူမှာ ကျော်ကျော်ဇင်တစ်ယောက်သာရှိပါသေးသည်။ ဘာပဲဖြစ် ဖြစ် တစ်နေ့နေ့တော့ သူမ၏မေတ္တာကို ပြန်လည်တုံ့ပြန်မည်ဟု စဉ်းစားလိုက်သည်။

သို့သော် နေ့လယ်ထမင်းစားချိန်ရောက်သောအခါ ပြဿ နာတစ်ရပ်လာလေတော့သည်။ စပြောသူမှာ၊ သူမ၏မိခင် ဒေါ် မေမေတင့်ပင်ဖြစ်သည်။

"သမီးကို မေမေတို့ မောင်မင်းခေါင်နဲ့နေရာချထားဖို့ စီစဉ် ထားတယ်"

ချိုချိုမောင်သည် အထိတ်တလန့်ဖြစ်သွားသည်။ ကိုမင်း ခေါင်ကို သူမသိပါသည်။ သူမ၏မိခင် ဒေါ်မေမေတင့်၏သူငယ်ချင်း ဖြစ်သူ ဒေါ်ခင်လတ်၏သားဖြစ်ပါသည်။ သူတို့၏ချမ်းသာကြွယ်ဝမှု သည် သူမတို့ထက်များစွာပိုပါသည်။ မင်းမင်းအကျိုးဆောင်လုပ်ငန်း ကို လုပ်သည်။ နောက်ပြီး သူမတို့မသိသော စီးပွားရေးလုပ်ငန်းတွေ ကလည်း များလှပါသည်။

ကိုမင်းခေါင်သည် သူမတို့အိမ်သို့တစ်ခါတစ်ရံလာရောက် လည်ပတ်တတ်ပြီး လည်လျှင်လည်း တစ်အိမ်လုံးအတွက် လက် ဆောင်ပစ္စည်းတွေယူလာတတ်သည်။ ထိုအချင်းအရာကို သူမ ယခင် က သိပ်နားမလည်ခဲ့သော်လည်း ယခုတော့ဖြင့် နားလည်လေပြီ။





# ကြက်ရောဂါ

ယခုတလော ကိုသန်းမောင်တစ်ယောက် စိတ်တိုနေသည်။ ည်သူနှင့်စကားပြောပြော စကားကိုအပိုမပြောဘဲ တစ်ခါတစ်ရံ ာ ကျကျစကားတွေပင် ပြောမိသည်။ သူစိတ်တိုနေသည်ကို သူ့မိန်းမ င်ခင်စုလည်းသိသည်။ သားသမီးနှစ်ယောက်လည်း သိသည်။

"ဟင်း. . တစ်လုံးတည်းကပ်လွဲသွားတယ်ကွာ. . တောက် . . . ဘယ်လောက်မိုက်ရိုင်းလိုက်ပါသလဲ. . . ငါ ပက်ပက်စက်စက် ဆဲလိုက်ရ"

ဆဲလိုက်ရဟုသာ ပါးစပ်ကပြောလိုက်သည်။ ဆဲဖြစ်အောင် ဆဲပြီးလေပြီ။ အိမ်မှာနေရင်းလည်း စိတ်တိုသည်။ မုန့်ဟင်းခါးဆိုင် မှာလည်း စိတ်တိုသည်။

"ဟေ့လူ. . ခင်ဗျားစားနေတာ ကြာလှချည်လား. . . ဒီမှာ နောက်လူတွေ နေရာမရလို့မတ်တပ်ကြီးတွေ စားနေတာ အားမနာ ဘူးလား"

"ဟိုလူ. . . ဟင်းရည်ထပ်တောင်းတာ လွန်နေပြီနော်. . . ဒါနဲ့ဆို သုံးခါရှိပြီ"

"တကတည်းဗျာ. . စားတော့ မုန့်ဟင်းခါးတစ်ပန်းကန်. . . ယူလာတဲ့ မုန့်ဖတ်တစ်ဆယ်သား ထပ်ထည့်. . . ပြီးတော့ ဟင်းရည်



www.burmeseclassic.com

www.burmeseclassic.com



ထပ်တောင်း. . . ကောင်းတယ်. . ခင်ဗျားတို့လုပ်ပုံနဲ့ ဆိုင်လည်းမြန်မြန်ပြုတ်မယ်"

"ပါဆယ်တွေက ခဏနေပါဦး. . . ဆိုင်စားတွေကို အရင်ဦးစားပေးပါရစေဦး. . . သူတို့စောင့်နေရတာ ကြာပြီ"

"ဒီနေ့ ဘာဂဏန်းထင်သလဲ ဟုတ်သလား. . . သူည သူည ဘဲဥဗျို့. . . အဲဒါမှမထိုးချင်ရင် ဖိုးရိုးဖိုးရိုး ဝလုံးအဲဒါကိုထိုး. . . ဘာ. . အိပ်မက် မမက်ဘူးလား. . ဟုတ်လား. . . မက်မှမက်သဗျို့. . . ကောင်မလေးတွေ တစ်ဖက်တစ်ရာ. . နှစ်ရာ. . သူတို့က ကျုပ်ကို ဘဲဥတွေလာပေးကြသဗျာ. . . အဲဒါ အတိတ်ကောက်ကြလေရော"

အိမ်သာတက်ရင်းနှင့်လည်း စိတ်တိုသည်။ ယခင်ကဆိုလျှင် သူအိမ်သာတက်ပြီဆိုလျှင် သီချင်းလေးတအေးအေးနှင့်၊ တစ်ခါတလေ လေကလေးများပင် ချွန်လို့။ ယခုတော့ ယခင်လိုမဟုတ်။

"တောက်. . ထွက်လေကွာ. . . မြန်မြန်ထွက်တာ မဟုတ်ဘူး. . . ငါအရမ်းစိတ်တိုနေတယ်နော်. . . ဘာမှတ်သလဲ. . . ငါ မညှစ်ခင် မင်းဘာသာမင်းမြန်မြန်ထွက်. . ခွေးမသားအီး. . အတော် ခေါင်းမာတဲ့ကောင်"

တစ်ခါတလေ အိမ်သာတက်သည်ဟုတောင် မထင်ရဘဲ အိမ်သာထဲက ခဏလေးနှင့်ပြန်ထွက်လာသည့်သူ့ကို မခင်ခင်စုက သံသယဖြစ်စွာဖြင့်မေး၏။

"ရှင် အိမ်သာတက်ခဲ့တာမှဟုတ်ရဲ့လား ကိုသန်းမောင်"

"တက်တယ်ဟ. . တက်တယ်"

"ဒါပေမဲ့ မြန်လှချည်လား"

"မြန်တယ်ဟ. . မြန်တယ်. . စိတ်တိုနေလွန်းအားကြီးလို့ အပြည့်မပါဘဲ တစ်ဝက်ပဲပါခဲ့တာ"

မခင်ခင်စု ခေါင်းစားသွားလေသည်။ ဘယ့်နှယ် တစ်ဝက်ပဲ





ပါခဲ့တာဆိုပါကလား။ သူစိတ်တိုနေတာပျောက်သွားမှ ထိုကိစ္စကို ရှင်းအောင်မေးရဦးမည်ဟုလည်း စိတ်ထဲမှာတေးထားလိုက်ပါသည်။ ကိုသန်းမောင်၏ စိတ်တိုမှုကား လျော့မသွားသည့်အပြင် ပို၍တိုးလာပြန်သည်။ ထမင်းစားသည့်အခါများတွင် . . .

"ဘာဖြစ်လို့ ဘဲဥချည်းပဲချက်နေရတာလဲ. . . ဒီမှာ ဘူနေရတဲ့အထဲ"

"ထမင်းကိုလည်း အနေတော်ချည်းပဲချက်မနေနဲ့ဦး. . . တစ်ခါတလေပျော့အောင်လည်း ချက်ဦး. . ပြီးတော့ ကြက်သားလေးဘာလေးလည်း ချက်ပါဦးကွာ"

"အို. . ကြက်သားဈေးကလည်း သိတဲ့အတိုင်းပဲ. . . ပြီးတော့ ကြက်သားဝယ်ရတာလည်း မတန်ပါဘူး. . . အရိုးချည်းပဲ ကိုက်နေရတာ"

အမှန်တော့ ကိုသန်းမောင်စိတ်တိုသလို၊ မခင်ခင်စုလည်း စိတ်တိုမိသည်။ သို့သော် သူမကတော့ ကိုသန်းမောင်ထက် လက်တွေ့ကျသူမို့ စိတ်တိုခြင်းကို ချက်ချင်းပြန်ဖျောက်နိုင်သည်။ ကြည့်လေ။ ယခုတလော ချဲကလည်း ဘာဂဏန်းတွေမှန်းမသိပါဘဲ ပေါက်ကရတွေထွက်ထွက်လာသည်။ လင်မယားနှစ်ယောက်စလုံးကလည်း အသွင်တူကြသည်မို့ ပထမတော့စိတ်မပျက်။ ထပ်ကာထပ်ကာထိုးသည်။ အကွက်တွေလည်း များသည်။ မပေါက်ဘဲနေတာ ကြာသောအခါ ထိလာလေတော့၏။

ယခင်အခါများကပေါက်ထားသည်များလည်း မရှိတော့ပြီ။ ထိုအခါ အလကားနေရင်းစိတ်တိုလာသည်။ မြင်မြင်သမျှ အပြစ်မြင်လာသည်။ သို့သော် မခင်ခင်စုကတော့ သူ့ယောက်ျားကို အားပေးရှာပါသည်။

"သိပ်တော့လည်း စိတ်မပူပါနဲ့ ကိုသန်းမောင်ရယ်. . . ငွေ



www.burmeseclassic.com

www.burmeseclassic.com



မျှောရင် ငွေနဲ့လိုက်ဆိုတဲ့စကားလည်းရှိသားပဲ. . . ပေါက်တော့ ပေါက် မှာပါ. . . ကျွန်မကြားဖူးတဲ့စကားတစ်ခုရှိတယ် သိလား. . . ရှေ့တက် မယ့်ဆင်ဟာ နောက်ကိုတစ်လှမ်းဆုတ်သတဲ့. . . အခုလည်း ကျွန်မတို့ အချိုးကြီးပေါက်ဖို့ ဒီလိုလွဲနေရသလားမှမသိတာ"

"အေးကွာ. . မင်းပြောသလိုပဲ ဖြေရမှာပဲ. . . ဒါပေမဲ့ကွာ . . . ပွတ်ကာသီကာ လွဲလွဲနေတာကို အသည်းနာလွန်းလို့"

သည်နေ့တော့ အိမ်မှာကိုသန်းမောင်တစ်ယောက်တည်း ကျန်ခဲ့သည်။ ကလေးနှစ်ယောက်က ကျောင်းသွားပြီး မခင်ခင်စုတလည်း မနက်ဖြန်ဆိုင်ထွက်ဖို့ဈေးသွား၏။ ကိုသန်းမောင်လည်း အိမ်မှာပြင်ဆင်လုပ်ကိုင်ပေးစရာတွေကို လုပ်ကိုင်ပေးပြီး ပက်လက်ကုလားထိုင်မှာထိုင်၍ အိပ်ပျော်နေမိသည်။

ထိုအခိုက်မှာပင် ထူးဆန်းသောအသံတစ်သံကြောင့် သူလန့်နိုးလာသည်။

"ကတော်. . ကတော်"

အသံလာရာကို လိုက်ကြည့်လိုက်သောအခါ ခေါင်းရင်းအိမ်ကမွေးထားသည့် ကြက်ကမျက်စိလည်လမ်းမှားပြီး သူတို့အိမ်ထဲ ရောက်လာခြင်းဖြစ်သည်။ ကိုသန်းမောင်သည် မျက်စိချက်ချင်းကျယ်လာသည်။ ဟန်တော့ကျချေပြီ။ ကြက်သားဟင်းမစားရတာလည်း ကြာချေပြီ။ ပြီးတော့ ချဲမပေါက်သဖြင့် သူလည်းအတော်စိတ်ဓာတ်ကျပြီး စိတ်လည်းအလိုလိုနေရင်းတိုနေ၏။ မခင်ခင်စု၏ လည်ပင်းဆွဲကြိုးလည်း ပြောင်သွားလေပြီ။

သည်ကြက်ကိုဖမ်းပြီး သတ်စားမည်။ တစ်ချက်ခုတ်လှ သုံးချက်လောက်ပြတ်မည့်ကိစ္စဖြစ်၏။ သူတို့မိသားစု ကြက်သားဟင်း စားချင်နေသည့်ဆန္ဒလည်း ပြည့်မည်။ ဈေးဖိုးလည်းသက်သာပြီး





ထိုဈေးဖိုးကို ချဲထိုးပစ်၍ရမည်။ ပြီးတော့ ဘာပဲပြောပြော စိတ်ညစ်နေတာတွေလည်း အပြောင်းအလဲဖြစ်သွားပေလိမ့်မည်။ ကိုသန်းမောင်သည် ကြက်ကိုဖမ်းရန်အတွက် ကုလားထိုင်မှအသာကလေး ထလိုက်ပြီး အိပ်ခန်းထဲက ဂွမ်းစောင်ကြီးတစ်ထည်သွားယူလာသည်။

ကြက်သည် ခပ်တိုးတိုးအသံပြုပြီး ကုလားထိုင်တွေအောက် ဝင်သွား၏။ ထိုအခါ တစ်ဖက်အိမ်ကမကြားစေရန်အတွက် ကက်ဆက်ထဲသို့ အခွေတစ်ခွေထည့်ပြီး ခပ်ကျယ်ကျယ်လေးဖွင့်လိုက်၏။ ပြီးတော့ ကုလားထိုင်အောက်ထဲဝင်သွားသော ကြက်ကိုကြက်မွေးတံမြက်စည်းနှင့် လှမ်းကလော်သည်။

"ဟဲ့ကောင်. . ထွက်စမ်း. . . ထွက်"

ကြက်က ရုတ်တရက်မထွက်ဘဲ ပေကပ်ပေကပ်လုပ်နေရင်း ကော်ဇောပေါ်သို့ ချေးတွေပါချသည်။ ထိုအခိုက်မှာပင် ကက်ဆက်ထဲမှ အသံကကျယ်ကျယ်လောင်လောင်ထွက်လာသည်။

"ပါဏာတိပါတာကံကို ကျူးလွန်ရင်ရမယ့်အကျိုးတွေကို တရားနာပရိသတ်ကြီးသိသလား"

"မသိပါ ဘုရား"

"အိမ်း. . . သေသေချာချာ မှတ်ထားကြကွယ့်. . . အသက်တိုမယ်. . . ကျန်းမာရေးချို့တဲ့မယ်"

"ဟာ. . အခွေမှားဖွင့်မိပြီ"

ကိုသန်းမောင် ကက်ဆက်ကိုပြေးပိတ်မလို့လုပ်တုန်း ကြက်ကကုလားထိုင်အောက်ကထွက်လာသည်။ ထိုအခါ သူလည်းကက်ဆက်ကိုလျစ်လျူရှုလိုက်ပြီး ကြက်နောက်ကိုလိုက်လေတော့သည်။ ကြက်ကလည်း ရှေ့ကပြေး၊ နောက်ကလည်း သူကဝရုန်းသုန်းကားလိုက်၊ ဆူဆူညံညံအသံတွေ ထွက်လာသော်လည်း ကက်ဆက်မှ ဘုန်းကြီးတရားသံက ဖုံးလွှမ်းနေသဖြင့် တော်သေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကြက်က ဗီရိုပေါ်တက်ပြေးသဖြင့် မခင်ခင်စုသောက်နေကျ သွေးဆေးပုလင်းက ကျကွဲပြန်သည်။ ကိုသန်းမောင်လည်း စိတ်တိုတို နှင့်ပင် ကြက်နောက်လိုက်လေတော့ရာ နောက်ဆုံးတွင် သုံ့ဂွမ်းစောင် ဖြင့် ကြက်ကိုအုပ်၍ဖမ်းလိုက်နိုင်သည်။ သူသည် ကြက်ကိုအသံမထွက် အောင်သတ်လိုက်ပြီး ဂွမ်းစောင်ကြီးကိုခွာလိုက်သည်။ ဂွမ်းစောင်ကြီး တစ်ခုလုံးတွင် ကြက်အမွေးတွေရော၊ ကြက်ချေးတွေပါ ပေကျံကုန်၏။ ကိစ္စမရှိ။ မခင်ခင်စု ပြန်မလာခင် စောင်ကိုလျှော်ပြီးလှမ်းထားလိုက် လျှင်ဖြစ်ပါသည်။

ကိုသန်းမောင်လည်း ထိုအခါမှကက်ဆက်ကိုပိတ်ကာ မီးဖိုထဲသွားပြီး ကြက်ကိုရေနွေးဖျော၍ အမွေးတွေနုတ်သည်။ အမွေးနုတ် ရင်းနှင့် စဉ်းစားခန်းဖွင့်မိပြန်သည်။ အိမ်ထဲကို ကြက်ဝင်သည်ဆိုတော့ မည်သို့အတိတ်ကောက်ရလေမည်နည်း။ အိမ်ဆိုသောဝေါဟာရသည် တနင်္ဂနွေနံဖြစ်သဖြင့် တစ်ဂဏန်းကို ကိုယ်စားပြုပါသည်။ ကြက်ဆို သောဝေါဟာရကား တနင်္လာနံဖြစ်သဖြင့် နှစ်ဂဏန်းကိုကိုယ်စားပြု ပါသည်။

သည်တော့ မနက်ဖြန်အတွက် တစ်နှစ်ထိုးရမည်။ ပြီးလျှင် ထိုဂဏန်းကိုပင် အာရပေလိမ့်မည်။ တကယ်တော့ R (အာရ်) ဆို သောဝေါဟာရကို နှစ်လုံးသမားတိုင်းသိသည်။ Reverse ဆိုသော အင်္ဂလိပ်စာလုံးကိုပင် အတိုကောက်ယူသုံးခြင်းဖြစ်၏။ ပြောင်းပြန် ပြုလုပ်သည်ဆိုသောသဘောဖြစ်ပါသည်။

ကိုသန်းမောင်သည် ကြက်ကိုအမွေးနုတ်ပြီးသွားသောအခါ ပြဿနာတစ်ရပ်ကို စတင်ကြုံလေတော့သည်။ သည်ကြက်မွေးတွေ ကို ဘယ်ကိုသွားပစ်ရလေမည်နည်း။ ကြွပ်ကြွပ်အိတ်ထဲထည့်ပြီး သန့် ရှင်းရေးအမှိုက်ကားလာသည့်အခါ ပစ်လိုက်၍ရသော်လည်း ကြက် သတ်ထားမှုအတွက် သည်အမွေးတွေကို သက်သေခံပစ္စည်းအဖြစ်





အမှိုက်ကားမလာမချင်း သူ့အိမ်ထဲမှာရှိနေမည့်အဖြစ်။

ခေါင်းရင်းအိမ်က သူတို့ကြက်ပျောက်မှန်းသိပြီး ရပ်ကွက် လူကြီးများနှင့် သူတို့အိမ်သို့လာရှာလျှင် ဒုက္ခတွေ့ပေတော့မည်။ သည် တော့ ကြက်ထက် ကြက်မွေးတွေကိုဖျောက်ပစ်ဖို့က ပိုအရေးကြီးသည်။ ထို့ကြောင့် ကိုသန်းမောင်လည်း ကြက်မွေးတွေကို ကြွပ်ကြွပ်အိတ်ထဲ လုံးထည့်ပြီး အပေါ်အကျီကောက်ဝတ်သည်။ ပြီးတော့ ကြွပ်ကြွပ်အိတ် ကိုဆွဲပြီး လမ်းထိပ်သို့ထွက်ခဲ့သည်။

လမ်းထိပ်မှာ ဟိုယောင်ယောင်သည်ယောင်ယောင်နှင့် ရပ် နေစဉ် ဆိုက်ကားသမားကိုဖိုးထောင်၏ ဆိုက်ကားကသူ့အနားရောက် လာသည်။

“ဟေ့ ကိုသန်းမောင် . . . ဘယ်သွားမလို့လဲ”

“ဘယ်ရယ်လို့ မဟုတ်ပါဘူးကွာ . . ဟိုဒင်း . . ”

“မခင်ခင်စု ဈေးသွားတာ ပြန်မရောက်သေးဘူးလား”

“မရောက်သေးဘူး”

ကိုသန်းမောင်သည် ကိုဖိုးထောင်၏အလစ်တွင် ဆိုက်ကား နောက်ဘက်ထိုင်ခုံသို့ ကြက်မွေးထည့်ထားသည့် ကြွပ်ကြွပ်အိတ်ကို အသာလေးလှမ်းတင်လိုက်သည်။ ကိုဖိုးထောင်သည် ဘာမှမသိဘဲ ကိုသန်းမောင်ကိုနှုတ်ဆက်ကာ ထွက်သွားသည်။ ဘာပဲဖြစ်ဖြစ် သူ့ လက်ထဲမှာ ကြက်မွေးကြွပ်ကြွပ်အိတ်ကြီးမရှိတော့ခြင်းအတွက် ကျေ နပ်သွား၏။

ကိုဖိုးထောင်ကတော့ သူ့ဆိုက်ကားကို ဈေးဘက်သို့နင်းသွား သည်။ ထိုအချိန်တွင် မခင်ခင်စုသည် ဈေးထဲမှအထုပ်အပိုးတွေနှင့် ထွက်လာပြီး အိမ်ပြန်ရန်အတွက် ဆိုက်ကားငှားဖို့ကြည့်လိုက်စဉ် ဈေး နှိုရာသို့လာနေသော ကိုဖိုးထောင်၏ဆိုက်ကားကိုတွေ့လိုက်ရလေ သည်။ ထို့ကြောင့်သူမသည် ကိုဖိုးထောင်ဆိုက်ကားကိုပင် စောင့်၍



www.burmeseclassic.com

www.burmeseclassic.com



စီးမိလေသည်။

"လာ မစု. . . အထုပ်တွေ ကျွန်တော့်ကိုပေး"

မခင်ခင်စုသည် ကိုဖိုးထောင်ကိုအထုပ်အချို့ပေးရင်းနှင့် ဆိုက်ကားနောက်ခုံက ကြွပ်ကြွပ်အိတ်ကြီးကိုတွေ့သွားသည်။ ဘာထုပ်ကြီးပါလိမ့်။ ပိုက်ဆံတွေများလား။ ကိုဖိုးထောင်၏ပါစင်ဂျာတစ်ဦးဦးကျန်ခဲ့သောအထုပ်ကြီးဖြစ်ရပေလိမ့်မည်။ ကံကော်၍ ချုံပေါ်သို့ရောက်လေပြီ။ အထုပ်ကြီး၏အရွယ်ပမာဏကို မှန်းရသည်မှာ သိန်းနှစ်ဆယ်၊ အစိတ်လောက်တော့ရှိပေလိမ့်မည်။

သူမသည် အထုပ်တွေတင်ပြီးသည်နှင့် ဆိုက်ကားရှေ့ခုံမှာ ဝင်ထိုင်ရင်း ကြွပ်ကြွပ်အိတ်ကြီးအပါအဝင် သူမ၏အထုပ်တွေကို လက်နောက်ပြန်ပြုပြီး သိုင်းဖက်ထားလိုက်သည်။

"မနက်ဖြန်ရော. . . ဘာဂဏန်းတွေဖြစ်နိုင်သလဲ အစ်မ"

"မပြောတတ်ပါဘူးဟယ်. . . အခု နောက်ပိုင်းမှာ တို့လည်း ဘယ်လိုဖြစ်တယ်မသိဘူး. . . ထိုးလိုက်တိုင်း လွဲလွဲနေတယ်. . . သူများကိုလည်း ဂဏန်းမပေးရဲတော့ဘူး"

သူတို့နှစ်ယောက်သည် ဆိုက်ကားပေါ်မှာ စကားတပြောပြောနှင့်လာခဲ့ရာ မခင်ခင်စု၏အိမ်ရှေ့သို့ရောက်လာသည်။ ထိုအခါ အိမ်ထဲမှာ ကိုသန်းမောင်က အပြေးကလေးထွက်လာပြီး မခင်ခင်စု၏ ပစ္စည်းတွေကို ကူသယ်ပေးသည်။ ဆိုက်ကားနောက်မှ အထုပ်တွေကို အိမ်ထဲသို့ဆွဲသွားသည့်အခါ ကြက်မွေးတွေထည့်ထားသည့် ကြွပ်ကြွပ်အိတ်ကြီးလည်း ပါသွားသည်။

"တစ်အိမ်လုံးလည်း မွှေးနေပါလား ကိုသန်းမောင်"

"ရှူး. . တိုးတိုး. . ကိုမောင် ကြက်သားဟင်းချက်နေလို့"

မခင်ခင်စုသည် နားမလည်။ ထိုအခါ ကိုသန်းမောင်က မခင်ခင်စုနားနားကပ်ပြီး အကြောင်းစုံရှင်းပြလိုက်သည်။





"ကောင်းတာပေါ့ရှင်. . ကလေးတွေလည်း ထမင်းမြိန်တော့မှာပဲ. . ဟင်း ဟင်း"

ထို့နောက်မှာတော့ မခင်ခင်စုဝယ်လာသည့်ပစ္စည်းတွေကို မီးဖိုထဲသို့ရွှေ့သည်။ ထိုအခါမှ မခင်ခင်စုက ကြက်မွေးကြွပ်ကြွပ်အိတ်ကြီးကို လက်ကမရင်းတိုးတိုးလေးပြောသည်။

"ကျွန်မလည်း ဆိုက်ကားပေါ်ကအထုပ်တစ်ထုပ်ရခဲ့တယ် . . . ဒီမှာလေ. . လာ. . ဖွင့်ကြည့်ရအောင်. . . ငွေတွေဆိုရင်တော့ မှတာပဲ"

ကိုသန်းမောင်က ကြွပ်ကြွပ်အိတ်ကိုလှမ်းယူပြီး မျက်မှောင်ကုပ်၏။

"အင်း. . ငွေတွေဆိုရင်တော့ အိတ်ဟာဒီထက်လေးမှာ သေချာတယ်. . . ငွေတွေတော့ မဖြစ်နိုင်ဘူး. . . အထည်များလားကွာ . . . တီရှပ်တို့ စပို့ရှပ်တို့ဖြစ်နိုင်တယ်. . မှန်းစမ်း"

ကိုသန်းမောင် အထုပ်ကိုဖြေလိုက်သောအခါ တွေ့လိုက်ရသောကြက်မွေးတွေကြောင့် မျက်နှာပျက်သွားမိသည်။

ဟင်. . ဒီအထုပ်ဟာ စောစောက သူကိုဖိုးထောင်၏ ဆိုက်ကားပေါ်သို့ အလစ်တင်ပေးလိုက်မိသည့်အထုပ်ပေပဲ။ ဘယ့်နှယ်က ဘယ့်နှယ် သူ့အိမ်သို့ ပြန်ရောက်လာတာပါလိမ့်။

"ဟယ်. . . ကြက်မွေးတွေ"

"ဟိတ်. . တိုးတိုးပြောကွာ. . . ဟိုဘက်အိမ်က ကြားသွားသိမ့်မယ်"

ကိုသန်းမောင်လည်း သူ့အထုပ် သူ့ဆီပြန်ရောက်လာပုံကို အခြေအနေတွေဆက်စပ်ပြီး နားလည်သွား၏။ ထို့ကြောင့် မခင်ခင်စုကို ခပ်တိုးတိုးရှင်းပြရင်းက ကြက်မွေးအိတ်ကို ဒုတိယအကြိမ်မြောက် သွင့်ပစ်ဖို့ အိမ်ကထွက်ရပြန်လေတော့သည်။ သည်တစ်ခါတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



သည် လမ်းကိုဝေးဝေးလျှောက်ပြီး ရပ်ကွက်အစွန်တစ်နေရာမှာရှိသော အမှိုက်ပုံကြီးသို့ အထုပ်ကိုသွားစွန့်ပစ်လိုက်၏။

သူစွန့်ပစ်ခဲ့သောအထုပ်ကို အမှိုက်ပုံမှာ ဟိုဟိုဒီဒီမွှေနှောက်ရှာဖွေနေသော ကလေးတစ်ယောက်ကတွေ့သွားပြီး ဖွင့်ကြည့်ပြန်သည်။ ကြက်မွေးတွေမှန်းသိရသောအခါ အထဲမှာတစ်စုံတစ်ခုများပါနိုးနိုးနှင့် အိတ်ကိုသွန်ချကာရှာကြည့်ပြန်၏။ ထိုအခါ ကြက်မွေးတို့သည် အမှိုက်ပုံမှာပွစာကြဲကုန်တော့သည်။ ထိုအချင်းအရာကို အမှိုက်ပုံဘေးမှ စက်ဘီးစီးပြန်လာသော ဦးချမ်းသာကတွေ့သွား၏။

"ဟာ. . ဟေ့. . ကလေး. . . ကြက်မွေးတွေကို မကိုင်နဲ့. . မထိနဲ့. . . အဲဒီမှာ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ ရှိချင်ရှိနေလိမ့်မယ်"

နောက်နှစ်ရက်လောက်ကြာသောအခါ ဦးချမ်းသာ၏လှုံ့ဆော်မှုဖြင့်လည်းကောင်း၊ ရပ်ကွက်အတွင်း ခိုနှင့်ကျီးများသေဆုံးမှုကြောင့်လည်းကောင်း၊ သက်ဆိုင်ရာကျန်းမာရေးဌာနက တာဝန်ရှိသူများ သူတို့ရပ်ကွက်သို့ရောက်လာပြီး ကြက်ငှက်တုပ်ကွေးဆိုင်ရာ ပညာပေးဟောပြောမှုကို လုပ်ဆောင်ဖို့စီစဉ်လေတော့၏။ ထိုအခါ ဦးချမ်းသာက ဆိုက်ကားတစ်စီးဖြင့် စပီကာအော်လံကြီးဖြင့် တစ်ရပ်ကွက်လုံးသို့ ပညာပေးဟောပြောမှုကို တက်ရောက်နားထောင်ရန် လှုံ့ဆော်ပေးလေတော့သည်။

"အဟမ်း ဟမ်း. . . ရပ်ကွက်အတွင်းရှိ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား. . . ယခုအခါ ဆောင်းရာသီရောက်လာပြီဖြစ်ပါသဖြင့်. . . ငှိ. . ငှိ. . တီ"

အရေးထဲ မိုက်ကရိုဖုန်းကလည်း ဖောက်ပြန်နေသေး၏။ စပီကာမှ အသံမျိုးစုံထွက်ပြီး ဦးချမ်းသာ၏အသံကတော့ ပျောက်နေ၏။





"အင်း. . ဆောင်းရာသီရောက်လာပြီဆိုတော့. . စောင်တို့ အနွေးထည်တို့ ထပ်ဝယ်ထားဖို့ လိုက်နှိုးဆော်နေတာလား မသိဘူး"

"ဟာ မဖြစ်နိုင်ပါဘူး. . . ဒါတွေက တကူးတကန့်လိုက်နှိုးဆော်နေရမယ့်ကိစ္စမှ မဟုတ်တာ. . . လူငယ်တွေအိမ်ထောင်ပြုကြဖို့ သွယ်ဝိုက်ပြီးတိုက်တွန်းနေတာများလား"

"ဖြစ်နိုင်တယ်. . ဒါ ဖြစ်နိုင်တယ်. . . ဟဲ ဟဲ. . ဆောင်းတွင်းဆိုတော့ အိမ်ထောင်လေးနဲ့ဆိုတော့ တယ်နိုပ်မှာ. . . ချမ်းကလည်း ချမ်း. . . အင်း. . . အေးကလည်း အေး"

စပီကာမှ ဦးချမ်းသာ၏အသံ တိုးလိုးတန်းလန်းရပ်သွားသောအခါ ရပ်ကွက်သူရပ်ကွက်သားတို့က အမျိုးမျိုးထင်ကြေးပေးကြလေတော့သည်။ ထိုအခိုက်မှာပင် အသံချဲ့စက်က ပြန်ကောင်းသွားပြီး ဦးချမ်းသာ၏အသံကြီးက ဆက်၍ထွက်ပေါ်လာတော့သည်။

"အဲဒီတော့ ဆောင်းရာသီရောက်လာပြီဆိုတာနဲ့. . . ကမ္ဘာအရပ်ရပ်မှာရှိတဲ့ မဆောင်းခိုငှက်တွေဟာ ကျွန်တော်တို့နိုင်ငံကိုရောက်ရှိလာပါလိမ့်မယ်. . . အဲဒီငှက်တွေထဲမှာ. . ငှိ. . ငှိ. . တီ. . ရှဲ"

ဦးချမ်းသာ၏အသံ ဆက်မထွက်နိုင်တော့သောအခါ ရပ်ကွက်သူ ရပ်ကွက်သားတွေကလည်း ထပ်မံ၍ထင်ကြေးပေးကြပြန်သည်။

"ဆောင်းခိုငှက်တွေဆိုတော့. . ဗျိုင်းတွေများလား"

"ဟာ. . ဗျိုင်းက အဲဒီလောက်ဝေးဝေး မပျံနိုင်ပါဘူး. . . ကျွန်တော့်စိတ်ထင်တော့ သိန်းငှက်တို့၊ စွန်တို့ပဲဖြစ်မယ် ထင်တယ်"

"ငါ့စိတ်ထင်တော့ လင်းတတွေများလား"

"ဟာ. . နေကြပါဦး. . တစ်ယောက်တစ်မျိုး ထင်ရာမြင်ရာတွေလျှောက်ပြောမနေကြပါနဲ့. . . ဦးချမ်းသာပြောတာ နားထောင်ကြပါဦး. . . သူက ကျုပ်တို့ထက် ဗဟုသုတပိုစုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းသာ၏အသံက ဆက်ထွက်လာပြန်သည်။

"ဆောင်းခိုငှက်တွေထဲမှာ. . အဲ. . ဆောင်းခိုငှက်တွေ အကြောင်းတော့ ကျွန်တော့်ထက်ပညာရှင်တွေကပိုသိမှာမို့. . အသေးစိတ်တော့မပြောပါရစေနဲ့တော့"

"ဟင်. . ငါတို့က သူများသိသလားလို့"

"အဲဒီဆောင်းခိုငှက်တွေရောက်လာရင် သူတို့နဲ့အတူ ကြက်ငှက်တုပ်ကွေးရောဂါတစ်မျိုး ပါလာနိုင်ပါတယ်. . . ဒီငှက်တွေကနေ ကျွန်တော်တို့ဆီမှာ မွေးထားတဲ့ကြက်တွေ၊ ငှက်တွေကို ရောဂါကူးစက်ပျံ့နှံ့နိုင်ပါတယ်. . . ဒါဟာ အလွန်ပဲအန္တရာယ်ကြီးမားလှပါတယ်"

ရပ်ကွက်သူ ရပ်ကွက်သားတို့သည် ငြိမ်သက်သွားကြ၏။

"ဒီကြက်ငှက်တုပ်ကွေးရောဂါဟာ အခုဆိုရင် တစ်ကမ္ဘာလုံးမှာ အတော်ကလေးကို ပျံ့နှံ့လာပြီးတော့. . ကျွန်တော်တို့အိမ်နီးချင်းနိုင်ငံတွေကိုလည်း ကူးစက်ရောက်ရှိလာပါတယ်. . . ဗီယက်နမ်မှာဆိုရင်. . လူကိုတောင်မှ ကူးစက်တယ်လို့ဆိုပါတယ်. . . အင်ဒိုနီးရှားမှာဆိုရင်လည်း တစ်ယောက်လား၊ နှစ်ယောက်လား. . အဲ. . သုံးယောက်လားတော့ ကျွန်တော်တိတိကျကျမသိလို့. . သေချာပေါက်တော့ မပြောပါရစေနဲ့"

"အင်း. . ဦးချမ်းသာ သုတေသနစာတမ်းဖတ်နေတာများလား"

"ဟာ. . လမ်းမလယ်ခေါင်ကြီး ဆိုက်ကားတစ်စီးနဲ့ သုတေသနစာတမ်းဖတ်မလားဟ"

"အဲဒီတော့ အခုဆိုရင် ကျွန်တော်တို့ရပ်ကွက်ထဲမှာ ခိုတွေကျီးတွေသေနေတာတွေ့လို့ ကျန်းမာရေးဌာနကိုတင်ပြထားလို့. . . သူတို့လည်း စစ်ဆေးနေပါတယ်. . . ဒီတော့ကာ. ."

"ဒီလူကို လိုရင်းတိုရှင်းပြောဖို့. . သင်ပေးရမယ်နဲ့ တူတယ်"





"ဟုတ်တယ်. . . ငါဆိုရင် ကလေးကျောင်းသွားကြိုမယ့်ဟာ. . . သူဘာပြောမလဲသိချင်တာနဲ့ ရပ်နားထောင်နေတာ. . . ခုထိကို လိုရင်းမရောက်ဘူး. . . ကျောင်းသွားကြိုဖို့တောင် မီပါတော့မလား"

"ဒီတော့ကာ. . . မနက်ဖြန် တနင်္ဂနွေမနက်ကိုးနာရီမှာ ရပ်ကွက်ရုံးခန်းရှေ့ကို တစ်အိမ်တစ်ယောက်လာရောက်ပြီး ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ပညာပေးဟောပြောမှုတွေကို မပျက်မကွက်လာရောက်နားထောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်"

"ဩော်. . ဟောပြောပွဲတက်ဖို့ ဖိတ်တာဟဲ့"

"အေးလေ. . ငါက ဘာများလဲလို့"

ဦးချမ်းသာသည် တခြားနေရာသို့ ရောက်သွားပြန်သည်။ သူ ရောက်ရာနေရာမှာ သူနှိုးဆော်ချက်ကိုကြားရသော လူတို့သည် ပွစိပွစိဖြစ်ကြပြန်သည်။ ကိုသန်းမောင်ကတော့ ဦးချမ်းသာ၏နှိုးဆော်ချက်ကိုကြားရသောအခါ စိုးရိမ်စိတ်ဝင်သွားမိသည်။ ဟုတ်ပေသားပဲ သူလည်း ကြက်သားစားချင်ဇောက တစ်ကြောင်း၊ ခေါင်းရင်းအိမ်သို့ ပုံစံပေးချင်သဖြင့်လည်းကောင်း ထိုအိမ်ကကြက်ကို ဖမ်းပြီးသတ်စားခဲ့သည်။ ထိုကြက်ကို အသံမထွက်စေရန် ဂွမ်းစောင်ကြီးဖြင့် အုပ်ကာ ဖမ်းခဲ့သဖြင့် ဂွမ်းစောင်တစ်ခုလုံး ပေပွသွားသည်။

ငင်းကြက်မှာ ကြက်ငှက်တုပ်ကွေးရောဂါများရှိနေမလား။ အထူးသဖြင့် ကြက်ငှက်တို့၏မစင်တွင်လည်းကောင်း၊ အမွေးများတွင်လည်းကောင်း၊ ရောဂါပိုးများရှိနေနိုင်ပါသည်။ ကိုသန်းမောင်သည် အစားကလေးတစ်လုတ်နှင့်မကာမိအောင် စိတ်သောကရောက်ရလေပြီ။

တနင်္ဂနွေနေ့နံနက်ရှစ်နာရီခွဲလောက်တွင် ရပ်ကွက်ရုံးခန်းရှေ့ ကွက်လပ်ကြီး၌ ရပ်ကွက်သူရပ်ကွက်သားတို့ စုံစုံညီညီရောက်နေကြ၏။ ထိုအထဲတွင် ကျော်စွာမြင့်၊ ကျော်ကျော်ဇင်၊ ကိုဖြိုး၊ ကိုသန်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်၊ တိုဖိုးထောင်အစရှိသောလူငယ်လူရွယ်များအပြင် မိန်းကလေး အုပ်စုထဲတွင် မြတ်နိုး၊ ဆရာမလေးချိုချိုမောင်၊ မခင်ခင်စု၊ မဇလေခါ ဘီဘီအစရှိသော မိန်းကလေးငယ်ငယ်ရွယ်ရွယ်များလည်း ရောက်နေကြ၏။

"အမှန်ကတော့ ငါက မအားဘူးကွ ကျော်စွာမြင့်. . . ကွန်ပျူတာတွေ ပြင်စရာရှိတယ်. . . ဒါပေမဲ့ တို့ရပ်ကွက်ထဲမှာ ခိုတွေကျီးတွေသေနေတာတွေ့တော့. . . လန့်လာတယ်ကွ. . . ဒါကြောင့် ဘာလဲဆိုတာသိချင်လို့ လာနားထောင်တာ"

"အင်း. . ဘာပဲဖြစ်ဖြစ် ရောဂါပိုးမရှိပါစေနဲ့. . . ဆုတောင်းရမှာပဲ"

ကျော်စွာမြင့်နှင့် ကျော်ကျော်ဇင်သည် မိန်းကလေးအုပ်စုထဲမှာ သူတို့၏ကောင်မလေးများကို တွေ့လိုက်ရသောအခါ ကျေနပ်သွား၏။ မိန်းမတွေကရှေ့မှာဖြစ်သောကြောင့် သူတို့ကသာ သူမတို့ကိုတွေ့နေရပြီး သူမတို့ကတော့ သူတို့ကိုမတွေ့ပါ။ ဦးချမ်းသာသည် ရုံးခန်းရှေ့မှာယာယီထိုးထားသောစင်မြင့်ပေါ်တွင် လတ်လျားလတ်လျားလုပ်နေလေသည်။ ခဏမျှအကြာတွင် အခမ်းအနားကိုစတင်လေတော့သည်။

ပထမတော့ ရပ်ကွက်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၏။ ရပ်ကွက်သူရပ်ကွက်သားတို့ စုံစုံညီညီကြွရောက်လာသဖြင့် အားရကျေနပ်ကြောင်း၊ ယခုနေ့ကမ္ဘာနှင့်အဝန်းဖြစ်ပွားနေသည့် ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်တို့ကို သိရှိထားရန်လိုအပ်ကြောင်း၊ အထူးသဖြင့် ရပ်ကွက်အတွင်းရှိ အိမ်တချို့မှာ တစ်ပိုင်တစ်နိုင်မွေးထားသည့် ကြက်ဘဲများနှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်သင့်သည့်ကိစ္စများကို သက်ဆိုင်ရာကျန်းမာရေးဌာနမှ ရှင်းလင်းပြောကြားပေးမည်ဖြစ်ကြောင်းပြောပြီး အမှာစကားကို





ရုတ်သိမ်းလိုက်သည်။

သည့်နောက်မှာတော့ မြို့နယ်ကျန်းမာရေးဌာနမှဒေါက်တာ သိန်းထိုက်အောင်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာကို စတင်ပြောကြားလေတော့သည်။ ရပ်ကွက်သူရပ်ကွက်သားတို့သည် လေးလေးစားစား ငြိမ်ငြိမ်သက်သက်ပင် နားထောင်ကြသည်။

"နောက်ဆုံးတစ်ချက်ကတော့. . . ဒီရပ်ကွက်ထဲမှာသေနေတဲ့ ခိုနဲ့ကျီးတွေကို ကျွန်တော်တို့သက်ဆိုင်ရာကိုပို့ပြီး ဓာတ်ခွဲစမ်းသပ်ကြည့်တဲ့အခါ ကြက်ငှက်တုပ်ကွေးရောဂါပိုး ($H_5N_1$)ကို မတွေ့ရတဲ့အတွက် ရိုးရိုးသေဆုံးတာပဲလို့ ကောက်ချက်ချလို့ရပါတယ်"

ရပ်ကွက်သူရပ်ကွက်သားတို့ထံမှ ကျေနပ်သွားသောအသံတချို့ထွက်လာသည်။ အခမ်းအနားပြီးဆုံးသောအခါ သူတို့သည် ကိုယ့်အုပ်စု၊ သူ့အုပ်စုဖွဲ့ပြီး ပြန်ကြသည်။ ကျော်စွာမြင့်သည်လည်းကောင်း၊ ကျော်ကျော်ဇင်သည်လည်းကောင်း သူတို့၏ကောင်မလေးတွေနောက်သို့ လိုက်ချင်သော်လည်း လူမလစ်သဖြင့် ထိုအကြံအစည်ကို လက်လျှော့လိုက်ကြသည်။ သို့သော် အပြန်လမ်းတွင် မြတ်နိုးက ကျော်စွာမြင့်ကိုတွေ့သွားသလို ချိုချိုမောင်ကလည်း ကျော်ကျော်ဇင့်ကိုတွေ့သွား၏။

ကျော်စွာမြင့်သည် မြတ်နိုးကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ရာ မြတ်နိုးက လျှာပြန်ထုတ်ပြသည်။ ထိုအခြင်းအရာကို ကိုဖြိုးကမြင်သွား၏။

"အင်း. . မင်းတို့နှစ်ယောက်ကို အဲဒီလိုမြင်လိုက်ရတော့ . . ဟေဟော်သဓာဇာတ်တော်ကြီးကို သွားသတိရသကွာ. . . ဇာတ်တော်ထဲမှာ မဟောသဓာက အမရာကို လက်သီးဆုပ်ပြသတဲ့ကွ. . . အဲဒါ ဘာကိုဆိုလိုတာလဲ မင်းတို့သိသလား"



www.burmeseclassic.com

www.burmeseclassic.com



"လက်သီးဆုပ်ပြတယ်ဆိုတော့. . ထိုးမယ်ဆိုတဲ့ သဘောပေါ့ဗျာ"

"ဒါဖြင့် အမရာကပြန်ပြီး လက်ဝါးထောင်ပြတာကျတော့ရော. ."

"ဒါလည်း ရှင်းရှင်းလေးပါ. . . ရှင်ထိုးရင် ကျွန်မကလည်း ပါးပြန်ရိုက်မယ်ဆိုတဲ့ သဘောပေါ့"

ကျော်စွာမြင့်၏အဖြေကို ကြားရသောအခါ ကိုဖြိုးက ဟက်ဟက်ပက်ပက်ရယ်၏။

"အင်း. . မင်းလုပ်တာနဲ့ သိပ်လှတဲ့အချစ်ဇာတ်လမ်းလေးဟာ. . နောင်ဂျိန်ဇာတ်လမ်းဖြစ်သွားပြီ. . . မင်းဖြေတာ မဟုတ်ဘူးကွ. . . မဟောသဓာရော အမရာရောက ပညာရှိတယ်. . . ဒီတော့ မေးတဲ့လူကလည်း ပညာနဲ့မေးတယ်. . . ဖြေတဲ့လူကလည်း ပညာနဲ့ဖြေတယ်. . . မဟော်သဓာမေးတာက ဟေ့ အမရာ. . မင်းမှာ ကာမပိုင်ရှိသလားလို့မေးတာ. . အဲဒါကို အမရာကလည်း သူ့မှာ ကာမပိုင်မရှိပါဘူးလို့ဖြေတာ. . အင်း မင်းတို့နှစ်ယောက်ကျတော့ မင်းတမျက်စိမှိတ်ပြပြီး ဟိုကလျှာပြန်ထုတ်ပြတယ်ဆိုတော့. . . ဘယ်လိုအဓိပ္ပာယ်ကောက်ရမှာလဲ"

ထိုအခါ ကျော်ကျော်ဇင်က ကောက်ခါငင်ကာဝင်ဖြေသည်။

"ဟာ. . ဒါ ဘာခက်သလဲ ကိုဖြိုးရာ. . ဒီကောင်တွေလည်း ပညာရှိပဲဥစ္စာ. . . ပညာရှိမေး. . ပညာရှိဖြေပေါ့"

"ပြောစမ်းပါဦး. . . ဒီကောင်က ဘာမေးလို့. . . ဟိုက ဘာဖြေသွားတာလဲ"

"မျက်စိထဲ အမှိုက်ဝင်ရင်ဘာလုပ်မလဲလို့. . ဒီကောင်က မေးတာဗျ. . . အဲဒါကို ဟိုကလျှာနဲ့ယက်ပြီးထုတ်ပေးမှာပေါ့လို့ ဖြေလိုက်တာ"



BURMESE CLASSIC .com



"ဟာ. . ဒီကောင် နောက်စရာမရှိ. . နောက်နေပြန်ပါပြီ. . မဟုတ်သေးဘူးကွ. . ဒီကောင် မေးတဲ့မေးခွန်းရဲ့အဓိပ္ပာယ်က အချစ်ဆိုတာ မျက်စိကစတာမဟုတ်လား. . . အဲဒီတော့ မင်းကိုငါချစ်နေမိပြီဆိုတဲ့ သဘော"

ဟုတ်တာ၊ မဟုတ်တာ အပထား။ ကိုဖြိုးပြောသည်မှာ အဓိပ္ပာယ်ရှိသဖြင့် ကျော်စွာမြင့်လည်း ပြုံးပြီးနားထောင်နေမိသည်။ ကိုဖြိုးက စပ်ဖြဲဖြဲပြု၍ ဆက်ပြောပြန်သည်။

"အင်း . . . ကောင်မလေးက လျှာပြန်ထုတ်ပြသွားတဲ့ အဓိပ္ပာယ်ကတော့. . . ကျွန်မရဲ့လျှာကို ရှင်တစ်သက်လုံး ကုန်းရုန်းပြီးတော့. . . ကျွဲလို၊ နွားလို၊ နွားလားဥသဘဖကြီးကို ရှာဖွေပြီးကျွေးပေတော့လို့ ဆိုလိုလိုက်တာ"

သူတို့ဝိုင်းရယ်လိုက်ကြသည်။ ကျော်ကျော်ဇင်ကတော့ ချိုချိုမောင်ကို သူဘာလို့မပြုံးပြမိတာပါလိမ့်ဟုတွေးရင်း၊ ချိုချိုမောင်ကလည်း သူ့ကိုဘာလို့ပြုံးမပြသွားတာလဲဟု တွေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူအတွက်ဆို တက်ငံ့တယ်

ကျော်စွာမြင့်တစ်ယောက် ယခုတလော ငေးငေးငိုင်ငိုင်ဖြစ်နေလေသည်။ စားလည်း ဤစိတ်၊ အိပ်လည်း ဤစိတ်ဖြစ်နေသည်။ သူ မြတ်နိုးဆီက တုံ့ပြန်အဖြေမရသေး။ မြတ်နိုးထံမှ တိတိကျကျ အဖြေရဖို့ သူကြိုးစားရပေဦးမည်။ ထို့ကြောင့် မြတ်နိုးကျောင်းသွားချိန်တွေမှာ အိပ်ရာကစောစောထပြီး မြတ်နိုးကျောင်းကားစောင့်နေသည့် နေရာသို့ မယောင်မလည်သွားသည်။ သို့သော် ကျောင်းကားနားမှာ မြတ်နိုးနှင့် သူမ၏သူငယ်ချင်းတွေက ဝိုင်းနေကြသဖြင့် မြတ်နိုး၏ အနားထိအောင် သူမသွားရဲ။

အကယ်၍ မြတ်နိုး၏အနားသို့ သူရောက်သွားလျှင် မြတ်နိုးက သူ့ကိုရှက်ပြီး စကားပြန်မပြောလျှင် အခက်။ သို့မဟုတ် မြတ်နိုး၏ သူငယ်ချင်းတွေက သူ့ကိုဝိုင်းဟားလိုက်ကြလျှင်လည်း သူအရှက်ကွဲမည်။ သည်တော့ အဝေးကနေ မြတ်နိုးကိုလှမ်း၍ ငေးရုံသာငေးပြီး ကျောင်းကားထွက်သွားမှ သူပြန်ပြန်လာခဲ့ရသည်။

ခက်တာက မြတ်နိုးကလည်း စာမေးပွဲနီးပြီမို့ထင်။ အိမ်ထဲကအိမ်ပြင် သိပ်မထွက်။ စနေ၊ တနင်္ဂနွေနေ့များတွင်ပင် ခါတိုင်းလိုသွားနေကျဈေးကိုမသွားဘဲ သူမ၏မိခင်ဒေါ်ဖက်တီးမကြီးသာ ဈေး





သွားသည်ကို တွေ့ရသည်။ စတိုးဆိုင်မှာတွေ့လိမ့်နိုးဖြင့် ဆိုင်မှာသွားသွားစောင့်သော်လည်း သူစောင့်နေချိန်နှင့် မြတ်နိုးရောက်လာချိန် လွဲလွဲနေတတ်သည်။ မြတ်နိုးကလည်း စတိုးဆိုင်သို့ ပုံမှန်လာတတ်သူ မဟုတ်တော့ ပိုဆိုးသည်။

ကျောင်းသွားချိန်မှာ ချဉ်းကပ်ဖို့ခက်နေသဖြင့် ကျောင်းပြန်ချိန်မှာ ချဉ်းကပ်ဖို့ကြိုးစားမိပြန်သည်။ ဒါလည်း မထူးခြားပါ။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတို့သည် ကျောင်းကား သူတို့ရပ်ကွက်ထိပ်မှာရပ်သည်နှင့် မနက်အလာတုန်းကလိုပင် အုပ်စုဖွဲ့၍ပြန်ကြသည်။ ပို၍ဆိုးသည်မှာ မြတ်နိုး၏အုပ်စုက ဆယ်ယောက်လောက်ရှိပြီး မြတ်နိုးက အရင်ဆုံးစလမ်းခွဲရသူဖြစ်သည်။ ထိုလမ်းခွဲသည့်နေရာမှ မြတ်နိုး၏အိမ်ကလည်း တကယ့်နီးနီးလေး။ သူ့စိတ်ထင်ပြောရလျှင် လမ်းမီးတိုင်တစ်တိုင်မျှပင် မရှိ။

သည်တော့ ထိုမျှတိုတောင်းသောခရီးကလေးမှာ ချဉ်းကပ်ဖို့က ဘယ်လိုမှမဖြစ်နိုင်။ ပြီးတော့ တစ်ခါတစ်ရံ မြတ်နိုး၏ဖခင်သော်လည်းကောင်း၊ မိခင်ဒေါ်ဖက်တီးမကြီးကသော်လည်းကောင်း အိမ်ရှေ့မှာ မြတ်နိုးပြန်အလာကို ထွက်ကြည့်နေတတ်၏။ ထို့ကြောင့် ယခုတလော ကျော်စွာမြင့်တစ်ယောက် ငေးငေးငိုင်ငိုင်ဖြစ်လာရခြင်း ဖြစ်သည်။

သူ့ပြဿနာကို သူငယ်ချင်းဖြစ်သူ ကျော်ကျော်ဇင်ကိုဖွင့်ဟတိုင်ပင်မိသည့်အခါ ကျော်ကျော်ဇင်က

"တွေ့ဖို့မလွယ်ဘူးဆိုပြီး ပေါက်ကရတွေတော့ လျှောက်မလုပ်နဲ့နော် ဟေ့ကောင်. . အကုန်လုံး ပြဿနာတွေတက်ကုန်မယ်"

"ဒါဖြင့် ငါကဘယ်လိုလုပ်ရမှာလဲ. . . သူ့မျက်နှာလေးကိုပဲ အဝေးကကြည့်နေရမှာလား. . . အင်း. . ငါကြံစည်ထားတာ တစ်ခုမင်းကိုပြောပြမယ်. . . တို့ရပ်ကွက်ထဲမှာ သတင်းစာပို့တဲ့ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို မင်းသိလား. . . ဟိုဒင်းကွာ. . မောင်ချစ်. . ဇော်နိုင်. . နောက်ပြီး ကိုဝင်းကိုကွာ"

"ဟာ. . ဟေ့ကောင်. . မင်းသတင်းစာ ဝင်ပို့ဦးမလို့လား. . အတော်ကြောင်တဲ့ကောင်ပဲ. . မင်း. . အဲဒီလို သတင်းစာဝင်ပို့ရင်ရော. . မြတ်နိုးက မင်းပို့တဲ့သတင်းစာကို လာယူလိမ့်မယ်ထင်သလား . . . သူ့အဖေပဲ လာယူမှာပေါ့ကွ"

ကျော်စွာမြင့် စိတ်ဓာတ်ကျသွားပြန်သည်။ နောက်တော့ သူလည်း အကြံကုန်ဂဠုန်ဆားချက်သည့်အနေနှင့် မြတ်နိုးတို့အိမ်ရှေ့မှ ညညဆို ဖြတ်ဖြတ်လျှောက်ပြီး မြတ်နိုးကဝရံတာမှာ စာထွက်ထွက်ကျက်တတ်သည်။ သူမတို့အိမ်ရှေ့က ကွက်လပ်ထဲမှာတော့ အုန်းပင်တွေကလည်း နှစ်ပင်၊ သုံးပင်လောက်ပေါက်နေသည်။

တစ်ခါတစ်ရံ မြတ်နိုးနှင့်သူ မျက်လုံးချင်းဆုံမိပါသည်။ ထိုအခါ မြတ်နိုး၏မျက်နှာလေးသည် ပြုံးယောင်ယောင်လေးဖြစ်သွားတတ်သည်။ ကျော်စွာမြင့်သည် ဘာလုပ်ရကောင်းမည်နည်းဟု စဉ်းစားရင်း ကိုဖိုးထောင်၏ဆိုက်ကားဂိတ်မှာ ကျားသွားကစားမိပြန်သည်။ တစ်နေ့တွင် ကိုဖိုးထောင်က သူ့ကိုသတင်းတစ်ခုပေး၏။

"မနက်က မင်းကောင်မလေးရဲ့အမေကို ငါဈေးလိုက်ပို့ရသေးတယ်ကွ. . အဘွားကြီးက ငါ့ကိုအကူအညီတောင်းနေသေးတယ် . . . သူတို့အိမ်ရှေ့က အုန်းပင်တွေမှာ အုန်းသီးတွေခူးချင်လို့တဲ့. . အုန်းပင်တက်တဲ့သူလာရင် သတိပေးစမ်းပါတဲ့"

"ဟာ"

"ဟေ့ကောင်. . အလန့်တကြားနဲ့ ဘာဖြစ်တာလဲ"

"ဒါဟာ ကျွန်တော့်အတွက်ခွင်ပဲဗျ. . . သတင်းကောင်းပဲ. . ဒီသတင်းကောင်းကိုဆောင်ကျဉ်းပေးလာတဲ့ ကိုဖိုးထောင်. . . အသက်ရာကျော်ရှည်ပါစေဗျာ"





"မင်းဘာတွေ ကြောင်နေတာလဲ ကျော်စွာ"

"ကျွန်တော် မြတ်နိုးတို့အိမ်ရှေ့က အုန်းပင်တွေကိုတက်မယ် . . . အဲဒါဆို မြတ်နိုးစာကျက်နေတာနဲ့ နီးနီးကလေး. . . သူ့ကို ကျွန်တော်သစ်ပင်ပေါ်က ကြည့်လို့ရပြီဗျ. . . ဟား ဟား"

ကိုဖိုးထောင်က သူ့ကိုမျက်လုံးကြီးပြူးပြီးကြည့်သည်။

"အုန်းပင်တွေက မနိမ့်ဘူးကွနော် ဟေ့ကောင်. . . တော်ကြာ မင်းပြုတ်ကျပြီး. . မာလက စျာန်ကွဲနေဦးမယ်. . . ဒါမှမဟုတ်လည်း. . ခါးကျိုးပြီး တစ်သက်လုံးဝှီးချဲနဲ့ နေနေရလိမ့်ဦးမယ်"

"ဒီလောက် မမြင့်ပါဘူးဗျာ. . . ကျွန်တော့်စိတ်ထင်တော့ပေ အစိတ်သုံးဆယ်လောက်ပဲ မြင့်မှာ. . နောက်ပြီး ချစ်သူအတွက်ပဲဟာ"

"မိန်းမ. . မိန်းမ. . မိန်းမ. . ဂါထာတွေရွတ်ရင်းက. . . ပြုတ်ကျခဲ့တာ. . ခါးရိုးကျိုးရောဗျာ. . ရောဂါ. . ရောဂါ"

ကိုဖိုးထောင်က စောဘွဲ့မှူး၏ရောဂါသီချင်းကို ဖျက်ဆိုပြီး သူ့ကိုလောင်၏။

"ပေါက်ကရတွေဗျာ. . နိမိတ်မရှိ နမာမရှိ. . ကဲ. . ဒီတော့ ဒီလိုလုပ်ရအောင် ကိုဖိုးထောင်. . . ဒေါ်ဖက်တီးကိုတွေ့ရင် အုန်းပင်တက်မယ့်သူရပြီလို့ပြော. . . ပြီးရင် သူ့အဆင်ပြေမယ့်နေ့နဲ့ အချိန်ကိုမေးလာခဲ့. . . ဖြစ်နိုင်ရင် စနေ၊ တနင်္ဂနွေဆို ပိုကောင်းတယ်. . . အဲဒီနေ့တွေမှာ မြတ်နိုးအိမ်မှာရှိတယ်. . ကျွန်တော် အုန်းပင်ပေါ်က သူ့ကိုကောင်းကောင်းကြည့်လို့ရပြီ"

သည့်နောက်မှာတော့ ကျော်စွာမြင့်သည် သူ၏အစီအစဉ်အတွက် စီမံလေတော့သည်။ မြတ်နိုးတို့အိမ်မှ အုန်းပင်တက်ရန်အတွက် လိုအပ်သောပစ္စည်းတွေကို သူအရင်စဉ်းစားသည်။ စဉ်းစားသလောက် ပစ္စည်းစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁။ အုန်းပင်တက်သမားတွေ သုံးလေ့သုံးထရှိသည့် ဓားတစ်လက်။
(သို့သော် ထိုဓားကိုသူဘယ်ကရှာလို့ ရှာရမှန်းမသိသေး။)

၂။ ကြိုးတစ်ခွေ။
(ကြိုးကတော့ သိပ်ရှည်ရှည်လိုအပ်မည်မထင်ပါ။ သူစိတ်ထင်တော့ ဆယ်ကိုက်၊ ဆယ့်တစ်ကိုက်လောက်ဆိုလျှင် လုံလောက်မည်ထင်ပါသည်။)

၃။ အကျႌအဝတ်အစားများ
(အုန်းပင်တက်သူများကဲ့သို့ ဝတ်စားသွားဖို့သာဖြစ်ပြီး၊ အပင်ပေါ်တက်ဖို့ကျတော့ စွပ်ကျယ်နှင့် ဘောင်းဘီတိုဆိုလျှင်ဖြစ်ပါသည်) ဒါကလည်း ရဖို့သိပ်မခက်ပါ။ ကိုဖိုးထောင်ဆီက ခဏယူဝတ်လိုက်လျှင်ဖြစ်သည်။

၄။ ကျောက်သင်ပုန်းခပ်သေးသေးလေးတစ်ခုနှင့် မြေဖြူတစ်ခဲ။
(သည်ပစ္စည်းတွေကို သူ ကိုဖိုးထောင်ကိုပြောပြသောအခါ ကိုဖိုးထောင်ခမျာ နားမလည်နိုင်ဖြစ်ရှာသည်။ အမှန်ကတော့ အုန်းပင်ပေါ်ရောက်လျှင် မြတ်နိုးကို စကားပြောဖို့လွယ်မည်၊ မလွယ်မည်မသေချာပါ။ ထို့ကြောင့် သူပြောချင်သောစကားတွေကို ကျောက်သင်ပုန်းပေါ်မှာ ရေးပြမည်။) မည်မျှအဆင်ပြေပါသနည်း အုန်းပင်ပေါ်မှ အချစ်ဇာတ်လမ်းဟုပင် အမည်တပ်သော်ရမည်ထင်ပါသည်။

သူ့အကြံအစည်ကို ယတိပြတ်အကောင်အထည်ဖော်မည်ဟု သိသွားသောအခါ ကိုဖိုးထောင်က အစစအရာရာသူ့ကိုကူညီလေတော့သည်။ ပထမဆုံးအနေနှင့် မြတ်နိုး၏မိခင်ကို အုန်းပင်တက်မည့်သူ စနေနေ့လာလိမ့်မည်ဟုပြောထားခြင်း၊ ဒုတိယအချက်အနေနှင့် ကျော်စွာမြင့်လိုအပ်မည့်ပစ္စည်းတွေကို ရှာဖွေစုဆောင်းပေးခြင်း (အုန်းပင်တက်သူတွေ အသုံးပြုလေ့ရှိသည့် ခပ်ကောက်ကောက်ဓားကောက်ရှာမရသဖြင့် ကိုဖိုးထောင်က သူ့အိမ်ကဓားမကြီးကို ယူလာ





ပေးသည်) တို့ အဆင်သင့်လုပ်ထားပေးသည်။

ကျော်စွာမြင့် တစ်ခုစိုးရိမ်သည်မှာ မြတ်နိုး၏မိခင်ဒေါ်ဖက်တီးမကြီး သူ့ကိုမှတ်မိသွားမှာကိုပဲဖြစ်သည်။ သို့သော် ထိုအချက်ကို ကိုဖိုးထောင်က စိုးရိမ်ဖို့မလိုကြောင်းပြော၏။

"ဘာဖြစ်လို့လဲဆိုတော့. . ဟိုတစ်ခါ မင်းငါ့ဆိုက်ကားနဲ့. . တို့ရှိကားယားဖြစ်ခဲ့တဲ့အဖြစ်က ကြာပြီကွ. . . အဘွားကြီး ဘယ်လိုမှ မင်းကိုမှတ်မိမှာမဟုတ်ဘူး. . နောက်ပြီး မင်းကိုလည်း အဲဒီတုန်းက ဘာကယ့်ဆိုက်ကားသမားအစစ်လို့ပဲ ထင်နေတာ"

မည်သို့ပင်ဖြစ်စေကာမူ ကျော်စွာမြင့်ကတော့ ချောချောမောမောမှဖြစ်ပါမည်လားဟု စိုးရိမ်မိသေးသည်။ သို့နှင့်ပင် စနေနေ့သို့ ရောက်လာသည်။ ကျော်စွာမြင့် ကြိုတင်စနည်းနာထားချက်အရ နံနက်ဆယ်နာရီလောက်ဆိုလျှင် မြတ်နိုးက အပေါ်ထပ်ဝရံတာမှာ စာကျက်နေမည်ဖြစ်ပြီး မြတ်နိုး၏ဖခင်ကတော့ အောက်ထပ်ဧည့်ခန်းမှာ သတင်းစာဖတ်နေပါလိမ့်မည်။ မြတ်နိုး၏မိခင် ဒေါ်ဖက်တီးမကြီးကတော့ သူတို့မိသားစုအတွက် မီးဖိုထဲမှာချက်ပြုတ်နေပါလိမ့်မည်။

ထို့ကြောင့် ကျော်စွာမြင့်သည် ကိုဖိုးထောင်၏ခပ်နွမ်းနွမ်းအဝတ်အစားတွေကိုဝတ်ပြီး ပစ္စည်းပစ္စယတွေကိုယူလိုက်သည်။ သူ့ကိုယ်ပေါ်မှာလွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်ထားပြီး လွယ်အိတ်ထဲမှာ ကြိုးခွေ၊ ဓားမနှင့် ကျောက်သင်ပုန်းကြီးတစ်ချပ်ထည့်ထား၏။

"ဟေ့ကောင်. . . လွယ်အိတ်လွယ်ပြီး အပင်ပေါ်တက်ရင် လွယ်အိတ်ထဲကဓားကိုလည်း သတိထားဦးကွနော်. . . ဗိုက်ကိုဖောက်ထွက်သွားလို့ တစ်ခါတည်းပွဲချင်းပြီးနေဦးမယ်"

"ရပါတယ်ဗျ. . . အပင်ပေါ်တက်ခါနီးကျ ဓားမကိုလွယ်အိတ်ထဲကထုတ်ပြီး ကျွန်တော့်ခါးကြားထိုးထားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ငါတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ"

ကိုဖိုးထောင်၏ဇနီးက သူတို့လုပ်ကိုင်နေပုံတွေကို နားမလည်သလိုကြည့်လေတော့သည်။ ကျော်စွာမြင့်သည် စိတ်တွေလှုပ်ရှားလျက်ရှိသည်။ ခဏအကြာမှာတော့ သူတို့ဆိုက်ကားသည် မြတ်နိုးတို့ အိမ်ရှေ့သို့ရောက်သွားတော့၏။

"အတော်ပဲ ဟော့ကောင်. . . ကောင်မလေးအပေါ်မှာ စာကျက်နေပြီ. . လာ. . ငါ မင်းကိုမြတ်နိုးအမေနဲ့ ပေးတွေ့ပေးမယ်. . မင်း. . ခေါင်းကို နည်းနည်းငုံ့ထား"

ကိုဖိုးထောင်က ရှေ့က၊ သူက နောက်က။ အိမ်ရှေ့ခန်းမှာတော့ သူစနည်းနာထားသည့်အတိုင်းပဲ မြတ်နိုး၏ဖခင်က သတင်းစာဖတ်နေသည်။

"ဘယ်သူ့ကိုတွေ့ချင်လို့လဲကွယ့်"

"ဩော်. . အန်ကယ်နဲ့ တွေ့ချင်လို့ပါ. . . အန်ကယ်မှာထားလို့ အုန်းပင်တက်မယ့်သူ ခေါ်လာပေးတာပါ"

"ဟုတ်လား. . ခဏနော်. . . အန်ကယ်. . မင်းအန်ကယ် သွားခေါ်လိုက်ဦးမယ်"

အဘိုးကြီး အိမ်ထဲဝင်သွားပြီး ခဏအကြာမှာ ဒေါ်ဖက်တီးကြီးထွက်လာ၏။

"မောင်ဖိုးထောင်ကိုး. . . အုန်းပင်တက်မယ့်သူ ပါလာတယ်ဟုတ်လား. . ကောင်းတာပေါ့ကွယ်. . . အန်ကယ်က စောစောကတည်းက မျှော်နေတာ. . လာ လာ. . အိမ်ရှေ့ကို. . . ဒါနဲ့ပြောပါဦး. . . အုန်းသီးတစ်လုံးခူးရင် ဘယ်လောက်ပေးရမလဲ"

"ဟဲ ဟဲ. . အန်ကယ်က ကိုဖိုးထောင်နဲ့သိတယ်ဆိုတော့. . ကျွန်တော် မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ တစ်လုံးကိုတစ်ထောင်လောက်ပဲ ယူပါမယ်"





"ဟေ"

တကယ်ကတော့ အုန်းပင်တက်သမားတွေ ယူလေ့ယူထရှိသောကြေးကို သူမသိပါ။ သူ့အနေနှင့် တစ်လုံးကိုတစ်ထောင်လောက်သာ တန်နိုင်သည်ဟုခန့်မှန်းပြီး ပြောလိုက်မိခြင်းပါ။

"မင်းကွယ်. . . ဈေးထဲမှာ အခွံနွှာပြီးသား အုန်းသီးအရွယ်သော်ကြီးတွေတောင်မှ တစ်လုံးကိုလေးငါးခြောက်ရာလောက်ပဲ ပေးတော"

"ကျွန်တော်မှားသွားလို့ပါ အန်ကယ်. . ကျွန်တော်က ဆယ်လုံးဆိုးကို ပြောမိတာပါ"

"အင်းလေ. . ကောင်းပြီ. . . ဒါဆိုလည်း တက်တော့. . . ငင့်တဲ့အုန်းသီးမှန်သမျှ ခူးမယ်. . ဟုတ်ပြီလား"

ကိုဖိုးထောင်ကလည်း ကျော်စွာမြင့်ကိုစွ အဆင်ပြေသွားသည်နှင့် အန်ကယ်ကြီးကိုနှုတ်ဆက်ကာ ဆိုက်ကားဖြင့်ပြန်ထွက်သွားသည်။

"ကဲ. . မင်းအဆင်ပြေသလို ခူးထားလိုက်. . ဟုတ်လား. . အန်ကယ် ဟင်းအိုးလေး လက်စမသတ်ရသေးလို့ မီးဖိုထဲပြန်ဝင်လိုက်ဦးမယ်"

"ရပါတယ် အန်ကယ်. . . ဒီမှာ ကျွန်တော်အဆင်ပြေအောင်လုပ်ထားလိုက်ပါ့မယ်"

မြတ်နိုးသည် ဝရန်တာတွင် စာကျက်နေရာမှ သူ့ကိုလှမ်းကြည့်သည်။ သို့သော် သူဝတ်စားထားပုံကြောင့် မှတ်မိပုံမရ။ ကျော်စွာမြင့်လည်း ပုဆိုးနှင့်အကျီကိုချွတ်လိုက်ပြီး ခါးကြားမှာဓားမကို အသာထိုး လိုက်သည်။ ပြီးတော့ အုန်းပင်ကြီးကိုမော့ကြည့်လိုက်မိသည်။ အုန်းပင်ကြီးကား အပြင်မှာမြင်ရသည်ထက်ပို၍ မြင့်သယောင်ရှိသဖြင့် သူ လန့်လာ၏။ ဖြစ်မှဖြစ်ပါ့မလား။ ကိုဖိုးထောင်အ



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံက နားထဲ ဝင်လာ၏။

“မိန်းမ . . မိန်းမ . . မိန်းမ . . ဂါထာတွေရွတ်ရင်းက . . . ပြုတ်ကျခဲ့တာ . . ခါးရိုးကျိုးရောဗျာ . . ရောဂါ . . ရောဂါ”

ထိုအခါ ကျော်စွာမြင့်လည်း လုပ်မိလုပ်ရာဖြင့် အုန်းပင်ကြီးကိုထိုင်ကန်တော့မိလေတော့သည်။ ကန်တော့ရင်းနှင့်လည်း အုန်းပင်စောင့်ရုက္ခစိုးကို တောင်းပန်သည်။

“အသင်ရုက္ခစိုးနတ်မင်းကြီး . . ကျွန်တော့်အိမ်မှာ အိမ်သာမရှိလို့ . . အဲ . . ဟုတ်ပေါင် . . ကျွန်တော့်အား ဤအုန်းပင်ကြီးပေါ်သို့ ခဏတက်ခွင့်ပေးပါဗျာ . . ပြီးတော့ ပြုတ်မကျအောင်လည်း ကူညီပါဗျာနော်”

တောင်းပန်ပြီးသည်နှင့် ကျော်စွာမြင့်လည်း အုန်းပင်ကြီးကို ဖက်တက်လေတော့သည်။ ငယ်ငယ်တုန်းက ဟိုသစ်ပင်လျှောက်တက် သည်သစ်ပင်လျှောက်တက်ထားသော အကျိုးတည်း။ အုန်းပင်ကလည်း သိပ်မမြင့်သဖြင့် သူခက်ခက်ခဲခဲမကြိုးစားလိုက်ရဘဲ သစ်ပင်ပေါ်ရောက်သွားသည်။ မည်မျှဟန်ကျပါသနည်း။ အုန်းပင်ခွကြားထဲ ထိုင်ပြီး မြတ်နိုးရှိရာသို့လှမ်းကြည့်လိုက်ရာ မြတ်နိုးနှင့် သူအတော်ကလေးနီးနီးကပ်ကပ်ဖြစ်နေကြောင်းတွေ့ရလေသည်။

“ရွှတ် . . ရွှတ်”

မြတ်နိုးက စာထဲစိတ်ရောက်နေသဖြင့် သူ၏တရွှတ်ရွှတ် အသံကို မကြား။ ထို့ကြောင့် သူကထပ်၍ အသံပြုလိုက်ရာ မြတ်နိုးက ကြားသွားပြီး အုန်းပင်ရှိရာသို့ လှမ်းကြည့်သည်။ ပထမတော့ မြတ်နိုး ဒေါသထွက်သွားသည်။ အုန်းပင်တက်သည့်လူက သူမကိုရာရာစစ လှမ်းနောက်နေသည်ပဲ ထင်လိုက်သည်။ ထို့ကြောင့် သည်ကောင် အောက်ဆင်းမှ ပါးရိုက်လိုက်မည်ဟု စိတ်ကူးရင်း နောက်တစ်ခါခပ်ရဲရဲ ပြန်ကြည့်သည်။





“မြတ်နိုး . . . တို့ပါ”

ကျော်စွာမြင့်က ခပ်တိုးတိုးအသံပြုသည်။

“ဟင်”

မြတ်နိုး မှတ်မိသွားသည်။

ဘုရားသခင်၊ အုန်းပင်ခွကြားမှာထိုင်ပြီး သူ့ကိုကြည့်နေသည့်သူမှာ သူပါပဲလား။ မြတ်နိုးရယ်ချင်သွားသည်။ မိန်းကလေးတစ်ယောက်ထံမှ ချစ်မေတ္တာကိုရဖို့ သူကြံကြံဖန်ဖန် လုပ်လာပြန်သည်။ ထိုအခါ မြတ်နိုး၏စိတ်ထဲတွင် ဘာကြောင့်မှန်းမသိဘဲ ကြည်နူးသွားသည်။ မနက်ဘက်ကျောင်းသွားသည့်အခါ ကျောင်းကားနှင့် လှမ်းမကမ်းမှာ သူမကိုငေးမောကြည့်ရှုနေတတ်သည့်သူကို သူမ သတိပြုမိနေတာ ကြာပါပြီ။

ထိုရောင်းပြီးကတည်းက သူနှင့်သူမ ယခုလောက်နီးနီးကပ်ကပ်အဖြစ်မျိုးတစ်ခါမျှမနေခဲ့ရပါ။ မြတ်နိုးသည် အုန်းလက်တွေကြားထဲ ရောက်နေသည့်သူ့အတွက် စိုးရိမ်သွားမိပြန်သည်။ အုန်းပင်တက်တာလည်းမဟုတ်ဘဲ မတော်တဆပြုတ်ကျလျှင် ခက်ပေလိမ့်မည်။

“မြတ်နိုး . . စာမေးပွဲ ဘယ်တော့လဲ . . တို့ ကျောင်းကိုလာချင်တယ် . . လာရမလား”

“အိုး . . ကျောင်းကိုတော့ မလာနဲ့ . . . သူများတွေ သိကုန်လိမ့်မယ်”

ထိုအခိုက်မှာပင် အုန်းပင်အောက်သို့ မြတ်နိုး၏ဖခင်က ရောက်လာသည်။

“ဟေ့ မောင်ရင် . . အုန်းသီးဖွန်းခြစ်လေးတွေများ ရနိုင်မလား . . . ရရင် သုံးလုံးလောက်ခုတ်ချလိုက်စမ်းပါ”

“ဟုတ်ကဲ့ အန်ကယ်”

မြတ်နိုး၏ဖခင် အုန်းပင်အောက်ရောက်လာသဖြင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးကို စကားပြောဖို့ခက်သွားသည်။ အရေးထဲယောက္ခမလောင်းကြီးကလည်း လျှာရှည်ပြီးထွက်လာသေး၏။ ဒီမှာ မြတ်နိုးနှင့်စကားပြောရသည်မှာ အစပဲရှိသေးသည်။ ကျော်စွာမြင့်လည်း မြတ်နိုးဘက်မလှည့်ရဲတော့ဘဲ အုန်းသီးခပ်စိမ်းစိမ်းသုံးလုံးလောက်ကို ဓားနှင့်ခုတ်ချဖို့ပြင်၏။

"အန်ကယ်. . အောက်ကဖယ်နေနော်"

"ဟေ့. . မင်း အုန်းသီးအညှာကို ကြိုးနဲ့ချည်ပြီးချပေးလေ . . . ဒီလောက်နုနုလေးတွေကို ဒီအတိုင်းခုတ်ချလို့ဘယ်ရမလဲ"

ဟုတ်ပါရဲ့။ သူသတိမေ့သွားသည်။ သည်တော့ အဘိုးကြီးပြောသည့်အတိုင်း အုန်းညှာမှာကြိုးဖြင့်ချည်ပြီးမှ အုန်းသီးတွေကိုခုတ်ချသည်။ ပြီးတော့ အုန်းသီးတွေကို အောက်သို့ကြိုးဖြင့်ချပေးလိုက်သည်။ မြတ်နိုးကို အသံထွက်ပြီး စကားပြောဖို့မဖြစ်နိုင်တော့သဖြင့် သူလွယ်အိတ်ထဲထည့်ယူလာခဲ့သော ကျောက်သင်ပုန်းနှင့် မြေဖြူကိုထုတ်၍ အဘိုးကြီးအလစ်မှာ စာရေးလိုက်သည်။

မြတ်နိုး,

မြတ်နိုးကို တို့သိပ်ချစ်တယ်။

တို့ကို ပြန်ချစ်နိုင်မလားဟင်။

ပြီးတော့ မြတ်နိုးမြင်သာအောင် ကျောက်သင်ပုန်းကို အုန်းလက်ကြားမှာ ထောင်လိုက်သည်။ မြတ်နိုးကလည်း သူ့လုပ်ရပ်ကိုမျက်ခြည်မပြတ်ကြည့်နေသည်မို့ ကျောက်သင်ပုန်းပေါ်မှ စာကိုမြင်ပါသည်။ အတော်ကြောင်သည့်လုပ်ရပ်ဖြစ်သော်လည်း မြတ်နိုးကြည်နူးသွားမိလေသည်။

ရုပ်ကချောချော၊ အရပ်ကရှည်ရှည်၊ ဘွဲ့ရထားပြီးသား၊ မိဘကလည်း သင့်တင့်စွာချမ်းသာသည်။ ဒါနှင့်တောင်မှ မြတ်နိုးထက်သာသူ၊ မြတ်နိုးထက် ပညာတတ်သူတွေကို မချဉ်းကပ်ဘဲ မြတ်နိုးကိုသာ





တန်းတန်းစွဲချဉ်းကပ်နေရှာသည်။ အမှန်အတိုင်း မြတ်နိုးကိုယ်မြတ်နိုး မညာတမ်းဝန်ခံရလျှင် မြတ်နိုးလည်း သူ့ကိုချစ်မိနေပါပြီ။

ထို့အတွက်ကြောင့် သူနှင့်နီးရဖို့အရေး အခွင့်အရေးလေးတွေ နည်းနည်းပေးချင်သည်။ ကျောင်းသွားချိန်တွေမှာ သူငယ်ချင်းတွေနှင့်မသွားဘဲ တစ်ယောက်တည်းသွားဖို့ကြိုးစားလေသည်။ သို့သော် သူငယ်ချင်းတွေက မရ။ မော်မော်ဆိုလျှင် သူမ၏အိမ်အထိတောင် လာခေါ်သည်။ ကျောင်းကိုလာလည်ဖို့ ပြောဖို့ကလည်းမဖြစ်။ သူမက ရှက်တတ်သည်။ တစ်ကျောင်းလုံး ချက်ချင်းသိသွားမည့်အဖြစ်။ စနေ၊ တနင်္ဂနွေဈေးသွားဖို့ကျတော့လည်း မေမေက သူမစာကျက်ချိန်ပိုရရန် ဆိုပြီး သူမကို မသွားခိုင်းတော့။

ကျော်စွာမြင့်သည် အဘိုးကြီးအလိုရှိသော အုန်းစိမ်းသုံးလုံးကို အောက်သို့ကြိုးဖြင့်ချပေးပြီးသော် မြတ်နိုးဘက်သို့ပြန်လှည့်လိုက်သည်။ ပြီးတော့စကားဖြင့်မပြောဘဲ ကျောက်သင်ပုန်းကို လက်နှင့်ထောက်ပြလိုက်သည်။ ထိုအခါ မြတ်နိုးကခေါင်းခါသည်။ ဟုတ်သည်လေ။ မိန်းကလေးပဲဟာ။ သည်လိုပေါ်တင်ကြီး ပြန်အဖြေပေးဖို့ ရှက်သည်။ ကျော်စွာမြင့်က သူ့မျက်နှာကိုသနားစရာလေးဖြစ်အောင် ညှိုးထားလိုက်ပြီး သူ့ရင်ဘတ်ကိုလက်နှင့်ပုတ်ပြပြန်သည်။

မြတ်နိုးကလည်း ခေါင်းခါလိုက်မိပြန်သည်။ သည်အခါမှာတော့ ကိုယ်တော်ချောက တစ်ဆင့်တက်ပြီး ဖလိုင်းကစ်အနမ်းတစ်ချက်ပေးပြန်သည်။ မြတ်နိုးလည်းရှက်သွားပြီး ခေါင်းငုံ့ထားလိုက်သည်။ ထိုအခိုက်မှာပင် အုန်းလက်ခွကြားမှာ သူထောင်ထားသော ကျောက်သင်ပုန်းသည် လျှောထွက်သွားကာ အောက်ကမြတ်နိုး၏ဖခင်ကို သွားထိလေတော့သည်။

"အောင်မလေးဗျ. . . သေပါပြီ"

"ဟ. . ဘာတွေဖြစ်ကုန်ပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



သူ အောက်သို့ငုံ့ကြည့်လိုက်သောအခါ မြေပြင်မှာ ကုန်းကုန်းကြီးဖြစ်နေသော မြတ်နိုး၏ဖခင်ကြီးကို တွေ့လိုက်ရ၏။

"အန်ကယ် ဘာဖြစ်လို့လဲ. . . ခါချဉ်ကိုက်လို့လား"

"မဟုတ်ဘူးကွ. . . အုန်းပင်ပေါ်က ဒါကြီးကျလာလို့. . . ငါ့ခေါင်းကို တိုက်ရိုက်လာမှန်တာ. . . ကံကောင်းလို့ပေါ့ကွာ. . ပြားလိုက်မှန်ပေလို့ပေါ့. . . ဒေါင်လိုက်သာမှန်ရင် ကွဲပြီးသားပဲ. . . မှန်းစမ်း. . ဘာကြီးပါလိမ့်"

ကျော်စွာမြင့်လည်း အခြေအနေမကောင်းမှန်းသိလိုက်သည်နှင့် အုန်းလက်မှာထစ်ထားသော ဓားမကိုပင်ပြန်မယူနိုင်တော့ဘဲ အုန်းပင်ပေါ်ကလျှောဆင်းလေတော့သည်။ လျှောဆင်းရင်းနှင့် ညခုနစ်နာရီ ဆန်းရှိုင်းစာအုပ်ဆိုင်ကို လာခဲ့ဟု မြတ်နိုးကိုလှမ်းပြောသွားသည်။ ထိုအချိန်တွင် အဘိုးကြီးကလည်း ကျောက်သင်ပုန်းပေါ်က ကျော်စွာမြင့်ရေးထားသောစာကို ဖတ်ပြီးသွားပြီး ဒေါကန်သွားလေတော့၏။

"ဟေ့ကောင်. . . မင်းလို အုန်းပင်တက်တဲ့ကောင်က. . . ငါ့သမီးကိုများ ရာရာစစကွာ. . လာစမ်း ဟေ့ကောင်. . . ဝေရေ. . ခဏလာပါဦးကွ. . . ဒီမှာ ပြဿနာဖြစ်နေပြီကွ"

အဘွားကြီးရောက်လာလျှင် ပိုဆိုးပေတော့မည်ဖြစ်သဖြင့် ကျော်စွာမြင့်လည်း ကိုဖိုးထောင်၏အဝတ်အစားတွေကိုပင် မယူနိုင်တော့ဘဲ ခြံထဲကအတင်းထွက်ပြေးမိလေတော့သည်။





## ကိုယ်ချင်းစာ၍ လွှမ်းပါသည်

သည်နေ့မနက်မှာတော့ ကျော်ကျော်ဇင်တစ်ယောက် အိပ်ရာမှစောစီးစွာ နိုးလာသည်။ နာရီကိုလှမ်းကြည့်လိုက်သောအခါ ငါးနာရီခွဲပဲရှိသေးသည်။ ထို့ကြောင့် အိပ်ရာမှမထဖြစ်သေးဘဲ ဆရာမလေးတို့ကျောင်းမှာ သူကွန်ပျူတာသွားပြင်ပေးသည်။ ကွန်ပျူတာတွေက ကျောင်းမီဒီယာအခန်းမှာရှိသည်မို့ အခန်းထဲမှာ သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ်လုပ်ကိုင်၍ရနေသည်။

ခဏလောက်ကြာတော့ ဆရာမလေးချိုချိုမောင်ရောက်လာပြီး သူ့အတွက်ကော်ဖီနှင့် မုန့်လာပို့သည်။

"ဘာလိုသေးလဲဟင်. . . လိုတာရှိရင်လည်း ကျွန်မကိုပြောပါနော်"

"တခြားတော့ မလိုပါဘူး ဆရာမ. . . ဟိုဒင်း. . တစ်ခုပဲလိုတာပါ"

"ရှင်. . ဟုတ်ကဲ့. . ပြောပါ"

"ဆရာမ. . . ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးလားဟင်"

"အို"

မီဒီယာအခန်းထဲမှာ လုံးဝတိတ်ဆိတ်ငြိမ်သက်သွားပေပဲ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာမလေးသည် ကွန်ပျူတာမော်နီတာပေါ်တွင် ပေါ်နေသည့်စာတွေကို အဓိပ္ပာယ်မဲ့ငေးကြည့်နေရှာသည်။ ကျော်ကျော်ဇင်နှင့် နှလုံးသားထဲမှစကားတွေသည် နှုတ်ဖျားမှ မထိန်းနိုင်မသိမ်းနိုင်ပွင့်လာ၏။

"ဆရာမရယ်. . . ဆရာမကို ကျွန်တော်သိပ်ချစ်ပါတယ်ဗျာ. . . ကျွန်တော့်တစ်သက်မှာ တစ်ခါမှမပေါ်ဖူးတဲ့အချစ်နဲ့ ချစ်တာပါဗျာ"

ကျော်ကျော်ဇင့်အသံသည် လှိုက်ကျသွားလေသည်။ ချိုချိုမောင်၏မျက်ဝန်းသည် ရီရီဝေဝေလေးဖြစ်နေ၏။

"ကျွန်တော့်ကို ပြန်ချစ်ပါလားဗျာ"

ချိုချိုမောင်သည် ခေါင်းကိုငုံ့ထားလိုက်၏။ သူမ၏လှိုက်လှဲတုန်ရင်နေသောအသံလေးက ခပ်တိုးတိုးလေးထွက်လာသည်။

"ကိုကျော်ကျော်ဇင်"

"ဗျာ"

"ကျွန်မ့်ကိုမချစ်ပါနဲ့လားဟင်"

"ဘာဖြစ်လို့လဲဟင်. . . ဆရာမ"

"ကျွန်မမှာ မိဘတွေသဘောတူထားတဲ့သူရှိတယ်. . အဲဒါ ကျွန်မကို အဲဒီလူနဲ့မကြာခင်မှာ စီစဉ်ကြတော့မှာ"

ကျော်ကျော်ဇင်၏နားထဲတွင် မိုးတောင်တွေအဆင့်ဆင့်ပေါက်ကွဲသလိုဖြစ်သွား၏။ ဆောက်တည်ရာမရစွာဖြင့် သူခေါင်းငိုက်စိုက်ကျသွားလေသည်။

"ကျွန်မသွားတော့မယ်. . လိုတာရှိရင်လည်း ကျွန်မကိုပြောနော်. . ကော်ဖီနဲ့ မုန့်ကိုလည်းသောက်လိုက်ပါဦး"

ချိုချိုမောင်သည် သူ့အနားကတဖြည်းဖြည်းထွက်သွားသည်။ မီဒီယာအခန်းထဲမှာ သူတစ်ယောက်တည်းသာကျန်ခဲ့သည်။ အလွမ်း





သည် သူ့နှလုံးသားထဲသို့ ပထမဦးဆုံးအကြိမ်အဖြစ်လာရောက်လည်ပတ်လေပြီ။ သူဘာဆက်လုပ်ရမည်နည်း။ ခေါင်းကဆံပင်ဘုတ်သိုက်ကြီးကို အကြိမ်များစွာရည်ရွယ်ချက်မရှိ ထိုးဖွနေမိ၏။ သည့်နောက်ပိုင်းမှာတော့ သူဆရာမလေးချိုချိုမောင်ကျောင်းသို့လာရာလမ်းမှာ သွားစောင့်မနေဖြစ်တော့ပါ။

သို့သော် အချိန်တိုင်းတော့ သူမကိုလွမ်းနေမိလေသည်။ တစ်ခါတစ်ရံ လမင်းဇော်ကိုစာဝင်ပြမိလျှင် ဆရာမကိုပို၍ သတိရသောစိတ်ကဖြစ်လာ၏။

"ဆရာမက သားကိုပြောတယ်သိလား ဦးကျော်"

"အေး. . ပြောပါဦးကွ"

"သားအခြေအနေ အရမ်းတိုးတက်လာတယ်တဲ့. . . အဆင့်လည်း တစ်ဆယ်လောက်ကိုရောက်လာပြီတဲ့. . . သား ကျူရှင်ယူလို့လားလို့လည်း မေးသေးတယ်"

"အဲဒီတော့ မင်းကဘယ်လိုပြန်ဖြေလိုက်သလဲ"

"သား ကျူရှင်မယူပါဘူးလို့. . . သားဦးလေးဦးကျော်က ပြပေးတာလို့ဖြေလိုက်တယ်"

"အဲဒီတော့ မင်းဆရာမက ဘာပြောသေးလဲ"

"သူက သားဦးလေးကတော်တယ်တဲ့"

ကျော်ကျော်ဇင်သည် သူ့တူဖိုးလပြည့်၏ခေါင်းကဆံပင်လေးတွေကို ပွတ်ပေးနေမိသည်။ ဆရာမလေးချိုချိုမောင်နှင့် မိဘတွေသဘောတူထားသူမှာ မည်သူနည်း။ ဘယ်မှာနေလေသနည်း။ သို့သော် သူသိနိုင်သောအကြောင်းအရာတွေမဟုတ်သဖြင့် သက်ပြင်းကိုသာ အခါခါချမိလေသည်။

ကျော်ကျော်ဇင်သည် အိပ်ရာထက်မှ မထသေးဘဲ ဟိုဟိုသည်သည်လျှောက်စဉ်းစားနေတုန်းမှာပဲ တစ်ဖက်အိမ်က စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောသံက နားထဲဝင်လာလေသည်။

"ဘာဖြစ်လဲကွာ. . . ရေမျော ရေနဲ့လိုက်တဲ့. . . ငွေမျော ငွေ နဲ့လိုက်တဲ့. . . ဘာပဲဖြစ်ဖြစ် ဒီနေ့လည်း ထပ်တော့ထိုးရမှာပဲ"

"ဪ. . ရှင့်ငွေက လိုက်လို့ပဲမဆုံးနိုင်တော့ဘူး. . . ရှိတာ တွေလည်း ကုန်ပြီ. . . ဒီ့ထက်ဆိုးလာရင် ကျွန်မတို့နေစရာတောင် ရှိမှာမဟုတ်တော့ဘူး"

"အဲဒါ တို့အိမ်ကမမြူးတော့လို့ပဲ. . မျက်နှာတွေကြည့်လိုက် ရင် သုန်မှုန်နေတာပဲ. . . ဘယ်စီးပွားတက်တော့မလဲ. . အိမ်ဆိုတာ မြူးနေမှ သာယာနေမှစီးပွားတက်တာ. . မင်း ဟိုတစ်ခါဆိုတဲ့သီချင်း လေးများ ဆိုပါဦးလားကွာ. . ငါက ဟာမိုနီလိုက်ပေးမယ်လေ"

"ဘာ. . သီချင်းဆိုရမယ် ဟုတ်လား. . ကိုကိုချဲ့သီချင်းလား . . . ကောင်းပြီလေ. . ရှင်ဆိုနိုင်းတော့လည်း ဆိုရတာပေါ့. . . သား တို့ရေ မေမေ့ကိုဟာမိုနီလိုက်ပေးစမ်း"

အသံ ခဏတိတ်သွားပြီးနောက် ခပ်ကျယ်ကျယ်သီချင်းဆိုသံ ထွက်လာတော့၏။

"နည်းနည်းလေးလည်း မထိုးနဲ့. . . များများကြီးလည်း မထိုး နဲ့. . . ဒီလိုအသားကုန်ထိုးတဲ့ရှင့်ကို နာမည်တစ်ခုတော့ပေးချင်သား . . . ကိုကိုမွဲရေ. . ကိုကိုမွဲရေ"

"နင်မျိုတုန်းဆို့တုန်းကတော့ ဒီသီချင်းမျိုးမဆိုဘူး"

"ဆိုမယ်. . ဆိုမယ်. . ကိုယ့်ပါးစပ်နဲ့ကိုယ်ဆိုတာ. . ဘယ့် နှယ်ရှင့်ဆီက ရတဲ့ပိုက်ဆံနဲ့ ထမင်းစားလို့ကတော့ အခုလောက်ဆို ကျွန်မတို့မွဲနေပြီ"

သီချင်းသံက ဆက်ထွက်လာပြန်သည်။

"အဲဒီကို ပက်ပက်စက်စက်ထိုးတဲ့ရှင့်ကို နာမည်တစ်ခုတော့ ပေးချင်သား. . ကြားလား. . . ကိုကိုမွဲရေ. . ကိုကိုမွဲရေ. ."





ကလေးနှစ်ယောက်၏ ဟာမိုနီလိုက်သံက ထွက်လာပြန် သည်။

"ဖေဖေမွဲရေ. . . ဖေဖေမွဲရေ"

"ကဲဟာ ဆိုကြဦး. . . ဒုန်း. . ခွမ်း"

တဒုန်းဒုန်း တဒိုင်းဒိုင်းအသံတွေကြားလိုက်ရပြီး ကလေး ငိုသံတွေဆက်ကြားရသည်။ ကျော်ကျော်ဇင် နာရီကြည့်လိုက်မိသည်၊ နံနက်ခြောက်နာရီကျော်ရုံလေးပဲရှိသေးသည်။ ကိုသန်းမောင်နှင့် မခင်ခင်စု အကြီးအကျယ်ရန်ဖြစ်နေကြလေပြီ။ ကျော်ကျော်ဇင်သိ လိုက်သည်။ သည်ပုံအတိုင်းဆိုလျှင် မခင်ခင်စုတို့ သည်နေ့မုန့်ဟင်းခါး ဆိုင် ထွက်လိမ့်မည်မထင်ပါ။ စောစောစီးစီးနိုးနေသဖြင့် မုန့်ဟင်းခါး ဆိုင်စောစောသွားစားမည်ဟု စိတ်ကူးနေသောစိတ်ကူးပျက်သွားရ ပြီး မခင်ခင်စုတို့လင်မယားအပေါ် ကရုဏာသက်သောစိတ်ဖြစ်လာ ရသည်။

တကယ်တော့ ချဲထိုကို စီးပွားရေးကြီးတစ်ခုသဖွယ် အရေး အနက်ထား၊ အလေးထားထိုးနေသော ကိုသန်းမောင်ကလည်း ပြင် သင့်သလို၊ အသွင်မတူအိမ်သူမဖြစ်ဆိုသော စကားအတိုင်း မခင်ခင် စုဘက်ကလည်း ပြင်သင့်တာတွေပြင်သင့်လေပြီ။ တစ်ဝမ်းတစ်ခါးကို တင့်တယ်ကွာ ရှာဖွေစားသောက်နိုင်သော အသက်မွေးဝမ်းကျောင်း ပညာကို တတ်ကျွမ်းပါလျက် ကုသိုလ်ကံပေါ်မှာ မှတည်နေသောကိစ္စ ကို အားထားနေခြင်းမှာ အံ့သြဖို့လည်းကောင်းပါသည်။

ကျော်ကျော်ဇင်သည် အိပ်ရာမှလူးလဲထလိုက်ပြီး ရေချိုးခန်း ဝင်သည်။ သူရေချိုးခန်းကထွက်တော့ မမ ဈေးကပြန်ရောက်နေလေ ပြီ။ နံနက်ခုနစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်မျှလိုသောအခါ သူလည်းဖိုး လပြည့်ကို ကျောင်းသို့လိုက်ပို့မိသည်။ ခါတိုင်းဆိုလျှင် ဆရာမလေး ကိုမတွေ့မိအောင် ရှောင်နေမိသော်လည်း သည်နေ့တော့ တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကဖြစ်နေသည်။

ထို့ကြောင့် ကျောင်းရှေ့ဟာဒ်ပင်အောက်တွင် ကျောင်းသားမိဘတချို့နှင့်ရောပြီး ဆရာမလေးအလာကို ငေးမောကြည့်မိလေသည်။ ခုနစ်နာရီထိုးဖို့ ငါးမိနစ်သာလိုသောအချိန်တွင် ဆရာမလေးကရောက်လာ၏။ သူမသည်ကျောင်းရှေ့သို့ မျက်စိတစ်ချက်ဝေ့ လိုက်ရာ ကျော်ကျော်ဇင်ပုန်းလျှိုးကွယ်လျှိုးရပ်နေသည်ကို မြင်သွား၏။ ထိုအခါ စိတ်ထဲတွင် သူ့အတွက်နာနာကျင်ကျင်လေး ခံစားလိုက်ရ၏။

အမှန်အတိုင်းဝန်ခံရလျှင် သူမသည်လည်း ကျော်ကျော်ဇင့်ကိုပြန်၍ချစ်မိနေပါပြီ။ သို့သော် မိဘတွေ၏စကားကိုလည်း သမီးအလိမ္မာတစ်ယောက်အနေနှင့် မပယ်ဝံ့ပါ။ ယခုနောက်ပိုင်းတွင် ကျော်ကျော်ဇင်တစ်ယောက် သူမကိုမတွေ့အောင် ကြိုးစားနေကြောင်းကိုလည်း သူမသိနေပါသည်။ ညအိပ်ရာဝင်တိုင်းလည်း ကျော်ကျော်ဇင်အကြောင်း စဉ်းစားမိပြီး သက်ပြင်းတွေလည်းအကြိမ်ကြိမ်ချမိသည်။

ပြီးတော့ ကျော်ကျော်ဇင့်ကို ကိုယ်ချင်းစာသည်။ ပြီးတော့ သူမကိုယ်တိုင်ကလည်း ကျော်ကျော်ဇင့်ကိုလွမ်းနေမိသည်။

မေမေသဘောတူသည်ဆိုသည့် ကိုမင်းခေါင်အပေါ်မှာတော့ သူမတစ်စုံတစ်ရာစိတ်လှုပ်ရှားမှုမဖြစ်ခဲ့ပါ။ ကိုမင်းခေါင်၏ ဥပမိရုပ်၊ ပညာနှင့် ခန အင်အားတို့သည် သူမ၏နှလုံးသားကို မည်သို့မျှ မလှုပ်ရှားစေခဲ့ပါ။ တစ်ညမှာတော့ ဖေဖေနှင့်မေမေ၏စကားပြောသံကို သူမကြားရသည်။

"အရမ်းကာရောတော့ စွတ်လုပ်မနေနဲ့ဦးကွ. . . သမီးမှာချစ်သူတွေဘာတွေရှိချင်ရှိနေမှာ"

"အို. . ရှိရှိ မရှိရှိ. . . ကျွန်မသင့်တော်လို့ စီမံတဲ့ကိစ္စ. . . ရှင်ဘာမှဝင်မပါနဲ့"





"မဟုတ်ဘူးလေကွာ. . . မင်းနဲ့ငါဆိုလည်း မိဘပေးစားလို့ယူခဲ့ကြတာမှ မဟုတ်တာ. . တစ်ယောက်နဲ့တစ်ယောက် ချစ်ကြိုက်ပြီးယူခဲ့ကြတာပဲ. . . နည်းနည်းတော့ ကိုယ်ချင်းစာရမှာပေ့ါ. . . နောက်ပြီး ငါ့စိတ်ထဲက ခံစားမှုကိုအမှန်အတိုင်းပြောရရင် မောင်မင်းခေါင်ကို သိပ်သဘောမတွေ့ဘူးကွ"

"ပြောစမ်းပါဦး. . . ရှင်က ဘာတွေသဘောမတွေ့ပြန်တာလဲ"

"တစ်မျိုးပဲကွ. . . ဒီကောင့်ကြည့်ရတာ သိပ်မရိုးသားဘူးလို့ငါထင်တယ်"

"ဘာကို မရိုးသားတာလဲ"

"သူ့အကျင့်စရိုက်. . . ကိုယ်ကျင့်တရားပေါ်မှာပြောတာ. . . ဘာပဲဖြစ်ဖြစ် ငါ့သမီးကိုတော့ တိုင်တိုင်ပင်ပင်လုပ်ပါကွာ"

"အို. . ဒါက ကျွန်မကိစ္စပါ"

ဖေဖေပြောမှပင် သူမလည်း ကိုမင်းခေါင်ကိုသတိထားအကဲခတ်မိသည်။ ဖေဖေပြောတာ ဟုတ်သလိုရှိသည်ဟုလည်း ထင်မိသည်။ ကိုမင်းခေါင်တွင် ဟန်တွေကပိုများသည်ဟုထင်သည်။ မလိုအပ်ဘဲ ဟန်လုပ်မှု၊ ကြွားဝါမှုတွေက ပိုများနေ၏။ ဥပမာအားဖြင့် ဘန်းဖုန်းကို မလိုအပ်ဘဲခဏခဏထုတ်ပြောခြင်း၊ ပြီးတော့ သူတို့၏ကြွယ်ဝချမ်းသာမှုကို မလိုအပ်ဘဲ ထုတ်ထုတ်ပြောခြင်းမျိုးတွေဖြစ်သည်။ နောက်တစ်ချက်က ကိုမင်းခေါင်သည် ယောကျ်ားတစ်ယောက်အနေနှင့် နူလွန်းသည်။ ပျော့လွန်းသည်ဟု သူမထင်သည်။

သူမသည် သက်ပြင်းတွေကိုအခါခါချမိပြန်သည်။

ထိုအချိန်တွင် ကျော်ကျော်ဇင်သည် ဆုံဆည်းရာလက်ဖက်ရည်ဆိုင်သို့ ရောက်သွားသည်။ သူရောက်ပြီး မကြာမီပင် ကိုဖြိုးလည်းရောက်လာသည်။ ယနေ့တော့ မခင်ခင်စု၏မုန့်ဟင်းခါးဆိုင်မထွက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူလည်းလက်ဖက်ရည်နှစ်ခွက်နှင့် ပဲပလာတာနှစ်ပွဲမှာလိုက်သည်။ ခါတိုင်းဆိုလျှင် အလွန်ပင်သွက်လက်နေလေ့ရှိသည့် ကိုဖြိုး တစ်ယောက် သည်နေ့တော့ ကြက်ကြီးလည်လိမ်ထားသလိုဖြစ်နေသဖြင့် ကျော်ကျော်ဇင်ကဖွင့်မေးသည်။

"ဘာဖြစ်နေတာလဲဗျ. . ခင်ဗျားမျက်နှာက မည်းရထဲ့အထဲ ပိုမည်းနေတယ်"

ထိုအခါ ကိုဖြိုးက သူ့ကိုအံ့အားသင့်စွာဖြင့်ကြည့်သည်။

"မင်း ဘယ်လိုသိသလဲကွ. . . ငါဖြစ်လာတဲ့အကြောင်းကို"

"ကျွန်တော် ဘာမှမသိဘူး. . . ခင်ဗျားမျက်နှာကြီးက ကြက်ကြီးလည်လိမ်ထားသလိုဖြစ်နေလို့"

ကိုဖြိုးသည် မျက်ရည်တွေဝဲနေပြီး အကြောင်းစုံကိုရှင်းပြသည်။

"ညတုန်းကဖြစ်တာကွ. . . ငါက ဧည့်ခန်းထဲမှာ သတင်းစာဖတ်နေတယ်. . ငါ့မိန်းမက တီဗွီကြည့်နေတယ်. . . အဲဒီတုန်းမှာ ငါ့မိန်းမက ကိုဖြိုးရယ်တဲ့. . ရှင့်အသားဟာ ဘာဖြစ်လို့ဒီလောက်မည်းနေတာလဲတဲ့. . . ငါကလည်း ကုလားပဲကွာ. . မဲည်းမှာပေါ့လို့ပြန်ပြောလိုက်တော့. . ကိုရီးယားမင်းသားလေးတွေများ ဖွေးဥနေတာပဲတဲ့. . ငါလည်း အဲဒီလိုနှိုင်းပြောခံလိုက်ရတော့ စိတ်တိုသွားတာပေါ့ကွ. . ဘယ့်နှယ်ကွာ. . အသားဖြူချင်မှတော့ ဘယ်ကုလားအဖြစ်ခံမလဲ. . . ကိုးရီးယားတို့၊ တရုတ်တို့၊ ဂျပန်တို့အဖြစ်ခံလိုက်မှာပေါ့ . . . တကယ်ကတော့ကွာ. . လူမျိုးတစ်မျိုးရဲ့ အမှတ်အသားဆိုတာ ဒါပဲကွ. . . ဒါကိုရှက်စရာမလိုဘူး. . . ဂုဏ်ယူရမယ်. . . အိန္ဒိယလူမျိုးဆိုတာ အသားမည်းမှဂုဏ်ရှိတာ. . . တရုတ်ဆိုလည်း အသားဖြူမှ ဂုဏ်ရှိတာ. . မင်းတို့ ဗမာဆိုလည်း ရှေးခေတ်စာပေတွေထဲမှာ ကြေးနီရောင်အသားအရေရှိသောလူမျိုးလို့ ရေးတာတွေ့ဖူးတယ်. . ဒါဟာ ဂုဏ်ယူစရာပဲကွ. . အဲဒါကို ငါ့မိန်းမကအဲဒီလိုကြီး ဝေဖန်လိုက်တော့ ငါလည်းစိတ်တိုသွားပြီး. . ငါ့သာပြောနေ. . နင်လည်း ဖြူလို့လား. . . မည်းလိုက်တာမှ တူးခါးနေတာပဲလို့ပြန်ပြောလိုက်တော့ ငါ့မိန်းမဒေါကန်သွားတယ်ကွ. . . အလကားပါကွာ. . . ငါ့မိန်းမက ကိုးရီးယားကားတွေကြည့်ပြီး အဲဒီထဲကမင်းသားတွေကို စိတ်ကူးယဉ်နေတာ. . သူ့ကိုယ်သူလည်း ကိုးရီးယားမလို့ထင်နေတာ. . . ဟိုတစ်ခါကလည်း ကိုဖြိုးရယ်တဲ့. . ကျွန်မတို့ ထမင်းလိပ်လုပ်စားကြရအောင်တဲ့. . ကင်ချီဆိုတာလည်း ဒီမှာရောင်းသလားတဲ့"



ကျော်ကျော်ဇင်ရယ်လိုက်ရာ ကိုဖြိုးကခပ်ပြုံးပြုံးဖြစ်သွား၏။

"မင်းစဉ်းစားကြည့်ကွာ. . . ပဲခေါက်ဆွဲဆိုတာလည်း စားချင်တယ်ဆိုပဲ. . . ဒါနဲ့ ငါလည်းသူပြောတဲ့အစာတွေကို သေသေချာချာကြည့်လိုက်တော့ ကင်ချီဆိုတာ. . မင်းတို့မြန်မာတွေရဲ့ ချဉ်ဖတ်သိုဟာမျိုးပါကွာ. . . ပဲခေါက်ဆွဲဆိုတာကျတော့ ငါ့စိတ်ထင်ပုန်းရည်ကြီးနဲ့ခေါက်ဆွဲရောနယ်ထားတာ ဖြစ်ပါလိမ့်မယ်"

"ဟား ဟား"

"ဒါတွင်မဟုတ်သေးပါဘူးကွ. . . တို့ကုလားတွေမှာ အဖေကို ပါပါးလို့ခေါ်ကြတယ်. . . အဲဒါကွာ ဟိုတစ်နေ့က ငါ့အဖေအိမ်ကိုလာတော့ အပူကြီးလာပြီ ကိုဖြိုးရေတဲ့. . . ငါ့အဖေလည်း အတော်ဦးနှောက်ခြောက်သွားတယ်"

ကျော်ကျော်ဇင်ရယ်လိုက်မိပြန်သည်။

"ဒါနဲ့လုပ်ပါဦး. . . ဘာတွေဆက်ဖြစ်ကြတာလဲ"

"အဲဒီတော့ ငါ့မိန်းမကို နင်လည်းဖြူလို့လား. . . မည်းလိုက်တာမှ တူးခါးနေတာပဲလို့လည်းပြောလိုက်ရော. . . ရှင် မဗိုက်ရိုင်းနဲ့နော်တဲ့. . . ကျွန်မက ရှင့်ထက်တော့ဖြူသေးတယ်တဲ့. . . အဲဒီမှာငါလည်း ဒေါကန်သွားပြီး သူနဲ့အသားချင်းယှဉ်လိုက်မိတယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ. . ခင်ဗျားတို့ကလည်း"

"အဲဒီမှာ ကံကောင်းတာက ငါကသူ့ထက်နည်းနည်းပိုဖြူနေတယ်ကွ. . . ငါလည်း အဲဒီတော့ သူ့ကိုလှောင်လိုက်တာပေါ့ကွာ. . အဲဒီကနေ စကားအကြီးအကျယ်များကြပြီး သူငါ့အိမ်ကဆင်းသွားတယ်ကွ"

"ဟာ ဒုက္ခပါပဲ. . . မဇလေခါဘီဘီကလည်း အသေးအဖွဲ့ကိစ္စလေးနဲ့များ. . ဒါနဲ့ သူဘယ်ကိုဆင်းသွားတာလဲ. . ကိုဖြိုးသိလား"

"ငါ့စိတ်ထင်တော့ သူ့မိဘအိမ်ကိုပဲဆင်းသွားတာဖြစ်မယ်"

သူတို့နှစ်ယောက် စကားကောင်းနေစဉ်မှာပင် ကျော်စွာမြင့်က တစ်ယောက်တည်းလက်ဖက်ရည်ဆိုင်သို့လာထိုင်လေသည်။ သူလည်း မျက်နှာသိပ်မကောင်းလှသဖြင့် ကျော်ကျော်ဇင်ကအကြောင်းစုံမေးကြည့်သည့်အခါ အုန်းပင်တက်သည့်ကိစ္စမှစပြီး ဆန်းရှင်းစာအုပ်ဆိုင်မှာ ညဘက်သွားစောင့်သည်အထိ ပြောပြလိုက်၏။

"အဲဒီတော့ မြတ်နိုးက စာအုပ်ဆိုင်ကိုရောက်မလာလား"

"ဟင့်အင်းကွ. . . မရောက်လာဘူး"

"အေးကွာ . . . တို့တွေရဲ့အဖြစ်ကလည်း. . . တောင်မင်းမကယ်နိုင်. . မြောက်မင်းမကယ်နိုင်အဖြစ်ပဲ"

ကျော်ကျော်ဇင်သည် သက်ပြင်းတစ်ချက်ချလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ကိုဖြိုး၏ပြဿနာကလည်း ခဏပြဿနာသာဖြစ်ပါလိမ့်မည်။ လင်နှင့်မယား လျှာနှင့်သွားမဟုတ်ပါလား.။ ကျော်စွာမြင့်ကိစ္စကလည်း သူ့ထက်တော့အခြေအနေကောင်းနေသည်။ မြတ်နိုးနှင့်တွေ့ခွင့်မရသည်မှအပ မြတ်နိုးက ကျော်စွာမြင့်ကိုပစ်ပစ်ခါခါမလုပ်။ ပြီးတော့ ပို၍မျှော်လင့်စရာကောင်းသည့်အချက်မှာ မြတ်နိုးမှာ ယခုအချိန်ထိ ရည်းစားမရှိသေး။

သူ့မှာသာ မျှော်လင့်ချက်မရှိသည့်အခြေအနေဖြစ်နေသည်။





# အထီးကျန် ဇာတ်လမ်းများ

ကိုသန်းမောင်သည် မခင်ခင်စုနှင့်အကြီးအကျယ် စကားများပြီး အိမ်ပေါ်ကအဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ဆင်းခဲ့သည်။ လမ်းပေါ်ရောက်သောအခါ ဘယ်သွားလို့ဘယ်လာရမှန်းမသိဖြစ်နေသည့်အခိုက်မှာပင် ကိုဖိုးထောင်၏ဆိုက်ကားက သူ့အနားရောက်လာသည်။

"ဘယ်သွားမလို့လဲ ကိုသန်းမောင်. . . လမ်းကြုံမယ်ဆို ကျွန်တော့်ဆိုက်ကားနဲ့လိုက်ခဲ့လေ"

"ဘယ်ရယ်လို့မဟုတ်ပါဘူးကွာ. . ဒါနဲ့ မင်းဒီနေ့ နေ့တွက်ဘိုက်ပြီလား"

"ကိုက်ပြီဗျာ. . . ဒီနေ့ မဆိုးဘူး. . . အဆင်ပြေတယ်"

"ဟာ. . ဒါဆို. . . ငါ့အရက်တိုက်ကွာ"

ကိုဖိုးထောင်ကလည်း ဇာစ်ခါတလေဘိုင်ကျနေသည့်ရက်များတွင် ကိုသန်းမောင်တို့ဆိုင်က မုန့်ဟင်းခါးကိုအလကားဝင်ကြိတ်တတ်သူမို့ ကိုသန်းမောင်ကို အရက်တိုက်ဖို့သဘောတူလိုက်သည်။

"လာဗျာ. . တက်. . . ဒေါ်ပုဆိုင်မှာ သွားနှိပ်ကြမယ်"

ဒေါ်ပုဆိုင်သည် ကိုဖိုးထောင်သောက်နေကျဆိုင်ဖြစ်သလို ရပ်ကွက်ထဲက လက်လုပ်လက်စားတွေအကြိုက်တွေ့သည့်ဆိုင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အရက်ကလည်း ဈေးပေါသလို၊ အမြည်းတွေကလည်း စုံလင်ပြီး ဈေးပေါသည်။ ခရမ်းချဉ်သီးသုပ်၊ မြင်းခွာရွက်သုပ်လောက်နှင့် နှိပ်မလား၊ ကြက်တောင်ပံ၊ ကြက်ခြေထောက်ကြော်တွေနှင့် နှိပ်မလား။ ချဉ်ရည်ဟင်းနှင့်ပဲ နှိပ်မလား။ နှိပ်ချင်ရာနှင့်နှိပ်။ ဟင်းတွေက လက်ရာကောင်းသလို အရက်ကလည်းစစ်သည်။

ကိုသန်းမောင်ကတော့ အရက်ကိုပုံမှန်သောက်လေ့သောက်ထမရှိပါ။ ပြီးတော့ အရက်၏အရသာကို သူမနှစ်သက်သဖြင့် စွဲစွဲလန်းလန်းလည်းမရှိ။ သို့သော် ယနေ့တော့ သူအရက်သောက်မှုဖြစ်ပေလိမ့်မည်။ အထူးသဖြင့် သူ့ခံစားချက်ကိုရင်ဖွင့်ချင်နေသည်။

သို့နှင့်ပင် ဒေါ်ပုဆိုင်ရောက်၍ အရက်နှင့်အမြည်းမှာပြီးသည်နှင့် သူသည်အရက်ကိုရေမရောဘဲ စသောက်လေတော့၏။ သုံးလေးပက်လောက်ဝင်သော် လျှာကသွက်လာ၏။

“ငါ အိမ်ပေါ်ကဆင်းလာခဲ့ပြီကွ ဖိုးထောင်ရ. . . အဲဒါ ဒီအိမ်ကအပြန် ငါမင်းအိမ်မှာလိုက်အိပ်မယ်”

“ဟာ. . ဘယ်လိုဖြစ်တာလဲ. . . ခင်ဗျားတို့လင်မယား ရန်ဖြစ်ကြသလား”

ကိုဖိုးထောင်ကလည်း ကိုသန်းမောင် သူ့အိမ်လိုက်အိပ်မည်ဆိုသဖြင့် စိတ်ညစ်သွားမိသည်။ ကိုသန်းမောင်ကိုခေါ်၍ အရက်တိုက်မိတာ မှားပြီထင်သည်။ ကိုဖိုးထောင်၏မိန်းမနှင်းဆီက သဘောကောင်းသော်လည်း စိတ်တို၏။ ပြီးတော့ ကိုဖိုးထောင်ထက်လည်း ခြောက်နှစ်လောက်ငယ်သဖြင့် နည်းနည်းဆိုးချင်သည်။

အိမ်အလုပ်ကို လက်ကြောတင်းအောင် သိပ်မလုပ်ချင်။ မနက်ဆိုလျှင် ထမင်းအိုးကိုတော့ မဖြစ်ဖြစ်အောင်တည်တတ်သော်လည်း ဈေးဝယ်ဖို့၊ ဟင်းချက်ဖို့ကျတော့ ပျင်း၏။

“ရှုပ်ပါတယ် ကိုဖိုးထောင်ရယ်. . . ထမင်းပဲချက်ပြီး ဆိုင်က





ပဲဟင်းဝယ်စားလိုက်ရအောင်. . ကျွန်မတို့မှာ မိသားစုကသုံးယောက်တည်းဥစ္စာ. . . ကလေးကလည်း ဘာမှဟင်းဂျီးများတာ မဟုတ်ဘူး”

“မဟုတ်ဘူး မိန်းမရဲ့. . . တစ်ခါတလေတော့ အကြောင်းမဟုတ်ပေမယ့် ငါတော့ဆိုင်ဟင်းကို အရသာမတွေ့ဘူးကွာ. . . ဟဲ ဟဲ. . မင်းက ဟင်းချက်ကောင်းတာပဲဥစ္စာ. . . လိမ္မာပါတယ်ကွာ နော် . . ချက်လိုက်နော်”

အဝတ်အထည်တွေလျှော်ဖို့ ဖွတ်ဖို့ကျတော့လည်း အပင်ပန်းမခံချင်။ အဝတ်လျှော်စက်ဝယ်ချင်သည်ဟု ပူဆာသည်။

“ဟ. . ငါက ဆိုက်ကားသမားကွ မိန်းမရ. . မင်းစိတ်ထဲမှာ ငါ့ကိုသဘော်သားများ ထင်နေလား. . . အခုလည်း မင်းဝါသနာပါတယ်ဆိုလို့. . ကာရာအိုကေစက်လည်း ဝယ်ထားပေးပြီးပြီ. . . စပီတာနဲ့ အသံချဲ့စက်နဲ့. . . မိုက်ကရိုဖုန်းနဲ့ ဈေးကလည်းနည်းတာ မဟုတ်ဘူး”

“အို. . အဝတ်ဆိုတာ ရှင်နဲ့လည်းဆိုင်တာပဲ. . ရှင်လည်း အားရင်ဝင်လျှော်ပေါ့”

ကိုဖိုးထောင်ကလည်း မယားချစ်တတ်သူပီပီ အချိန်ရသလောက်တော့ အဝတ်တွေကိုဝင်ဝင်လျှော်သည်။ နှင်းဆီက သူ့ထက်လည်းငယ်သလို ရုပ်ကလည်းလှ၏။ ပြီးတော့ အသံလေးကလည်းမဆိုး။ ကာရာအိုကေစက်ဖွင့်ပြီး သီချင်းကိုဆိုနေလျှင် တကယ့်အဆိုတော်ကြီးအလား နားထောင်၍ကောင်းသည်။

“ကျွန်မသာ ရှင်နဲ့မရခဲ့ရင်. . . အခုလောက်ဆို အဆိုတော်ဖြစ်နေလောက်ပြီ သိလား”

“အခုလည်း အချိန်နောက်မကျသေးပါဘူး နှင်းဆီရယ်. . . ငါ ဆိုက်ကားနင်းပြီး ပိုက်ဆံစုပေးပါ့မယ်. . . ပြီးရင် သီချင်းအခွေ ထုတ်ပေးမယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ. . . ရှင့်ဆိုက်ကားနင်းတာက ရတဲ့ငွေဟာ. . . စားဖို့တောင် အနိုင်နိုင်"

နှင်းဆီသည် အလုပ်နှင့်သာ လက်ကြောမတင်းတာ။ ကိုဖိုးထောင်နေမကောင်းသည့်အခါမျိုးတွင် ပျာနေတတ်သည်။ ကျောတွေနှိပ်၊ ခြေထောက်တွေနှိပ်ပေးတတ်သလို စားသောက်စရာတွေလည်း စီမံပေးလေ့ရှိသည်။

"ကျွန်မက ဘာမှလုပ်တတ်တာမဟုတ်ဘူး ကိုဖိုးထောင်ရဲ့ . . . ရှင်သေသွားလို့ မဖြစ်သေးဘူး. . . သေချင်ရင်တောင် အိမ်တစ်ဆောင်မီးတစ်ပြောင်ထားခဲ့ပြီးမှ သေ"

ထိုအခါမျိုးတွင် ကိုဖိုးထောင်ခမျာ၊ ငိုရအခက် ရယ်ရအခက်ဖြစ်သည်။ ကိုဖိုးထောင်သည် အရက်ကလေးခပ်ထွေထွေဖြစ်လာသောအခါ ကိုသန်းမောင် သူ့အိမ်မှာလိုက်အိပ်မည့်အရေးကို မပူတော့ဘဲ၊ ပျော်သလိုပင်ဖြစ်လာ၏။

"ချဲထိုးတာ ဘာဖြစ်သလဲ ကိုသန်းမောင်ရာ. . လူတစ်ကိုယ် အကြိုက်တစ်မျိုးပဲ. . . ခင်ဗျားက ချဲကြိုက်တယ်. . . ကျွန်တော်က အရက်ကြိုက်တယ်"

"ဟေ့. . ငါကတော့ မိန်းမကြိုက်တယ်ကွ. . ဟဲ ဟဲ"

"မိန်းမ မကြိုက်တဲ့ယောကျ်ားတော့ ဒီကမ္ဘာမှာမရှိဘူးကွ. . ဒါရှက်စရာမဟုတ်ဘူး. . ဒါနဲ့ သန်းမောင်ပြောနေတာတွေ ငါအကုန်ကြားတယ်. . မင်းကလည်း မင်းပဲကိုး. . ဘာဖြစ်လို့ ချဲကိုဒီလောက်ထိုးရတာလဲ. . . တကယ်ဆို မင်းမိန်းမလက်ရာနဲ့ မင်းတို့ချမ်းသာတောင်နေသင့်ပြီ"

ကိုသန်းမောင်သည် ခပ်ထွေထွေဖြစ်ရာမှ မူးလာလေပြီ။

"ကျွန်တော် အချိန်အကြာကြီးမစောင့်ချင်ဘူးဗျာ. . . အဲဒါကြောင့်"





"ချဲဆိုတာက ထွက်ထိုးတိုင်းပေါက်မယ်လို့ မင်းထင်သလား . . . ထွက်ချင်ရာထွက်တာကွ. . . ဒါဟာ ကုသိုလ်ကံပဲ. . . ဘာပဲဖြစ်ဖြစ် မမြင်ရတဲ့ကုသိုလ်ကံကို မသေချာဘူးလို့ပဲ မင်းစိတ်ထဲသတ်မှတ်လိုက်စမ်းပါ. . . အေး. . သေချာတာက မင်းမိန်းမရဲ့မုန့်ဟင်းခါးပဲကွ"

ကိုသန်းမောင်သည် ခေါင်းကြီးငိုက်စိုက်ကျသွားသည်။ ညဉ့်နည်းနည်းနက်သော် ဦးချမ်းသာကလည်း သူ့အိမ်သူပြန်သွားပြီး ကိုသန်းမောင်ကတော့ ကိုဖိုးထောင်တို့အိမ်သို့လိုက်သွားသည်။

"ဟေ့ နှင်းဆီ. . . တို့နှစ်ယောက်အတွက် အိပ်ရာပြင်ပေးစမ်း"

"ဩော်. . ရှင်မူးလာပြန်ပြီကိုး. . ဒီအရည်တွေကို မသောက်ပါနဲ့လို့ပြောပေါင်းလည်းများပြီ . . . အရေးထဲ . . . အရက်သမားနည်းသည်ကလည်း ပါလာသေး. . မခင်းပေးနိုင်ဘူး. . ကိုယ့်ဘာသာခင်း"

"ကောင်မ. . . ညဉ့်နက်ပြီဟ. . . တိုးတိုးပြောစမ်း"

"ဩော်. . ရှက်တယ်ပေါ့ ဟုတ်လား. . . ရှင် အရက်သောက်လာတာကျတော့ မရှက်ဘူးဟုတ်လား"

လင်မယားနှစ်ယောက်၏ စကားအသွားအလာက ရန်ဖြစ်တော့မည့်အခြေအနေဖြစ်လာသည်။ ကိုသန်းမောင်သည် လျှာလေးအာလေးနှင့်ပြောလိုက်၏။

"ဟေ့. . ကောင်. . ဖိုးထောင်. . ဖြစ်. . ရဲ့ . . လား. . ကွာ . . ငါ အမူး. . တောင်. . ပြေလာ. . ပြီ"

"ဖြစ်ပါတယ်ဗျာ. . . ကျွန်တော် ဒီကောင်မကိုပိုင်ပါတယ်ဗျာ. . ဟဲ့. . နှင်းဆီ. . နင်. . ငါတို့နှစ်ယောက်အတွက် ထမင်းပါခူးပေး. . ပြီးရင် အိပ်ရာပါခင်းပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ပေးနိုင်ဘူး. . . ရှင်းပြီလား"

"ဩော်. . မင်းက ငါ့ညှော်သည်ရှေ့မှာ သက်သက်မဲ့ အရှက်ခွဲတာပေါ့ ဟုတ်လား. . . ငါကွာ. . နားရင်းပိတ်အုပ်လိုက်ရ. . ဟင်း. . "

"အုပ်ရဲအုပ်ကြည့်ပါလား. . . ကျွန်မကို နားရင်းအုပ်ရင်. . ရှင်လည်း ဘာဖြစ်သွားမယ်ထင်သလဲ"

"မလုပ်. . ကြ. . ပါနဲ့ကွာ. . မင်းတို့. . အပြန်အလှန်. . နားရင်းအုပ်နေကြရင် နား. . တွေ. . လေးကုန်မယ်. . ကွ. . . တစ်ယောက်နဲ့ တစ်ယောက် ဆုံးမချင်ရင် ခြေသလုံး. . လေး. . တွေ. . ရိုက်ပြီး ဆုံးမကြ"

"ဒီကောင်မ အတော်အတင့်ရဲပါလား. . . ငါ့ကိုတောင် မကြောက်တော့အောင် သတ္တိတွေရှိနေတယ် ဟုတ်စ. . . ကောင်းပြီ . . ငါ လာပြီ"

ကိုဖိုးထောင်က နှင်းဆီထံသို့အသွား နှင်းဆီက ကိုဖိုးထောင်၏ပါးကို ဆီးရိုက်၏။ ကိုဖိုးထောင်ကလည်း သူ့ပါးကိုလေးငါးဆယ်ချက်လောက် အရိုက်ခံလိုက်ရသောအခါ ဒေါကန်သွားပြီး နှင်းဆီပေါ်သို့ ခုန်အုပ်လိုက်သည်။ တစ်အိမ်လုံး တဒုန်းဒုန်း တဒိုင်းဒိုင်းအသံတွေဆူညံကုန်၏။

"ကောင်မစုတ်. . . နင့်လက်ကို အခုလွှတ်စမ်း"

"မလွှတ်ဘူး. . . မလွှတ်ဘူး. . . နင်လည်း ငါ့ကိုလွှတ်စမ်း"

"သေပါပြီဗျာ. . . လွှတ်စမ်းဆို"

"ဟော့. . မင်းတို့. . လင်မယား. . ဘာတွေကိုကိုင်မိပြီး. . မလွှတ်ဘဲဆုပ်ထားကြတာလဲ. . . ဒုက္ခပဲ. . လွှတ်. . လိုက်ကြ. . အင်း. . ကိစ္စတော့. . များ. . ကုန်တော့မှာပဲ"

ညဦးသန်းခေါင်ရန်ပွဲသည် ပို၍ကြီးလာသည်။ ကလေးငိုသံ





နှင့်အတူ တစ်ယောက်နှင့်တစ်ယောက် ဆဲသံတွေလည်းထွက်လာ၏။

"ဟင်. . အီး ဟီး. . ကွာမယ်. . ရှင့်လိုယောကျ်ားမျိုးကို ယူမိတာ ကျွန်မအမှားပဲ. . . အီး ဟီး. . ရွှတ်. . ဆင်းမယ်. . မပေါင်းနိုင်တော့ဘူး. . . ကျွန်မ အခုချက်ချင်း အမေတို့ဆီကိုပြန်မယ်. . . ကလေးလည်းခေါ်သွားမယ်. . . ဘယ်တော့မှ ကျွန်မတို့လိုက်မခေါ်နဲ့ . . ရွှတ်"

နှင်းဆီသည် ဗီရိုကြက်ရင်းက အဝတ်အစားတွေကို ကြွပ်ကြွပ်အိတ်ထဲကောက်ထည့်ပြီး ကလေးကိုခေါ်ကာ အိမ်ပေါ်မှဆင်းသွား၏။

"ဟော့. . ဖိုးထောင်. . . မင်း. . မိန်းမ. . ဆင်းသွား. . ပြီကွာ. . . လိုက်ခေါ်လေ"

"နေပေစေဗျာ. . . ရှုပ်တယ်. . . သူစိတ်ပြေရင် သူ့ဘာသာသူပြန်တက်လာလိမ့်မယ်. . . လာ. . ညဦးနက်ပြီ. . . ကျွန်တော်တို့နှစ်ယောက်အိပ်ကြစို့"

သည့်နောက်မှာတော့ သူတို့နှစ်ယောက်သည် အိမ်တံခါးကိုပင် မပိတ်နိုင်ကြတော့ဘဲ အိမ်ရှေ့ခန်းမှာပင် တစ်ယောက်နှင့်တစ်ယောက်ဖက်ပြီး အိပ်ပျော်သွားကြလေသည်။ နောက်တစ်နေ့မိုးလင်းသော် နှစ်ယောက်စလုံး အရက်နာကျနေကြ၏။ ခေါင်းတွေလည်း တစစ်စစ်ကိုက်နေကြသည်။ ကိုဖိုးထောင်သည် ညကအဖြစ်အပျက်ကို ပြန်စဉ်းစားမိပြီး မှိုင်ကျသွားလေသည်။

ထို့အတူ ကိုသန်းမောင်ကလည်း မခင်ခင်စုနှင့် ကလေးတွေကို သတိရနေမိသည်။

"မင်းမိန်းမကို ပြန်ခေါ်ဖို့လုပ်ဦးကွ. . . ဖိုးထောင်"

"နေပေစေဗျာ. . . အချိန်တန်ရင် သူ့ဘာသာပြန်တက်လာလိမ့်မယ်. . . ဒါနဲ့ ခင်ဗျားလည်း မခင်ခင်စုဆီပြန်သွားသင့်တယ်ဗျ"

"ငါမသွားရဲဘူးကွ. . . သူ ငါ့ကိုနာကြည်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ငါ မင်းနဲ့အတူ လေးငါးရက်နေချင်တယ်ကွ"

"အင်း. . နှင်းဆီရှိရင်သာ ပြဿနာလုပ်ချင်လုပ်မှာ. . . ကျွန်တော်ကတော့ အေးဆေးပဲဗျ. . . ခင်ဗျားနေချင်သလောက် နေ"

"နေရုံတွင်မဟုတ်ဘူးကွ. . . စားလည်း စားမယ်"

"အင်း. . ဒါတော့ သိပ်မနိုပ်ဘူးဗျ. . . ဒါပေမဲ့ အချင်းချင်းတွေပဲဗျာ. . . ကိစ္စမရှိပါဘူး. . စားစေဗျား"

"စားရုံတွင် မဟုတ်ဘူးကွ"

"ဟင်. . . ဘာရှိသေးလို့လဲ"

"ငါက အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲဆင်းလာတာ ဆိုတော့. . မင်းအဝတ်တွေလည်း ယူဝတ်ရလိမ့်မယ်"

"ဒုက္ခပါပဲ. . ကျွန်တော်ကြားဖူးတဲ့ ကုလားအုတ်ပုံပြင်ထဲက လိုဖြစ်နေပြီထင်တယ်. . . တဲပိုင်ရှင်က နောက်ဆုံးမှာ ကုလားအုတ်ကို တဲထဲပေးသိပ်လိုက်ရပြီး. . သူကတော့ အပြင်မှာအိပ်ရတော့သတဲ့ . . အင်း. . ဒါပေမဲ့ခင်ဗျားကို ကျွန်တော်ကျေးဇူးတင်တာ တစ်ခုက . . . နောက်ထပ် စားရုံတင်မကဘူးဆိုတာကို ဆက်မပြောလို့ပဲ"

"ဘာလဲကွ. . မင်းစကားက"

"ဩော်. . စားရုံတွင်မကဘူးဆိုတော့ ဘာကျန်တော့လို့လဲ . . . ကျွန်တော့်မိန်းမပဲ ကျန်တော့တာပေါ့. . . အဲဒါလေးတော့ ချမ်းသာပေးပါအစ်ကိုရယ်. . ဟဲ ဟဲ"

"ဟာကွာ. . ဒီကောင် ပြောရော့မယ်"

သူတို့နှစ်ယောက်သည် တဟားဟားရယ်လိုက်ကြပြီး မျက်နှာသစ် သွားတိုက်လုပ်ကြ၏။ ထိုအချိန်မှာပင် စပီကာမှ ဦးချမ်းသာ၏ အသံစွာကျယ်ကျယ်ကြီးကို ကြားလိုက်ရလေသည်။

"ရပ်ကွက်အတွင်းရှိ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား





. . . ကျွန်တော်တို့ရပ်ကွက်ရဲ့ ဝါတွင်းသုံးလပတ်လုံး သံဃာတော်များကို အရက်ဆွမ်းလောင်းလှူခဲ့တာ အခုဆိုအောင်အောင်မြင်မြင်နဲ့ပြီးဆုံးသွားတဲ့အပြင် အခုဆို ဝါပဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး တောင်လုပ်ပြီးခဲ့ပါပြီ. . ဒီတော့ကာ. . အဟမ်း ဟမ်း. . . ဆွမ်းသိမ်းပွဲ ပျော်ပွဲရွှင်ပွဲအနေနဲ့. . . မိုးသဇင်ညှာအငြိမ့်နဲ့ ပျော်ပွဲရွှင်ပွဲတွေကို သုံး ရက်တိုင်တိုင် ကျင်းပပြုလုပ်ပေးမှာဖြစ်ပါတယ်"

ကလေးတွေက လက်ခုပ်တီးကြသည်။

"အဲဒီမှာ အရင်နှစ်တွေကထက်ပိုထူးခြားတဲ့ အစီအစဉ်တစ်ခုထည့်ထားပါတယ်. . . အဲဒါကတော့ ကာရာအိုကေအဆိုပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ပေးမှာပဲဖြစ်ပါတယ်"

ကိုဖိုးထောင်သည် ကာရာအိုကေအဆိုပြိုင်ပွဲဆိုသောအသံကြားလိုက်ရသည်နှင့် သူ့ဇနီးနှင်းဆီကို သတိရသွားလေသည်။

"ကုလားသီချင်းကိုပဲ ဆိုမလား. . . ဂျပန်သီချင်းကိုပဲ ဆိုမလား. . . ကိုရီးယားသီချင်းကိုပဲ ဆိုမလား. . . ဆိုချင်ရာ ဆိုကြပါ"

"ဟာ. . မြန်မာသီချင်းထည့်ပြောဖို့ သူမေ့နေပြီဟ"

"အဲ. . ဟုတ်ပါတော်"

"ကျွန်တော်မေ့သွားလို့ပါ ခင်ဗျာ. . တစ်ခုကျန်ခဲ့ပါတယ်. . မြန်မာသီချင်းလည်း ဆိုနိုင်ပါတယ်. . ဒါပေမဲ့ ဝါသနာရှင်တစ်ယောက်ချင်းစီကို အသံတော့ဆေးစစ်ရပါလိမ့်မယ်"

"ဟာ စစ်ဆေးရမှာပါ. . . ဘယ့်နှယ် သူလုပ်တာနဲ့ ဝါသနာရှင်တွေကို ဓာတ်မှန်တွေရိုက်ရမလိုဖြစ်နေပြီ"

"အေးလေ"

"အဲဒီလိုမှမလုပ်ရင်. . . အသံသေး အသံကြောင်. . ကချလာကောင်တွေဝင်လာပြီး ပရိုတ်ကျမှာစိုးလို့ပါ. . . အဲ. . အရေးအကြီးဆုံးအချက်ကတော့ ဒီပျော်ပွဲရွှင်ပွဲကြီးကျင်းပပြုလုပ်မယ့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရက်စွဲပဲဖြစ်ပါတယ့်. . . လဆန်း တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက်. . အဲ. . လျှာကို ဘရိတ်မမိလိုက်လို့ခင်ဗျ. . . လဆန်း ဝမ်းတူးသရီး အဲဒီသုံးရက်မှာ. . . ကန်သာယာကွင်းကြီးမှာ ပြုလုပ်မှာ ပါခင်ဗျာ”

ဦးချမ်းသာသည် ဆိုက်ကားနှင့် အဝေးတစ်နေရာရောက်သွားပြန်သည်။ ရပ်ကွက်သူရပ်ကွက်သားတို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်ပြီးကျန်ခဲ့၏။





## အင်တာဗျူး

သည်နေ့ ဖိုးလပြည့်တို့ကျောင်းပိတ်သည်။ ကျော်ကျော်ဇင်လည်း ဆိုင်သွားဖို့အချိန်နီးလာပြီဖြစ်သဖြင့် အိမ်ရှေ့ရေစည်မှာ ရေထွက်ချိုးသည်။ ထိုအခါ ဖိုးလပြည့်က ဖင်တုံးလုံးချွတ်ပြီး သူ့ဦးလေးနှင့်အတူ ရေဝင်ချိုးသည်။

“ဦးကျော်ကိုပြောဖို့ ကျွန်တော်မေ့နေတယ်ဗျ. . . ဆရာမက ဦးကျော်ကိုမှာလိုက်တယ်”

သူ့ရင်သည် ဒိတ်ခနဲခုန်သွား၏။ ဖိုးလပြည့်ကို ဆပ်ပြာတိုက်ပေးနေစဉ်မှာပင် ဖိုးလပြည့်ကဆက်ပြော၏။

“ကွန်ပျူတာတစ်လုံးက ဘာဖြစ်သွားမှန်းမသိလို့တဲ့. . . အဲဒါ ဦးကျော်အားရင်. . ကျောင်းကို ခဏလာခဲ့ပါဦးတဲ့”

ဘာတွေဖြစ်ပြန်ပြီလဲ။ ဟိုတလောကလေးတင် ကွန်ပျူတာတွေကို သူသေသေချာချာမွမ်းမံပြင်ဆင်ပေးခဲ့သည်။ ပုံမှန်အတိုင်းဆိုလျှင် ဘာမှချို့ယွင်းစရာအကြောင်းမရှိ။ သို့သော် ကွန်ပျူတာဆိုသည်မှာလည်း စက်ပစ္စည်းပေပဲ။ သူလည်း အချိန်မရွေးပျက်နိုင်တာပဲ။

“အေးကွာ. . . ကျောင်းဖွင့်တဲ့နေ့ ဦးကျော်လာခဲ့မယ်လို့ ပြောလိုက်”



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းပြောရလျှင် ဆရာမလေးကိုမမြင်တွေ့ရလျှင် သူ့ဝေဒနာသက်သာသည်။ ယခုလိုပြန်ပြီးတွေ့ဖို့ အကြောင်းဖန်လာလျှင် သူခံစားရပေဦးမည်။ ကျော်ကျော်ဇင်သည် သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း ရေဆက်ချိုး၏။

"ဦးကျော်"

"ဟေ. . ဘာလဲကွ"

"မုတ်ဆိတ်တွေလည်း ရှည်နေပြီဗျ. . ရိတ်ဦး"

"အေးပါကွာ"

"ဦးကျော်"

"ဟေ. . ဘာပြောဦးမလို့လဲ"

"ချိုင်းက မုတ်ဆိတ်တွေကိုလည်း ရိတ်ဦးဗျ"

"ဟာ. . အဲဒါ မုတ်ဆိတ်မခေါ်ဘူးကွ. . : ချိုင်းမွေးလို့ခေါ်တယ်. . အင်း ဒုက္ခပါပဲ. . . ညညအိပ်ရင် အတွင်းခံဘောင်းဘီဝတ်ပြီးအိပ်မှ ဖြစ်လိမ့်မယ်. . တော်ကြာမဟုတ်တာတွေ ပြောနေဦးမယ်"

တူဝရီးနှစ်ယောက် ရေချိုးပြီးသော် ကျော်ကျော်ဇင်က ဆိုင်သို့ထွက်လာခဲ့ပြီး ဖိုးလပြည့်ကတော့ အိမ်မှာပဲဆော့ကစား၍ကျန်ခဲ့သည်။ သည်နေ့တော့ ကျောင်းပိတ်သဖြင့် ဆရာမလေးချိုချိုမောင်လည်း အိမ်မှာပျင်းနေ၏။ အိမ်မှာ ဖေဖေနှင့်သူမပဲကျန်ခဲ့သည်။ မေမေကတော့ အလှူတစ်ခုသွားသည်။ ချိုချိုမောင်သည် ခုတင်ပေါ်မှာ ပက်လက်ကလေးလှဲရင်း မဂ္ဂဇင်းတစ်အုပ်ကိုဖတ်နေသည်။ သို့သော် စိတ်က မဂ္ဂဇင်းထဲမရောက်။

အိမ်မှာရှိသော ကွန်ပျူတာက ဘာဖြစ်သွားမှန်းမသိ။ ဖွင့်လိုက်လျှင် မော်နီတာမှာ ဘာပုံမှပေါ်မလာဘဲ အသံခပ်တိုးတိုးလေးသာထွက်လာသည်။ ကျောင်းသင်ခန်းစာများကို ကျောင်းမှာသင်ကြားဖို့လေ့လာနေရာမှ ထိုသို့ဖြစ်သွားခြင်းဖြစ်သည်။ ထိုအခါ ကျော်





ဇင့်ကိုခေါ်ဖို့ သတိရလေသည်။ ဖိုးလပြည့်မှတစ်ဆင့် ကျောင်းကိုချိန်းလိုက်ခြင်းသာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။ ပြီးတော့မှ အိမ်ကိုလာခိုင်းလိုက်မည်။

အိမ်မှာ မည်သူမျှမရှိခိုက် ကျော်ကျော်ဇင့်အကြောင်းကို ဖေဖေ့အားပြောပြလိုက်ရကောင်းမည်လားဟုလည်း စဉ်းစားမိပြန်သည်။ ချိုချိုမောင်လည်း တစ်စုံတစ်ရာဆုံးဖြတ်လိုက်မိပြီး ဖေဖေ့ထံထသွားလိုက်သည်။ သူမ၏ဖခင် ဦးလူမောင်သည် ဧည့်ခန်းထဲမှာ စာအုပ်တစ်အုပ်တစ်အုပ်ဖတ်နေ၏။

"လာ သမီး. . . ပျင်းနေပြီလား. . . ထိုင်"

ဖေဖေ့ဘေးမှာပင် သူမကပ်ထိုင်လိုက်သည်။

"ဖေဖေ"

"ဟေ. . ဘာပြောစရာရှိလို့လဲ သမီး"

"သမီး ဖေဖေ့ကိုပွင့်ပွင့်လင်းလင်းပြောချင်လို့ ဖေဖေ. . . ဒါပေမဲ့ ဒီအကြောင်းကို မေမေတော့မသိပါစေနဲ့"

"ရပါတယ်ကွ. . သမီးမေမေ မသိစေရဘူး. . ပြော. . ဘာအကြောင်းလဲ"

"ဟိုဒင်း ဖေဖေ. . . သမီး ကိုမင်းခေါင်ကို လက်မထပ်ချင်ဘူး"

ဦးလူမောင်၏မျက်နှာသည် ပြုံးလာ၏။ သူသည် ဖတ်လက်စစာအုပ်ကိုချလိုက်ပြီး သမီး၏ပခုံးကိုဖက်လိုက်၏။

"သမီးမှာ ချစ်သူရှိနေပြီလား"

ချိုချိုမောင်သည် ရှက်စနိုးဖြင့်ခေါင်းငုံ့လိုက်၏။

"ချစ်သူတော့ မရှိသေးပါဘူး ဖေဖေ. . . ဒါပေမဲ့ သမီးကိုချစ်ခွင့်ပန်ထားတဲ့လူတစ်ယောက်တော့ ရှိပါတယ်. . . သူ့နာမည်ကကိုကျော်ကျော်ဇင်တဲ့. . . သူက ဒီရပ်ကွက်ထဲမှာပဲနေတာ ဖေဖေ. . .



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာဆားဗစ်လည်း ဖွင့်ထားတယ်. . . နောက်ပြီး သူက သမီး တပည့်လေးတစ်ယောက်ရဲ့ဦးလေး"

"ဟုတ်ပြီ. . သမီး သူ့ကိုအဖြေပြန်ပေးပြီးပြီလား. . . အမေနဲ့ သမီးဆိုပေမယ့် သမီးဖေဖေ့ကို ဘာမှမရှက်နဲ့. . . ဘာမှလည်း မကြောက်နဲ့. . . ဘာပဲဖြစ်ဖြစ် သမီးဟာ ကိုယ့်စိတ်နဲ့ကိုယ် လုပ်ချင်ရာမလုပ်ဘဲ. . . မိဘကိုဖွင့်တိုင်ပင်တာကိုက ဖေဖေ့အနေနဲ့ ကျေနပ်တယ်"

"သမီး အဖြေပြန်မပေးရသေးပါဘူး ဖေဖေ. . . နောက်ပြီး သူ့ကိုသမီးမှာ မိဘတွေစီစဉ်ထားတဲ့သူရှိတယ်ဆိုတာကိုပါ ပြောပြလိုက်တယ်"

"အဲဒီတော့ သူကဘာပြန်ပြောသလဲ"

"သူ မျက်နှာမကောင်းဘူး ဖေဖေ. . သမီးကိုလည်း မျက်နှာချင်းမဆိုင်တော့ဘူး. . . ဒါပေမဲ့ သူကြည့်ရတာ သမီးအတွက် အရမ်းခံစားနေရပုံပဲ"

"အင်း. . ဒါကြောင့် ဖေဖေလည်းထင်တော့ထင်သား. . . ဖေဖေ့သမီးလည်း သူ့အတွက်ခံစားနေရတယ် မဟုတ်လား"

"အို. . ဖေဖေကလဲ"

ချိုချိုမောင်သည် ရှက်ပြီး သူ့ဖခင်၏ရင်ခွင်ထဲ ခေါင်းဖွက်ကာနေလိုက်သည်။ ဦးလူမောင်သိလိုက်၏။ သူ့သမီးသည် ကျော်ကျော်ဇင်ဆိုသည့်ကောင်လေးတစ်ယောက်ကို ပြန်၍မေတ္တာရှိနေလေပြီ။ ကျော်ကျော်ဇင်ဆိုသည့်ကောင်လေးသည် မည်သို့သောကောင်လေးဖြစ်သနည်း။ ဟော့ဟော့ရမ်းရမ်းပင်လော။ သောက်သောက်စားစားပင်လော။ ရိုင်းရိုင်းပျပျပင်လော။ တကယ်တမ်း စဉ်းစားလျှင် မိန်းကလေးရှင်တို့မှာ ပူပင်စရာတွေချည်းပင်ဖြစ်သည်။ ထို့ထက်ပို၍ အရေးကြီးဆုံးမှာ ကောင်လေးသည် သမီးအပေါ် အမှန်တကယ်ပင်





နှစ်နှစ်ကာကာမြတ်နိုးပါ၏လော။

"ဖေဖေ"

"ဟင်. . ဘာလဲ သမီး"

"အိမ်ကကွန်ပျူတာပျက်နေတယ် ဖေဖေ. . . အဲဒါပြင်ဖို့ သမီးသူ့ကိုခေါ်ထားတယ်. . . ဖေဖေ သူနဲ့စကားပြောကြည့်ပါလား ဟင်"

"အင်း ကောင်းတယ် . . . ဘာပဲဖြစ်ဖြစ် သမီးကိုယ်စား ဖေဖေလည်း သူ့ကိုလေ့လာလို့ရတာပေါ့"

ထိုအခိုက်မှာပင် သူတို့အိမ်ရှေ့သို့ ဆလွန်းကားတစ်စီးထိုးဆိုက်လာပြီး ကိုမင်းခေါင်ဆင်းလာသည်။ သူ့လက်ထဲမှာလည်း အထုပ်အပိုးတချို့ပိုက်လာ၏။

"နေရာကျလိုက်လေ သမီးရေ. . . ဟိုကောင် မောင်မင်းခေါင်ရောက်လာပြီ. . ဒီကောင့်ကိုလည်း သမီးအမေမရှိတုန်း ဖေဖေလွတ်လွတ်လပ်လပ်အင်တာဗျူးလိုက်ဦးမယ်. . . သမီး အထဲမှာသွားနေ. . . ယောင်လို့တောင် အပြင်ထွက်မလာနဲ့"

"ဟုတ်ကဲ့ ဖေဖေ"

ချိုချိုမောင်သည် အိမ်ထဲသို့ခပ်သွက်သွက်ပြေးဝင်သွား၏။ ထိုအခါမှ ဦးလူမောင်လည်း ဖတ်လက်စတရားစာအုပ်ကို စားပွဲပေါ်ချလိုက်သည်။ ပြီးတော့ ကာတွန်းစာအုပ်တစ်အုပ်ကိုလည်း စားပွဲအောက်က အသာထုတ်ပြီး စားပွဲပေါ်တင်လိုက်သည်။ အိမ်မှာက ကာတွန်းစာအုပ်ကိုသိပ်ဖတ်လေ့ဖတ်ထမရှိ။ သို့သော် ဦးလူမောင်၏ လိုနီး ဒေါ်မေမေတင့်ကတော့ ဖတ်သည်။ ပြီးတော့ အိမ်လာလည်သည့်ကလေးတွေလည်းဖတ်၏။

မင်းခေါင်သည် အိမ်ဝသို့ရောက်လာ၏။ သူသည် မျက်နှာကို ခပ်ပြုံးပြုံးထားလိုက်ပြီး အသံပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်"

"ဩော်. . မောင်မင်းခေါင်. . . တစ်ယောက်တည်းလား ကွယ့်. . . လာလေ. . လာထိုင်"

"ဟဲ ဟဲ. . ဒီမှာလက်ဆောင်တွေခင်ဗျ. . ဒါနဲ့ အန်တီတစ်ယောက်ရော ခင်ဗျ"

"မင်းအန်တီတော့ အလှူခဏသွားတယ်"

"ဟိုဒင်း. . . ချိုချိုမောင်ရောရှိလားဟင်"

သည်ကောင်က အထုပ်တွေကို စားပွဲပေါ်တင်ရင်းက အိမ်ထဲကိုလည်း မျက်လုံးကစားသည်။

"သမီးလည်း မရှိဘူးကွ. . . ကျောင်းခဏသွားတယ်"

"ဒီနေ့ကျောင်းပိတ်တယ် မဟုတ်လား အန်ကယ်"

"ပိတ်တယ်. . . ဒါပေမဲ့ ကျောင်းမှာကိစ္စရှိလို့တဲ့. . ကဲ. . ခဏထိုင်ဦးကွာ"

ဦးလူမောင်သည် အထဲသို့ခဏဝင်သွားသည်။ မင်းခေါင်လည်း ဟိုကြည့်သည်ကြည့်နှင့်ပင် ပျင်းလာသဖြင့် စားပွဲပေါ်မှာရှိသည့် စာအုပ်တွေကိုကြည့်သည်။ ပြီးတော့ ဦးလူမောင်၏တရားစာအုပ်ကို ယောင်၍တောင်ကိုင်မကြည့်ဘဲ ကာတွန်းကိုသာဆွဲယူကာ ဖတ်လေတော့သည်။ အခန်းထဲမှ အကဲခတ်နေသောဦးလူမောင်သည် နှာခေါင်းရှုံ့လိုက်၏။

ဒီကောင့်ဆံပင်ပုံစံကို ကြည့်ရတာ ခေါင်းပေါ်မှာ စာအုပ်တစ်အုပ်မှောက်ထားတဲ့အတိုင်းပဲ။ ဒါကြောင့် ငါကဒီကောင်စာပေဝါသနာပါမယ်တောင်ထင်နေတာ။ အခုတော့ ဒီကောင်က ကာတွန်းပဲ ဝါသနာပါတာကိုး။

ဦးလူမောင်သည် ထိုသို့တွေးရင်း ဧည့်ခန်းထဲ ပြန်ထွက်လာကာ မင်းခေါင်၏အနားမှာထိုင်သည်။





"ဩော်. . မောင်မင်းခေါင်က ကာတွန်းဝါသနာပါတာကိုး . . . ဒါနဲ့ပြောစမ်းပါဦး ဘယ်လိုကာတွန်းမျိုးကိုကြိုက်လဲ"

"ကျွန်တော်ကြိုက်တာကတော့ မြိုင်ရာဇာတွတ်ပီ. . . ပြီးတော့ ကာတွန်းဝိဇ္ဇာရဲ့စာအုပ်တွေ. . . ကြိုက်ပါတယ်"

"ရုပ်ရှင်ရောကွယ့်. . . ဘယ်လိုရုပ်ရှင်မျိုးကြိုက်သလဲ"

"ဆင်းရဲသားကား. . အဲ. . ဒီလိုခင်ဗျ. . . ရုပ်ရှင်ကျတော့ လူကြီးကြိုက်ကားမျိုးတွေ သဘောကျတယ်. . ဟဲ ဟဲ. . . အတွေးအခေါ်ကအစ အတုယူလို့ရမယ့်ကားမျိုးကြိုက်တယ်"

"ဒါနဲ့ မောင်မင်းခေါင်က စီးပွားရေးအတော်လုပ်တယ်နော် . . . ဘယ်လိုစီးပွားရေးမျိုးတွေ ပိုလုပ်ချင်သလဲ"

"ကျွန်တော်က သူများရဲ့မျက်ခုံးမွေးပေါ်မှာ စကြံလျှောက်ချင်တာ အန်ကယ်ရ. . . ခဏနော်. . . ဒီမှာ ဖုန်းလာနေလို့ ကျွန်တော်ဖုန်းပြောလိုက်ဦးမယ်. . . ဟဲလို. . ကိုဇော်ဇော်လား. . . အာကြီးဘက်က ပြားရှစ်ဆယ်ပဲပေးတယ် ဟုတ်လား. . လယ်ဗယ် မပေးဘူးလား. . . အေးလေ. . ဒါဆိုလည်း အာကြီးဘက်ကထိုင်မယ်. . . စီးရီးအေပွဲတွေလည်းရှိတယ် မဟုတ်လား. . . ဟုတ်ပြီ. . ကျွန်တော် အပြန်လှည့်ဝင်ခဲ့မယ်"

ဦးလူမောင် သိလိုက်ပါသည်။ သည်ကောင် ဘောလုံးပွဲလောင်းမလို့လုပ်နေသည်။

"ဟဲ ဟဲ. . . ဒီလိုအန်ကယ်ရ. . . ကျွန်တော်က သူများမျက်ခုံးမွေးရိတ်ချင်တဲ့ကောင်ဗျ"

"ဟာ. . သူများမျက်ခုံးမွေးတကယ်ရိတ်လို့ကတော့ ဘယ်သူက ခံမှာလဲ"

"မှားလို့ အန်ကယ်. . သူများမျက်ခုံးမွေးပေါ် စကြံ လျှောက်ချင်တဲ့ကောင်ဗျ. . . အန်ကယ်ကြားဖူးတယ် မဟုတ်လား . . . အတိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ထိပ်ကွက်ဆိုတာလေ. . အဲဒါမျိုး ကျွန်တော်က သိပ်သဘောကျတာ . . သူများကိုကျော်ပြီး အနိုင်ယူရတာမျိုး သိပ်ကျေနပ်ဖို့ကောင်းတာ"

"ဟုတ်လား. . . ဒီလိုဆိုကွာ. . စီးပွားရေးလုပ်ငန်းတစ်ခုမှာ ကိုယ်ကျင့်တရားကိုငဲ့ကွက်သင့်သလား. . မငဲ့ကွက်သင့်ဘူးလား"

"ကိုယ်ကျင့်တရားဆိုတာ ကိုက်စားလို့ရတဲ့အရာမဟုတ်တာပဲ အန်ကယ်ရာ. . . အဲဒါကြီးကို ငဲ့ကွက်နေရင် မြတ်သင့်သလောက် ဘယ်မြတ်မလဲ"

"ဒါဆို ပိုက်ဆံပိုရမယ်ဆိုရင် ကိုယ်ကျင့်တရားကို မငဲ့ကွက်ဘဲ. . ဘာမဆိုလုပ်မယ်လို့ ဆိုလိုတာပေါ့"

"ဒါပေါ့ အန်ကယ်ရ"

"ဒါဆို အန်ကယ်မင်းကိုမေးမယ်. . ချေးတစ်တုံးကိုစားမယ်ဆိုရင် ဒေါ်လာတစ်သိန်းပေးမယ်. . . မင်းစားမလား"

မင်းခေါင် နည်းနည်းဖုသွားသည်။ သည်တော့ အဘိုးကြီးကို ဘုကြည့်ကြည့်လိုက်သည်။

"ဘာမှမဆိုင်ဘူး အန်ကယ်ရ. . . ဒါဟာ စီးပွားရေးနဲ့ ဘာမှမပတ်သက်ဘူး"

"ပတ်သက်တဲ့သဘောမျိုးပဲ ကြံဖန်စဉ်းစားကွ. . . အမြတ်လိုချင်တဲ့လူတစ်ယောက်အတွက် ဒီချေးတစ်တုံးစားရင် ဒေါ်လာတစ်သိန်းလောက်မြတ်မယ်ဆိုတဲ့သဘောမျိုး"

"ဟဲ ဟဲ. . . ဒေါ်လာတစ်သိန်းဆိုတဲ့ ပိုက်ဆံဟာ နည်းတာမှမဟုတ်တာဗျာ. . . ဟီး ဟီး. . . နောက်ပြီး ကိုယ်စားတာကိုလည်း ဘယ်သူမြင်တာမှတ်လို့. . . ပြီးတော့ တစ်တုံးတည်းပဲဟာ"

ခန်းဆီးနောက်မှာရပ်၍ နားထောင်နေသော ချိုချိုမောင် တစ်ယောက် ပျို့အန်ချင်သလိုဖြစ်လာသည်။ ဦးလူမောင်လည်း မင်း





ခေါင်ကိုအံ့ဩသွားသည်။ သို့သော်ဆက်မေးမိပြန်သည်။

"ထားပါတော့ကွာ. . မင်း ပက်ပက်စက်စက်မြတ်ဖို့တို့စွမ်းမှာ စားသုံးသူတွေ အန္တရာယ်ရှိမှာ . . . ဒုက္ခရောက်မှာ. . ပိုပြီးဆင်းရဲမွဲတေသွားမယ်ဆိုရင် အဲဒီစီးပွားရေးကို မင်းလုပ်မှာလား"

"ဒီလိုဗျ အန်ကယ်ရ. . . တကယ်တော့ စီးပွားရေးဆိုတာ စစ်ပွဲတစ်ပွဲပဲ. . ဒီတော့ အဲဒီစစ်ပွဲကိုလုပ်နေတဲ့အချိန်မှာ တရားမျှတမှုဆိုတာကို သိပ်ပြီးစဉ်းစားနေလို့မဖြစ်ဘူး"

"မင်းကတော့ သိန်းပေါင်းများစွာမြတ်မယ်. . . တခြားသူတွေ ဒုက္ခရောက်မယ်. . . ဒါကို တို့မြန်မာစကားပုံတစ်ခုရှိတယ်. . ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့စကား. . . အဲဒါကို မင်းလက်ခံသလား"

ချိုချိုမောင်က စိတ်ထဲမှကြိတ်၍ပြောလိုက်မိသည်။ ပိုက်ဆံရဖို့ဆိုရင် ချေးတောင်စားမယ့်သူပဲ ဖေဖေရယ်။ ဆက်တောင် မေးစရာမလိုတော့ဘူး။ မင်းခေါင်သည် ခေါင်းတညိတ်ညိတ်နှင့်ပြန်ဖြေ၏။

"လက်ခံတယ် အန်ကယ်. . . လောကမှာ အခွင့်အရေးဆိုတာ တစ်ကြိမ်ပဲရတာ. . . အဲဒီအခွင့်အရေးရရင် ဘာကိုမှငဲ့မနေနဲ့တော့. . . ငဲ့နေရင် အဲဒီအခွင့်အရေးလက်လွတ်သွားလိမ့်မယ်"

"ဟုတ်ပါပြီလေ. . . ဒါမျိုးကို အင်္ဂလိပ်ကို Selfish လို့ခေါ်တယ်. . . အင်း. . ထိုင်ဦးကွာ. . မင်းအန်တီလည်း ပြန်လာခါနီးပါပြီ"

"ကိစ္စမရှိပါဘူး အန်ကယ်. . . ကျွန်တော်လည်း သွားစရာရှိလို့ သွားလိုက်ပါဦးမယ်. . အန်တီနဲ့ ချိုချိုမောင်ပြန်လာရင်သာ ကျွန်တော်လာသွားတယ်ဆိုတာ ပြောလိုက်ပါနော်. . ကဲ. . ကျွန်တော့်ကို ခွင့်ပြုပါဦး"

မင်းခေါင်သည် ဦးလူမောင်ကိုနှုတ်ဆက်ကာ ပြန်သွား၏။ ထိုအခါမှ ချိုချိုမောင်သည် အိမ်ထဲကထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း.. အခုမှပဲ ဒီကောင်နဲ့စကားကြာကြာပြောလိုက်ရတယ်... သမီးအမေနဲ့ဆို သူတို့နှစ်ယောက်ပဲ စကားတွေပြောနေကြတာ... ဟင်း ဟင်း.. ရယ်စရာတော့ ကောင်းတယ်ကွနော်... အင်းလေ.. ဖေဖေတို့မှာ အချိန်တွေတော့ရှိပါသေးတယ်"

"သမီးမသိဘဲ မေမေက အတင်းစီစဉ်လိုက်မှာကိုပဲ သမီးစိုးရိမ်တယ်"

"လောလောဆယ်တော့ မဖြစ်နိုင်သေးပါဘူး သမီးရယ်"

နောက်တစ်နေ့ရောက်သောအခါ ကျောင်းဖွင့်သဖြင့် ချိုချိုမောင်ကျောင်းသွား၏။ ကလေးတွေကို စာသင်နေစဉ်မှာပင် အတန်းရှေ့သို့ ကျော်ကျော်ဇင်ရောက်လာသဖြင့် ထွက်စကားပြောရလေသည်။

"ဆရာမ ကျွန်တော့်ကိုခေါ်တယ်ဆိုလို့"

"ဪ ဟုတ်ကဲ့.. အိမ်ကကွန်ပျူတာပျက်နေလို့"

"ဟုတ်လား... ကျွန်တော်က ကျောင်းကကွန်ပျူတာပဲ ထင်နေတာ"

"အဲဒါလေ... ကိုကျော်ကျော်ဇင် အားလားဟင်.. အားရင် ကျွန်မအိမ်ကိုသွားပြီး လိုအပ်သလိုပြင်ပေးပါလားဟင်... အိမ်မှာတော့ ဖေဖေ့ကိုမှာထားပြီးသား"

"ကောင်းပါပြီ... ကျွန်တော် ဆရာမအိမ်ကို အခုပဲသွားလိုက်ပါ့မယ်"

"ကျွန်မအိမ်ကို သိတယ်မဟုတ်လားဟင်"

"ဟုတ်ကဲ့"

ကျော်ကျော်ဇင့်ရင်တွေ တဒိတ်ဒိတ်ခုန်နေသလို ချိုချိုမောင်လည်း ရင်တွေခုန်နေမိသည်။ သူမကိုနှုတ်ဆက်ကာ ကျောင်းထဲမှ ထွက်သွားသောကျော်ကျော်ဇင့်ကို ငေးကြည့်နေရင်းက စိတ်ထဲမှာ





ကျေနပ်စွာခံစားနေရလေသည်။

ထိုအချိန်တွင် ချိုချိုမောင်၏မိခင် ဒေါ်မေမေတင့်သည် သူမ၏ခင်ပွန်းဦးလှမောင်ကို ကိစ္စတစ်ခုနှင့် မြို့ထဲသို့သွားခိုင်း၏။

"ဒီနေ့မသွားလို့ မရဘူးလားကွာ... သိပ်အရေးမကြီးဘူးဆိုလည်း နောက်နေ့မှသွားပါရစေ"

"အို.. လုပ်ရမယ့်ကိစ္စ... နေ့ရွှေ့ ညရွှေ့ ရွှေ့မနေစမ်းပါနဲ့တော်"

"မဟုတ်ဘူးကွ... အိမ်ကို ကွန်ပျူတာပြင်မယ့်ကောင်လေး တစ်ယောက်လာလိမ့်မယ်... အဲဒါ ငါရှိနေမှဖြစ်မှာ"

"ကျွန်မတစ်ယောက်လုံးရှိနေမှာပဲ.. ဘာခက်သလဲ.. သူလည်း သူ့ဘာသာသူပြင်ပေါ့"

"မဟုတ်ဘူးဟ.. မင်းကို ပေါ်တင်ပြောမှပဲဖြစ်တော့မယ်... အခုကွန်ပျူတာလာပြင်မယ့်ကောင်လေးက မင်း သမီးကိုကြိုက်နေတဲ့ကောင်လေး... အဲဒါ ငါသူ့ကိုနည်းနည်းအင်တာဗျူးကြည့်မလို့ သိပြီလား"

"အလိုတော်... ဒီလိုတွေတောင် သမီးကဖြစ်နေပြီလား... တွေ့ကြသေးတာပေါ့... အမေကတော့ သမီးလေးတစ်ယောက် တော်လှတော်လှနဲ့.. ချီးမွမ်းလိုက်ရတာ"

"မင်းရမ်းသမ်းပြီး လျှောက်ပြောမနေနဲ့ကွ"

ဦးလှမောင်က အခြေအနေတွေအားလုံးကို ပွင့်ပွင့်လင်းလင်းပင် ဖွင့်ပြောပြလိုက်၏။

"အဲဒီတော့ ဘာပဲဖြစ်ဖြစ်.. ကောင်လေးကို ငါလေ့လာကြည့်မယ်... ဒီတော့ မင်းခိုင်းတဲ့ကိစ္စ.. နောက်နေ့မှ ငါသွားမယ်ကွာ"

"အို မရဘူး... ဒီနေ့ပဲသွားဖြစ်အောင်သွား... ကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးကို ကျွန်မပဲလေ့လာထားလိုက်မယ်"

ဦးလူမောင် မျက်လုံးပြူးသွားသည်။ ပြဿနာတွေ တက်ကုန်ကြလျှင် အခက်။ ထို့ကြောင့် သူအတန်တန်ငြင်းသော်လည်းမရ။ နောက်တော့ သူလည်းမယားကြောက်သူပီပီ အဝတ်အစားလဲကာ မြို့ထဲသို့ထွက်ခဲ့ရလေသည်။ ဦးလူမောင်အိမ်မှထွက်သွားပြီး မကြာမီမှာပင် ကျော်ကျော်ဇင်လည်း ချိုချိုမောင်၏အိမ်သို့ ရောက်သွားသည်။ သူသည် မရဲတရဲနှင့် လူခေါ်ခေါင်းလောင်းလေးကို တီးလိုက်သည်။

ထိုအခါ အထဲကအသက်ငါးဆယ်ကျော်လောက်ရှိမည့် ဖြူဖြူသန့်သန့်အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်။

"ကျွန်တော့်ကို ကွန်ပျူတာပြင်ဖို့ ဆရာမဒေါ်ချိုချိုမောင် လွှတ်လိုက်တာပါ"

"မောင်ကျော်ကျော်ဇင်ဆိုတာလား"

"ဟုတ်ပါတယ်"

ဒေါ်မေမေတင့်သည် ကျော်ကျော်ဇင့်ကို ခြေဆုံးခေါင်းဆုံးအကဲခတ်ပြီး တံခါးဖွင့်ပေးသည်။

"အန်ကယ်ရောရှိပါသလားခင်ဗျာ"

"မရှိဘူး. . . မြို့ထဲသွားတယ်. . . ခဏထိုင်ဦးနော်"

အဘွားကြီးက အထဲခဏပြန်ဝင်သွားသဖြင့် သူဧည့်ခန်းမှာပဲထိုင်လိုက်သည်။ ခဏနေတော့ အဘွားကြီးပြန်ထွက်လာပြီး သူ့ရှေ့ကခုံမှာလာထိုင်သည်။

"အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ငါးနှစ်ပါ ခင်ဗျ"

"ဘွဲ့ရပြီးသားလား"

"ဟုတ်ကဲ့"





"မိဘနာမည်ကရော ဘယ်သူတွေလဲ. . . ဘာအလုပ်လုပ်ကြသလဲ"

ကျော်ကျော်ဇင် ထိတ်ခနဲဖြစ်သွားသည်။ သည်မိန်းမကြီးသည် ချိုချိုမောင်၏မိခင်ပင်ဖြစ်ရပေလိမ့်မည်။ ယခုထိ ကွန်ပျူတာအကြောင်းတစ်လုံးမှ မစသေးဘဲ သူ့ကိုအင်တာဗျူးနေတော့၏။

"ဖေဖေက ဦးသော်ဇင်ပါ. . . ဆုံးသွားတာတော့ ကြာပါပြီ. . . မေမေကတော့ ဒေါ်မြင့်မြင့်ပါခင်ဗျာ. . . ဖေဖေကတော့ အစိုးရအရာရှိအငြိမ်းစားပါ ခင်ဗျာ. . . မေမေကတော့ မှီခို"

"ဩော်. . မင်းတို့မှာ မောင်နှမသားချင်းရော"

ကျော်ကျော်ဇင်သိလိုက်သည်။ အဘွားကြီးမေးနေပုံမှာ တစ်စုံတစ်ခုကိုသိချင်သဖြင့် စူးစမ်းနေခြင်းပင်ဖြစ်သည်။ စကေ့တော့ သူ ချိုချိုမောင့်ကို ချစ်ခွင့်ပန်ခဲ့ခြင်းကို ချိုချိုမောင့်မိဘတွေသိသွားကြပြီ ထင်သည်။

"မောင်နှမသားချင်းကတော့ နှစ်ယောက်တည်းပါ အန်တီ. . . ကျွန်တော့်အထက်မှာ အစ်မတစ်ယောက်ရှိပါတယ်. . . သူကတော့ အိမ်ထောင်နဲ့ပါ"

"မင်း ကွန်ပျူတာဆိုင်ဖွင့်ထားတယ်ဆို. . . ကွန်ပျူတာအရောင်းဆိုင်လား"

"မဟုတ်ပါဘူး. . ကွန်ပျူတာဆားဗစ်ပါ. . ပြင်တဲ့ဆိုင်ပါ"

အဘွားကြီး၏မျက်နှာတွင် ဘဝင်သိပ်မကျပုံပေါ်လာသည်။

"မင်းဝင်ငွေက တစ်လတစ်လဘယ်လောက်ရသလဲ"

"အန်တီ. . . ကျွန်တော် ကွန်ပျူတာပြင်ရဖို့ကိစ္စ. . "

"အို. . ကွန်ပျူတာပြင်ဖို့က အရေးမကြီးပါဘူး. . . အန်တီမေးတာသာ ဖြေစမ်းပါ"

ကျော်ကျော်ဇင် သက်ပြင်းတစ်ချက်ခိုးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ငွေကတော့ ပုံမှန်တော့မရှိပါဘူး. . ပိုတဲ့လတွေရှိသလို . . နည်းတဲ့လတွေလည်း ရှိပါတယ်. . . ဒါပေမဲ့စားလို့တော့လောက်ပါတယ်"

"အိုး . . . စားလို့လောက်တယ်ဆိုပေမယ့် စုဖို့ဆောင်းဖို့ရှိသေးတယ်မဟုတ်လား. . . နောက်ပြီး ဒီလိုလုပ်ငန်းမျိုးဆိုတာတအပြိုင်အဆိုင်မရှိသေးလို့ကွယ့်. . . အပြိုင်အဆိုင်ဖြစ်လာရင် ဝင်ငွေက နည်းသွားတာ. . . အင်း. . မဖြစ်သေးပါဘူး. . ကဲ ဟုတ်ပါပြီလေ . . . လာ လာ. . ကွန်ပျူတာကိုပြမယ်"

အတွင်းခန်းလေးတစ်ခန်းကို စာဖတ်ခန်းလုပ်ထားပြီး ထိုအခန်းထဲမှာ ကွန်ပျူတာရှိနေသည်။





## မျက်ထားတော် ပြေစေလို

ကိုသန်းမောင်သည် မခင်ခင်စုကိုလွမ်းနေမိသည်။ သူ ကိုဖိုးထောင်အိမ်မှာ သောင်တင်နေတာ ရက်သတ္တတစ်ပတ်ပင်ရှိလာလေပြီ။ ထို့အတူ ကိုဖိုးထောင်၏မိန်းမ နှင်းဆီ ဤအိမ်ပေါ်မှဆင်းသွားသည်မှာလည်း တစ်ပတ်ရှိနေလေပြီ။ ကိုသန်းမောင်ကတော့ နေ့စဉ်လိုပင် အိမ်မှာကျန်ခဲ့ပြီး ကိုဖိုးထောင်ကတော့ ဆိုက်ကားထွက်ထွက် နင်း၏။ ထို့ကြောင့် ကိုသန်းမောင်က အိမ်မှာအလကားမနေဘဲ သူတို့နှစ်ယောက်စားဖို့ ချက်ပြုတ်ပြင်ဆင်ထားတတ်သည်။

သို့သော် အချက်အပြုတ်မကျွမ်းကျင်မှုကြောင့် စားမကောင်းကြ။ ထိုအခါကိုသန်းမောင်က မခင်ခင်စုကိုသတိရသလို၊ ကိုဖိုးထောင်ကလည်း သူ့မိန်းမ မနှင်းဆီကို သတိရလေသည်။

"မင်းမိန်းမကို ပြန်ခေါ်သင့်ပြီ ဖိုးထောင်. . . အခုဆို ဆင်းသွားတာ တစ်ပတ်တောင်ရှိပြီ"

"အမှန်အတိုင်းပြောရရင် ကျွန်တော်သူနဲ့သွားမတွေ့ရဲဘူးဗျာ. . . ကြောက်နေတယ်. . ဘာပဲဖြစ်ဖြစ် နှင်းဆီကအပျင်းလေးနည်းနည်းထူတာကလွဲရင် လိမ္မာပါတယ်ဗျာ"

"အင်း. . တို့ကောင်တွေအဖြစ်ကလည်း အပျက်ပျက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းသွေးထွက်မယ့်ကိစ္စမျိုးဖြစ်နေပြီကွ. . . ငါလည်း ငါ့မိန်းမ မခင်ခင်စုဆီသွားမချော့ရဲဘူးကွ. . လွမ်းလည်း လွမ်းတယ်ကွာ . . ဘာဆက်လုပ်ရမှန်းလည်း မသိတော့ဘူး"

"အခုမှ ခြောက်နာရီပဲရှိသေးတယ် ကိုသန်းမောင်. . . သူ ဒီနေ့မုန့်ဟင်းခါးရောင်းသလား မသိဘူး. . . သွားကူညီပေးပါလား"

ကိုသန်းမောင်သည် ပင့်သက်ရှိုက်လိုက်သည်။

"အခုနေတော့ သွားမကူညီရဲသေးဘူးကွာ. . . ဒါပေမဲ့ သူ ဆိုင်ထွက်သလား၊ မထွက်ဘူးလားဆိုတာတော့ ငါသိချင်တယ်"

"ဒါဆိုလည်း ဆိုက်ကားပေါ်တက်ဗျာ. . ကျွန်တော် ခင်ဗျားကို မခင်ခင်စုဆိုင်နားကိုပို့ပေးမယ်"

ကိုဖိုးထောင်၏ဆိုက်ကားပေါ်မှာ ကိုသန်းမောင်ပါသွားပြီး မခင်ခင်စုဆိုင်နှင့်မလှမ်းမကမ်းမှာ သူ့ကိုချပေးခဲ့သည်။ ကိုသန်းမောင်သည် မခင်ခင်စုဆိုင်ကိုလှမ်းကြည့်လိုက်သည်။ မခင်ခင်စုသည် မုန့်ဟင်းခါးဆိုင်ဖွင့်နေ၏။ ဆိုင်ရှေ့မှာထပ်ထားသော ပလပ်စတစ်ခုံတွေကို ဆိုင်ရှေ့မှာ ဖြန့်ခင်းသည်။ ဆိုင်မှာ မည်သည့်ကူဖော်လောင်ဘက်မှမရှိ။ သူမတစ်ယောက်တည်း။ နံနက်ဝေလီဝေလင်း အလင်းရောင်အောက်မှာ မခင်ခင်၏သဏ္ဍာန်သည် မပီပြင်။

ကိုသန်းမောင်သည် သူ့ဇနီးကိုကြည့်ရင်း သူ့မျက်လုံးမှာ မျက်ရည်တွေပြည့်လာသည်။ သူသိပ်ချစ်ရသည့်မိန်းမ။ အရင်က ချွဲထိုးတာကို ဝါသနာမပါခဲ့ဘဲ သူနှင့်အိမ်ထောင်ကျမှ သူ့ဝါသနာတွေကူးစက်ခံခဲ့ရသည့်မိန်းမ။ မည်သည့်မိန်းမမဆို ငွေကလေးမြိုးမြိုးမြက်မြက်ရလျှင်တော့ ကျေနပ်နှစ်သက်ကြမည်မှာ ဧကန်ဖြစ်သည်။

သူနှင့် စကားမများရန်မဖြစ်မီက မခင်ခင်စုပြောခဲ့သော စကားတွေကို သူ့နားမှာပြန်ကြားလာသည်။

"ကျွန်မတို့က လမ်းပျောက်နေတဲ့လူတွေတော့ မဟုတ်ဘူး





ကိုသန်းမောင်. . . လမ်းကိုလည်းမြင်နေရတယ်. . . အဲဒီလမ်းပေါ်မှာလည်း လျှောက်နေပြီ. . . ဘာဖြစ်လို့ ဖြတ်လမ်းကိုလျှောက်ချင်တာလဲ. . . ဖြတ်လမ်းကလည်း မရေရာမသေချာတဲ့ဖြတ်လမ်း. . . ကျွန်မတို့ ရိုးရိုးသားသား ကြိုးစားလုပ်ကိုင်ရှာဖွေစားသောက်မယ်ဆိုရင် တစ်နေ့ချမ်းကိုချမ်းသာမှာ. . . ကျွန်မကတော့ ရှင့်ရဲ့ကံကိုယုံပြီး ကံပေးမှရတဲ့ပိုက်ဆံကို မယုံကြည်တော့ဘူး"

မခင်ခင်စုသည် ဆိုက်ကားပေါ်မှာရှိနေသေးသော ဇလုံနှင့်ပန်းကန်တွေကို မနိုင်မနင်းသယ်လာပြန်သည်။ ကိုသန်းမောင်သည် ဝိတ်ကိုမထိန်းနိုင်တော့ဘဲ မခင်ခင်စုအနားသို့ အပြေးကလေးရောက်သွားကာ မခင်ခင်စုလက်ထဲက ဇလုံနှင့်ပန်းကန်တွေကို အတင်းဆွဲယူလိုက်သည်။

"ခင်ခင်စု"

"ရှင်. . ကိုသန်းမောင်"

"ငါမှားပါပြီဟာ"

မခင်ခင်စု၏ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျလာသည်။ ကိုသန်းမောင်သည် တုန်ရင်လှိုက်လှဲသောအသံနှင့် ပြောလိုက်ပြန်သည်။

"ငါ့ကိုခွင့်လွှတ်ပါဟာ. . . ဒီနေ့ကစပြီးတော့ ငါတို့မုန့်ဟင်းခါးကို ဒီထက်ပိုကောင်းအောင်. . . ပိုတိုးတက်လာအောင် တို့နှစ်ယောက်ကြိုးစားကြရအောင်နော်"

"ကိုသန်းမောင်ရယ်"

ကိုသန်းမောင်သည် ဇလုံနှင့်ပန်းကန်ကို စားပွဲခုံပေါ်တင်ပြီး မခင်ခင်စု၏ပါးပြင်မှ မျက်ရည်တွေကို တယုတယသုတ်ပေးသည်။ နံနက်ခင်း၏အလင်းရောင်သည် သူတို့လင်မယားနှစ်ယောက်၏ကိုယ်ပေါ်သို့ နွေးထွေးစွာကျလာ၏။ ဆိုင်သို့ မုန့်ဟင်းခါးလာစားသူတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်စ နှစ်ယောက်စရောက်လာ၏။

ကိုဖိုးထောင်သည် ဆိုက်ကားဂိတ်သို့ရောက်သွားပြီးမှ ကိုသန်းမောင်ကို စိတ်မချသဖြင့် မခင်ခင်စုမုန့်ဟင်းခါးဆိုင်ရှိရာသို့ ဆိုက်ကားကိုပြန်နင်းလာခဲ့သည်။ မခင်ခင်စု၏မုန့်ဟင်းခါးဆိုင်နားသို့ ရောက်သော် အခြေအနေကိုလှမ်း၍ အကဲခတ်လိုက်ရာ ဆိုင်မှာလူ အတော်ကျနေကြောင်းတွေ့ရပြီး ကိုသန်းမောင်ကိုတော့မတွေ့ရ။ သူ လည်း သက်ပြင်းတစ်ချက်ချပြီး ဆိုက်ကားကိုပြန်ကွေ့မည်ပြုစဉ် မခင် ခင်စု၏လှမ်းခေါ်သံကြားရသည်။

"ကိုဖိုးထောင်. . . မုန့်ဟင်းခါးစားသွားဦးလေ"

"ဟာ. . ဖိုးထောင်လား. . လာလေကွာ. . မုန့်ဟင်းခါး ဝင် စားသွား"

ဆိုင်၏နောက်ဘက်မှာ စားပြီးသားပန်းကန်တွေကို ငုတ် တုတ်ကလေးထိုင်ဆေးနေသည့် ကိုသန်းမောင်ကလည်း သူ့ကိုလှမ်း ခေါ်နေသည်။ ကိုဖိုးထောင် သည်မြင်ကွင်းကိုတွေ့လိုက်ရသောအခါ ကြည်နူးသွားမိလေသည်။ အခုမှပဲ လူမှန် နေရာမှန်ရောက်သွားတော့ သည်။

"နောက်မှပဲ စားတော့မယ်ဗျို့. . . ဒါနဲ့ ကိုသန်းမောင်. . ဒီ ညတော့ ကျွန်တော်တစ်ယောက်တည်း အိပ်ရမှာပျင်းသဗျာ"

"ခွေးကောင်. . . ပျင်းရင်လည်း နှင်းဆီကိုခေါ်အိပ်ပေါ့ကွာ . . ဟား ဟား"

ကိုဖိုးထောင်လည်း ရယ်ရင်းက ဆိုက်ကားကိုဆက်နင်းခဲ့ သည်။ ကိုသန်းမောင်တို့လင်မယား ပြန်အဆင်ပြေသွားတာကိုကြည့် ပြီး သူကျေနပ်ကြည်နူးမိသည်။ ထိုအခါ နှင်းဆီကိုသတိရလာပြန် သည်။ သူ နှင်းဆီကို သူမ၏မိဘအိမ်မှသွားခေါ်လျှင် ပြန်လိုက်ပါ မည်လော။ နှင်းဆီက စိတ်ထက်သဖြင့် သူ့ကိုစိတ်ဆိုးနေလိမ့်ဦးမည်





ထင်သည်။

သူ ဆိုက်ကားဂိတ်သို့ရောက်သောအခါ ကျော်စွာမြင့်က ဆိုက်ကားတစ်စီးပေါ်မှာ ငုတ်တုတ်လေးထိုင်ကာ သူ့ကိုစောင့်နေ သည်ကိုတွေ့ရသည်။

"ဟေ့ကောင် ကျော်စွာ. . . စောလှချည်လား. . . ဘာလဲ စောစောစီးစီး ကျားလာထိုးတာလား"

"ဟာ. . စောစောစီးစီးကြီးဗျာ. . ကျားထိုးဖို့လာတာ မဟုတ် ဘူး . . . ကိုဖိုးထောင်နဲ့တိုင်ပင်စရာရှိလို့. . . လာဗျာ. . ခင်ဗျား ဆိုက်ကားစီးရင်းနဲ့ပဲ တိုင်ပင်တော့မယ်"

ကျော်စွာမြင့်က သူ့ဆိုက်ကားပေါ်ရောက်လာသဖြင့် ကိုဖိုး ထောင်လည်း ဆိုက်ကားကိုဦးတည်ချက်မရှိဘဲလျှောက်နင်းသည်။

"ပြောပါဦး. . . မင်းက ဘာတိုင်ပင်မလို့လဲ. . . ဒီတစ်ခါ လည်း ဘာတွေမဟုတ်ကဟုတ်က ကြံစည်ဦးမလို့လဲ"

"ဒီလိုဗျ. . . လဆန်းတစ်ရက်. . နှစ်ရက်. . သုံးရက်တွေ မှာ. . ဆွမ်းသိမ်းပျော်ပွဲရွှင်ပွဲရှိတယ် မဟုတ်လား"

"ဩော်. . သိပြီ. . . မင်း အဲဒီမှာကာရာအိုကေ အဆိုပြိုင်ပွဲ ဝင်ပြီး မြတ်နိုးကိုဘယ်လောက်ချစ်ကြောင်း. . . ဘယ်လောက်လွမ်း ကြောင်း တက်ဆိုမလို့မဟုတ်လား"

"မဟုတ်ပါဘူးဗျာ. . ကျွန်တော့်အသံက အဲဒီလိုကာရာအို ကေပြိုင်ပွဲ တက်ဆိုရလောက်အောင် မကောင်းဘူးဗျ. . . ဒီလိုဗျ. . ကိုဖိုးထောင် မော်မော့်ကိုသိတယ်မဟုတ်လား. . . မြတ်နိုးသူငယ်ချင်း လေ. . . မျက်လုံးပြူးပြူး. . . အရပ်ပုပုလေးလေ"

"အေး သိတယ်. . အဲဒါဘာဖြစ်သလဲ"

"အဲဒါဗျာ. . . ကျွန်တော် မော်မော်နဲ့တွေ့ပြီး အကူအညီ တစ်ခုတောင်းချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား. . ဒါများကွာ. . . လွယ်လွယ်လေးပဲ. . . မင်း ဘာသာတိုက်ရိုက်သွားတွေ့ပြီး အကူအညီတောင်းလိုက်ပေါ့ကွာ"

"ဟာ. . အဲဒီလောက်လွယ်မှဖြင့် ခင်ဗျားတောင်တိုင်ပင် မနေဘူး. . ဒီလိုဗျ. . ကောင်မလေးက ကိုဖိုးထောင်နဲ့သိတယ်မဟုတ် လား"

"ငါနဲ့ သိရုံသိတာကွ. . . သိပ်မရင်းနှီးဘူး"

"အဲဒီလောက်ဆိုလည်း မဆိုးပါဘူးဗျာ. . . ကိုဖိုးထောင် ကျွန်တော့်ကို မော်မော်နဲ့မိတ်ဆက်ပေး. . . ကျန်တာ ကျွန်တော့်ဘာ သာ ဆက်လုပ်မယ်"

ကျော်စွာမြင့်က သူ့အစီအစဉ်ကို ကိုဖိုးထောင်အားပြောပြ လိုက်သည်။ ကျော်စွာမြင့် မော်မော့်ကိုအကြောင်းစုံဖွင့်ပြောပြမည်။ သူ မြတ်နိုးကိုစကားပြောခွင့်ရချင်သည့်အကြောင်း၊ ပြီးတော့ ကာရာ အိုကေပြိုင်ပွဲနေ့ ညကျ ပွဲခင်းထဲသို့ မော်မော့်ကိုအဖော်ပြု၍ မြတ်နိုး ကိုအိမ်မှထွက်စေဖို့အကြောင်း။

"လွယ်ပါ့မလားကွ. . ကောင်မလေးက ဆတ်ဆတ်ကြဲလေး နော်. . . တော်ကြာ မြတ်နိုးအမေသွားတိုင်လိုက်လို့ မင်းဒုက္ခရောက် နေဦးမယ်"

"ဒီအတိုင်းကြီး ထိုင်လွမ်းနေရတာထက်တော့ တစ်ခုခုထူး မှာပေါ့ဗျာ"

သို့သော် တကယ်တမ်းမော်မော်နှင့် ထိုကိစ္စဖွင့်ပြောမိသည့် အခါ ထင်သလောက်မခက်ခဲကြောင်းတွေ့ရသည်။ မော်မော်သည် ကျော်စွာမြင့် မြတ်နိုးကိုချဉ်းကပ်နေသည့်အကြောင်းကို ရိပ်မိသည်၊ ထို့ကြောင့် ကျော်စွာမြင့်ပြောနေတာတွေကို ခပ်ပြုံးပြုံးနားထောင်နေ လေသည်။

"ကိုကျော်စွာမြင့်. . မော်မော်တို့ကျောင်းကိုလာလည်ဖို့က





တော့ သိပ်မဖြစ်နိုင်ဘူး. . အင်း. . ကောင်းပြီလေ. . . ကာရာအိုကေ ပြိုင်ပွဲလုပ်မှာက ဘယ်နေ့လဲ"

"လဆန်းတစ်ရက်နေ့"

"ဟုတ်ပြီ. . . အဲဒါဆို မော်မော်အဲဒီနေ့ညကျ မြတ်နိုးကို ပွဲခင်းထဲခေါ်ထုတ်လာပေးမယ်"

"ဟာ ကျေးဇူးတင်လိုက်တာ မော်မော်ရယ်. . . ဟဲ ဟဲ. . မော်မော်လည်း အခုလိုသူတစ်ပါးကိုကူညီရတဲ့ကုသိုလ်နဲ့ ယောကျ်ား . . အဲ. . ချစ်သူမြန်မြန်ရပါစေ"

"ကဲပါ. . . အဲဒါဆို အဲဒီနေ့ကိုစောင့်နေ"

"ဟိုလေ. . တို့ဆုတောင်းပေးတာကို ဘာဖြစ်လို့ပေးတဲ့ဆု နဲ့ပြည့်ပါစေလို့ ပြန်မပြောတာလဲဟင်"

"အို. . မော်မော်က အဲဒီလိုပြန်ပြောစရာမလိုတော့ဘူးလေ . . မော်မော့်မှာက ရှိပြီးသား"

အလို။ ဘုရားသခင်။ သည်လိုမျက်လုံးပြူးပြူး၊ အရုပ်ပုပု ကောင်မလေးမှာတောင် ရည်းစားရှိနေသတဲ့။

"ဟိုလေ. . . တို့တစ်ခု မေးချင်လို့. . . မြတ်နိုးမှာ ရည်းစား တော့ရှိမနေပါဘူးနော်"

ကောင်မလေးက တခစ်ခစ်ရယ်၏။

"အဲဒီမေးခွန်းကို စကတည်းကမေးရမှာ. . ကဲပါ. . မြတ်နိုး မှာ ဘာရည်းစားမှရှိမနေပါဘူး. . . စိတ်အေးအေးထားပါ. . . တက တည်းမှပဲ"

ဘာပဲဖြစ်ဖြစ် ကျော်စွာမြင့်ကျေနပ်ပါသည်။ ကာရာအိုကေ ပြိုင်ပွဲကျင်းပဖို့က တစ်ပတ်လောက်ပဲလိုတော့သည်။ သီချင်းအဆို ဝါသနာပါသူ ရပ်ကွက်သူရပ်ကွက်သားတွေလည်း ပြိုင်ပွဲဝင်ရန် စာရင်း ပေးသွင်းသူ ပေးသွင်းကြ၊ သီချင်းကျင့်သူတွေ ကျင့်ကြဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဆိုက်ဘာကွန်ပျူတာဆိုင်ထဲမှာ ကြက်ကြီးလည်လိမ်ထားသလို ခေါင်းကြီးငိုက်စိုက်ချပြီးထိုင်နေသည့် ကိုဖြိုးသည် သူ့ဇနီးဇလေခါဘီဘီအကြောင်းကို တွေးနေ၏။ ကြိုက်လိုက်ရတဲ့ ကိုးရိုးယားကား။ ကိုးရိုးယားမင်းသား၊ ဒါကတော့ ထားပါတော့။ ချောချောလှလှ ဖြူဖြူဖွေးဖွေးလေးတွေဆိုတော့ ကြိုက်မယ်ဆိုလည်း ကြိုက်ချင်စရာပဲပေါ့။ သို့သော် ချိုသလား၊ ချဉ်သလား၊ ငံသလား၊ စပ်သလား မသိသည့် ကိုးရိုးယားအစားအစာတွေကို စွဲလန်းနေသည်ကတော့ လွန်လွန်းသည်။

ပြီးတော့ ကိုယ့်ယောက်ျားရဲ့အသားကိုပင် မည်းလှချည်ရဲ့တဲ့။ လူကြားလို့မှ မကောင်း။ အိန္ဒိယလူမျိုးမို့ အသားမည်းရခြင်းဖြစ်ကြောင်း၊ လူဆိုသည်မှာ ကိုယ့်အမျိုးကို ကိုယ်ချစ်ဖို့လိုကြောင်း သူပြန်ပြောခဲ့သည့်အခါ

"ရှင်ကိုက မည်းလွန်းပါတယ် . . . မိသွန်းတို့၊ ရှရွတ်ခန်းတို့ လောက်ဖြူရင် တော်သေး"

မည်မျှဒေါသဖြစ်စရာကောင်းလှသည့် စကားနည်း။ သို့သော်သူမဆင်းသွားကာစကတော့ သူမကိုစိတ်နာသလိုရှိခဲ့သည်။ ယခုဆိုလျှင် အချိန်တွေကြာလာသည်နှင့်အမျှ သူမ၏ကောင်းကွက်လေးတွေကို တွေးမိလာ၏။ ဇလေခါဘီဘီသည် အိမ်ထောင်မှုအလွန်ပင်နိုင်လွန်းသည့် မိန်းမဖြစ်သည်။ အချက်အပြုတ် အလွန်ကောင်း၏။ နေ့စဉ်ချက်ပြုတ်သည့် သက်သတ်လွတ်ထမင်းနှင့် ဟင်းသည် သူ့လျှာ ဖျားကို အမှန်ပင်ငြိတွယ်စေပါသည်။

ကိုဖြိုးသည် သူ့မိန်းမကိုသွားခေါ်ချင်သည်။ သို့သော် သူ့ယောက္ခမက သူ့ကိုအပြစ်တင်ဝေဖန်မည်ကို သူကြောက်သည်။ အမှန်အတိုင်းပြောရလျှင် သူ့ဇနီးကိုသူလွမ်းသည်။ ပြီးတော့ စကားများရသည့်အကြောင်းကိုလည်း ကြံဖန်၍ခွင့်လွှတ်သည်။





ငါကိုသက်သက်မဲ့ ကျိုစယ်လိုက်တာပဲဖြစ်ရမယ်။ ငါ့အသားဘာ အစကတည်းကမည်းတာကို သူသိသားပဲ။ ယောက်ျားကို နောက်လိုက်တာပင်ဖြစ်မည်။ သူ့ကို သူ့ဇနီးအလွန်ပင်ချစ်မြတ်နိုးတာ သူကောင်းကောင်းသိပါသည်။ ပြောမည့်သာပြောရသည်။ သူတို့လင်မယားရန်ဖြစ်ရသည့်အကြောင်းက ဘာမှကြီးကြီးကျယ်ကျယ်မဟုတ်။ သူများကိုပြန်ပြော၍တောင် ငိုအားထက် ရယ်အားသန်စေမည့်အဖြစ်ဖြစ်သည်။

နောက်ဆုံးတွင် ကိုဖြိုးသည် မည်သို့မျှနေ၍မရတော့ဘဲ သူ့ယောက္ခမအိမ်သို့ဖုန်းဆက်ဖို့ စိတ်ကူးမိလေတော့သည်။ သူ့မိန်းမကို တယ်လီဖုန်းထဲမှ အရင်တောင်းပန်မည်။ အဆင်ပြေပြီဆိုမှ သွားခေါ်မည်။ သူသည် တယ်လီဖုန်းဒိုင်ခွက်တွေကို နှိပ်မိတော့မလိုဖြစ်ပြီးမှ တယ်လီဖုန်းကို အသာပြန်ချထားလိုက်မိသည်။ သည်ကိစ္စမှာ သူ့လွန်သည်မှမဟုတ်ဘဲ။ တကယ်လွန်သူက သူ့မိန်းမပဲ။ ဆက်ချင်းဆက်လျှင် သူ့မိန်းမကသာ သူ့ကိုဆက်သင့်သည်ပဲ။

ကိုဖြိုးသည် ကြက်ကြီးလည်လိမ်ထားသလို ပြန်ဖြစ်သွားပြန်၏။ ထိုအချိန်တွင် ကျော်ကျော်ဇင်သည် ဆိုင်ထဲသို့ရောက်လာသည်။

"အင်းဗျာ . . ခင်ဗျားမလဲ တစ်ဒုက္ခ . . . ကျွန်တော့်မလဲ တစ်ဒုက္ခ"

ကျော်ကျော်ဇင်သည် ကုလားထိုင်မှာခြေပစ်လက်ပစ် ဝင်ထိုင်လိုက်၏။

ထိုအချိန်တွင် ဦးလူမောင်သည် သတင်းစာကိုဖတ်နေရာမှ တစ်နေရာအရောက်တွင် သူ့မျက်လုံးကပြူးကျယ်ထွက်လာပြီး သူ့ဇနီးဒေါ်မေမေတင့်ကို လှမ်းခေါ်လိုက်၏။

"တင့်ရေ . . . ဒီကို ခဏလောက်လာပါဦးကွယ် . . . ပြစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . အရေးထဲ. . . ဒီမှာ ပုဇွန်တွေကိုင်နေလို့. . . နောက်မှပြ"

"မဟုတ်ပါဘူး. . . ခဏလေးပါ. . အရမ်းအရေးကြီးလို့"

သည်တော့မှ ဒေါ်မေမေတင့်က လက်ကိုကပျာကယာဆေးကာ မီးဖိုထဲမှထွက်လာသည်။ ပြီးတော့ ဦးလှမောင်၏ဘေးမှာ ဝင်ထိုင်ပြီး ဦးလှမောင်ပြသည့် သတင်းစာထဲမှကြေညာချက်တစ်ခုကို ဖတ်လေသည်။ ဒေါ်မေမေတင့်သည် ထိုကြေညာချက်ကိုဖတ်ရင်းနှင့် သိသိသာသာပင်မျက်နှာပျက်လာ၏။

မင်းမင်းအကျိုးဆောင်လုပ်ငန်းနှင့်ပတ်သက်၍ ငြင်းချက်ထုတ်ရန်သမ္မန်စာကို မြို့နယ်တရားရုံးတစ်ခုက ကြေညာထားခြင်းဖြစ်သည်။ ထိုကြေညာချက်၏အဆိုအရ မင်းမင်းအကျိုးဆောင်လုပ်ငန်း၏ပိုင်ရှင်ဖြစ်သည့် ဒေါ်ခင်လတ်နှင့် သူမ၏သားဖြစ်သူမောင်မင်းခေါင်တို့အပေါ် တရားလိုပုဂ္ဂိုလ်လေးဦးတို့က ငွေပေါင်းသိန်းတစ်ထောင်ပြန်လည်ရယူလိုမှုအတွက် တရားရုံးက ဆင့်ခေါ်ခြင်းဖြစ်သည်။

ဒေါ်မေမေတင့်သည် အခြေအနေအရပ်ရပ်ကို ချက်ချင်းပင် နားလည်သဘောပေါက်သွားသည်။ ဦးလှမောင်ကတော့ ဒေါ်မေမေတင့်၏မျက်နှာကို အကဲခတ်နေ၏။ ဒေါ်မေမေတင့်သည် မျက်စိပျက်မျက်နှာပျက်ဖြင့် သတင်းစာကိုပိတ်ကာ ဦးလှမောင်ကိုပြန်ပေးသည်။

"ဒီအတိုင်းဆို. . ကျော်ကျော်ဇင်ဆိုတဲ့ကောင်လေးကို ငါ အင်တာဗျူးရတော့မလိုဖြစ်နေပြီကွ. . ဟဲ ဟဲ"

ဒေါ်မေမေတင့်သည် သူ့ခင်ပွန်းကိုမျက်စောင်းလှမ်းထိုး၏။ ဦးလှမောင်က ဘာမှပြန်မပြောဘဲ တဟဲဟဲသာရယ်နေ၏။



# ကာရာအိုကေ ပြိုင်ပွဲကြီး

ကွင်းပြင်ကြီးက ကျယ်သလို၊ လာရောက်ဖွင့်လှစ်ရောင်းချသောဆိုင်တွေကလည်း စုံသည်။ ရေမုန့်၊ ဘူးသီးကြော်၊ အကြော်မျိုးစုံ လက်ဖက်ရည်၊ အအေးဆိုင်တို့အပြင် ကလေးကစားစရာတွေရောင်းချသည့်ဆိုင်များ၊ ကွင်းပြင်ကြီး၏အလယ်တွင် စင်မြင့်ကြီးက ခွားခွားစွင့်စွင့် ခံ့ညားထည်ဝါစွာဖြင့်ရှိနေသည်။ ထိုစင်မြင့်ကြီးတွင် ကာရာအိုကေအဆိုပြိုင်ပွဲကြီးဟူသော စာတမ်းကို ရွှေရောင်စာလုံးများဖြင့် ရေးထားသည်။

ရပ်ကွက်သူရပ်ကွက်သားတို့သည် ကြုံတောင့်ကြုံခဲ ပျော်ပွဲရွှင်ပွဲကြီးကို ဆင်နွှဲရန်အတွက် ညခုနစ်နာရီလောက်ကတည်းက ပွဲဈေးထဲရောက်နေကြသည်။ ကျော်ကျော်ဇင်သည် ကိုဖြိုးနှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်နေရာမှ စိတ်ပြေလက်ပျောက် ပွဲဈေးတန်းဘက် လျှောက်ကြသည်။

ထိုအချိန်တွင် ကျော်စွာမြင့်တစ်ယောက်ကတော့ မှန်ရှေ့မှာ ရှင်းရှင်း အကျီတစ်ထည်ကောက်စွပ်လိုက်၊ မကြိုက်လိုက်၊ ပြန်ချွတ်လိုက်လုပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ည မြတ်နိုးအကျီအရောင် ဘာဝတ်လာနိုင်သနည်းဟုလည်း စဉ်းစားသည်။ သူမဝတ်လေ့ဝတ်ထရှိသောအရောင်မှာ ကွန်ပျူတာတက္ကသိုလ်ယူနီဖောင်းဖြစ်သဖြင့် သူမှန်းဆ၍မရ။ မတော်တဆ များသူဝတ်ထားသည့်အရောင်နှင့် မြတ်နိုးဝတ်သည့်အရောင် သွားတူနေလျှင် မည်မျှကောင်းမည်နည်း။ နောက်ဆုံးတွင် သူသည် စပို့ရှပ် အနီ၊ အဝါ၊ အစိမ်း၊ အနက်၊ အပြာတို့ ငါးရောင်ကို ခုတင်ပေါ်မှာ အသာချလိုက်ပြီး မျက်လုံးကိုအသာမှိတ်လိုက်၏။

ပြီးတော့ တစ်နှစ်သုံးလေးကို တစ်ဆယ်ထိရေတွက်ပြီး ထိုအကျီတွေပေါ်မှာထောက်သွားမည်။ တစ်ဆယ်ကျသည့်အကျီအရောင်ကို သူဝတ်မည်။

"တစ်. . နှစ်. . သုံး. . လေး. . . ."

ကျော်စွာမြင့်၏မိခင်သည် ကျော်စွာမြင့်တစ်ယောက် ဘာလုပ်နေပါလိမ့်ဟု အံ့အားသင့်စွာဖြင့် သူ့အခန်းဝမှာလာကြည့်သည်။ ကျော်စွာမြင့်သည် အမှတ်စဉ်တစ်ဆယ်ကျသည့် အကျီနေရာသို့ရောက်သော် မျက်စိကိုဖွင့်ကြည့်လိုက်သည်။ ထိုအခါ သူရွေးချယ်မှုက အနက်ရောင်စပို့ရှပ်ဖြစ်နေ၏။ အနက်ရောင်ဝတ်သွား၍ကောင်းပါ့မလားဟုလည်း စဉ်းစားသည်။ ပွဲခင်းထဲမှာ မီးရောင်စုံတွေ မည်မျှပင်ထွန်းထားပါစေ။ ညသည် ညသာတည်း။ သူသည်အနက်ရောင်ကို ပယ်လိုက်ပြီး ကျန်သည့်အကျီလေးထည်ကို အနေအထားပြောင်း၍ စီလိုက်ပြန်သည်။

ဒေါ်ဆွေဆွေမြင့်သည် အံ့ဩသွားပြန်သည်။ သူ့သား ဘာတွေဖြစ်နေတာပါလိမ့်။ ထိုအခိုက်မှာပင် ကျော်စွာမြင့်က မျက်စိကိုမှိတ်ပြီး အမှတ်စဉ်ကိုရေတွက်ပြန်သည်။ သူ့လက်သည် အမှတ်စဉ်တစ်ဆယ်ကျရာနေရာသို့ရောက်သွားသော် သူကမျက်စိကိုဖွင့်ကြည့်လိုက်ပြန်၏။ ထိုအခါ သူ့ရွေးချယ်မှုသည် အဝါရောင်ဖြစ်နေပြန်





သည်။ ကျော်စွာမြင့်သည် ခေါင်းကိုခါလိုက်မိ၏။ ယောကျ်ားတစ်ယောက်အတွက် အဝါရောင်သည် တောက်ပလွန်းနေသဖြင့် ထိုအဝါရောင် စပို့ရှပ်အကျီကိုလည်း ပယ်လိုက်မိပြန်သည်။

ထိုအခါမှာတော့ ရွေးချယ်စရာသုံးရောင်ပဲကျန်တော့သည်။ အနီ၊ အစိမ်းနှင့် အပြာတို့သာဖြစ်ပြီး အမှတ်စဉ်ဖြင့်ရေတွက်တာ လက်ကိုထောက်ပြန်သည်။ သည်အခါမှာတော့ အစိမ်းကိုသွားရွေးမိသည်။

"မဖြစ်သေးပါဘူး. . အစိမ်းဆိုတာ ကျောင်းဝတ်စုံအရောင်ကြီး ပယ်လိုက်တာပဲကောင်းတယ်"

ကျော်စွာမြင့်ထပ်ရွေးပြန်သည်။ နောက်တော့ အနီရောင်။ မကြိုက်သဖြင့် ပယ်လိုက်ပြီး ကျန်သောအပြာရောင်အကျီကိုလည်း သိပ်မနှစ်သက်ပြန်။ နောက်ဆုံးတွင် သူပထမဆုံးပယ်ထားသော အနက်ရောင်စပို့ရှပ်ကိုသာ ရွေးချယ်လိုက်မိသည်။ ညဖြစ်ခါမှဖြစ်ရော၊ အနက်ရောင်ကိုတော့ သူအကြိုက်ဆုံးပါ။ အောက်ကတော့ ကချင်ကွက်စိပ်ပုဆိုးကိုသာ ဝတ်လိုက်သည်။

"သား အကျီရွေးပုံကို မေမေကြည့်နေတာ. . . အတော်တော့ စိတ်ဝင်စားစရာကောင်းတယ်ကွယ့်"

မေမေက သူ့အနားရောက်လာပြီး ထိုသို့ပြောလိုက်သဖြင့် သူ ရှက်သွားပါသည်။ ထို့နောက်မှာတော့ မေမေ့ပါးကိုရွတ်ခနဲ သူတစ်ချက်နမ်းပြီး အပြင်သို့ထွက်ခဲ့သည်။ ညသည် တင့်တယ်လှပနေသည်။ ပျော်ပွဲရွှင်ပွဲရှိသဖြင့် လမ်းမမှာ လူတွေဖွေးဖွေးလှုပ်နေ၏။ မိသားစုလိုက်ထွက်လာကြသူတွေရှိသလို၊ တစ်ဦးစ နှစ်ဦးစသွားနေကြသူတွေလည်းရှိသည်။

ကိုဖိုးထောင်သည် ညနေခြောက်နာရီလောက်ကတည်းက ဆိုက်ကားသိမ်းပြီး အရက်ဆိုင်သို့တစ်ယောက်တည်းသွားကာ အရက်သောက်သည်။ ရေချိန်မှန်လာသောအခါ အိမ်သို့ပြန်လာခဲ့သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အခါ လမ်းပေါ်မှာလူတွေ အတော်ကလေးများနေသည်ကို သတိပြုမိသည်။ ကာရာအိုကေအဆိုပြိုင်ပွဲရှိသည်ကို သူပြန်မှတ်မိသွား၏။ နှင်းဆီကို သူဆက်စပ်ပြီးသတိရသွားမိပြန်သည်။ နှင်းဆီသာရှိလျှင် ယခုကာရာအိုကေအဆိုပြိုင်ပွဲကို ပါဝင်ဆင်နွှဲချင်ပေလိမ့်မည်။

ပြီးတော့ နဂိုကတည်းကမှ အဆိုကောင်းသူဖြစ်သဖြင့် ဆုတွေဘာတွေလည်းရနိုင်ပါသည်။ ယခုတော့ သူ့အနားမှာ နှင်းဆီကမရှိ။ ကိုဖိုးထောင်သည် မျက်မှောင်ကုပ်လိုက်မိပြန်သည်။ နှင်းဆီက သူ့အနားမှာသာမရှိတာ။ သည်ရပ်ကွက်ထဲက သူ့မိဘတွေအိမ်မှာရှိနေသည်ပဲ။ သည်သို့ဆိုလျှင် ကာရာအိုကေအဆိုပြိုင်ပွဲရှိသည်ကို သူမသိပေလိမ့်မည်။ ထိုအခါ သူမသည် နေလိမ့်မည်မဟုတ်။ ပြိုင်ပွဲကျင်းပရေးကော်မတီမှာ သွားစာရင်းပေးပြီး ဝင်ပြိုင်ပေလိမ့်မည်။

ကိုဖိုးထောင်သည် ကာရာအိုကေပြိုင်ပွဲကို သွားနားထောင်ချင်လာ၏။ သို့သော် ယခုအချိန်မှာ သူနည်းနည်းမူးနေသည်။ ပွဲခင်းရှိရာသို့ သည်အတိုင်းကြီးသွား၍လည်း မသင့်လျော်။ ထို့အပြင် သူထင်နေသလို နှင်းဆီက ကာရာအိုကေပြိုင်ပွဲကို ဝင်ပြိုင်ချင်မှလည်း ပြိုင်ပေလိမ့်မည်။ကိုဖိုးထောင်သည် အိမ်သို့သာ တန်း၍ပြန်လာသည်။

ထိုအချိန်တွင် ဦးချမ်းသာသည် ပုဆိုးအသစ်တစ်ထည်ကို ဝတ်ပြီး ကာရာအိုကေအဆိုပြိုင်ပွဲရှိရာသို့ မော့တော့မော့တော့ဖြင့် ရောက်သွား၏။ သူသည် ဤပြိုင်ပွဲ၏အစီအစဉ်ကြေညာသူဖြစ်သည်။ ပရိသတ်ကြီးသည် စင်မြင့်ကြီး၏ရှေ့နားမှာ ကြိတ်ကြိတ်ကြိတ်ကြိတ်ရောက်နေလေပြီ။ ဦးချမ်းသာသည် လက်မှနာရီကို ဟန်ပါပါမြှောက်၍ကြည့်လိုက်သည်။ ညခုနစ်နာရီခွဲလေပြီ။ အဆိုပြိုင်ပွဲကို ရှစ်နာရီမှာ စတင်မှာဖြစ်၍ မြို့နယ်ဂီတအစည်းအရုံးမှ ပုဂ္ဂိုလ်သုံးယောက်လည်း စင်မြင့်အောက် ရှေ့ဘက်မှာရောက်နေကြလေပြီ။ ထိုပုဂ္ဂိုလ်တို့သည် ပြိုင်ပွဲဝင်တို့ကို အကဲဖြတ်အမှတ်ပေးကြပေလိမ့်မည်။





မြတ်နိုးသည် အပေါ်က အနက်ရောင်ကိုယ်ကျပ်အင်္ကျီခါးတိုကိုဝတ်ထားပြီး အောက်တော့ စကပ်ထဘီအဖြူနှင့်အနက်ကျားကိုဝတ်ထားသည်။ သူမသည် မှန်ရှေ့မှာရပ်ရင်း ဆံပင်တွေကိုဖြီးလိုက်သည်။ ပွဲဈေးလျှောက်မည်ဖြစ်သဖြင့် နှုတ်ခမ်းမှာဆိုးဆေးပါးပါး ဆိုးထားသည်။ မေမေကတော့ သူမကိုပွဲဈေးမလွှတ်ချင်။ သို့သော် မော်မော်ကပါလာခေါ်မည်ဆိုသဖြင့် စိတ်ချသွား၏။

"အဲဒီအစ်ကိုက ချောတယ်ဟ. . . ငါတောင် နင့်ကိုမနာလိုဘူးဟယ်. . . ဒါပဲနော် မြတ်နိုး. . . နင် သူနဲ့ရည်းစားဖြစ်သွားရင်ငါ့ ကိုမမေ့နဲ့"

မော်မော်က သူမကိုလာပြောတုန်းက သူမမယုံပါ။ သို့သော်လည်း ကိုကျော်စွာမြင့်က မဟုတ်တရုတ်တွေ အတော်လုပ်တတ်သူမို့ မော်မော့်ထံကိုလည်း အတင်းချဉ်းကပ်သည်မှာဖြစ်နိုင်သည်ဟု တွေးမိသည်။ ဘာပဲဖြစ်ဖြစ် သည်ညကိုကျော်စွာမြင့်နှင့် နှစ်ယောက်ချင်းတွေ့ရမည့်အဖြစ်အတွက် ရင်ခုန်သည်။

မှန်ထဲတွင်မြင်နေရသော မြတ်နိုး၏ပုံရိပ်ကို သူမကပြုံးပြလိုက်ပြီး အိမ်ရှေ့ခန်းသို့ထွက်ဖို့ပြင်လေသည်။ မြတ်နိုးတို့ သူငယ်ချင်းနှစ်ယောက် အိမ်မှထွက်သောအချိန်တွင် ကာရာအိုကေအဆိုပြိုင်ပွဲကြီးကိုကျင်းပလေတော့သည်။ ဦးချမ်းသာသည် စင်မြင့်ကြီး၏ဝဲဘက်ထောင့် အရှေ့ဘက်စွန်းစွန်းမှ သူ့အတွက်ပေးထားသောစားပွဲမှာသွားထိုင်လိုက်သည်။

ပါဝင်ဆင်နွှဲကြမည့် ဝါသနာရှင်အဆိုတော်များကား ဝတ်ကောင်းစားလှများဖြင့် ၎င်းတို့အတွက် သတ်မှတ်ပေးထားသောနေရာမှာထိုင်နေကြလေပြီ။ ထိုအဖွဲ့ထဲမှာကိုဖြိုး၏ဇနီးဖြစ်သူ ဇလေခါဘီဘီလည်းပါဝင်သလို၊ ကိုဖိုးထောင်၏ဇနီး နှင်းဆီလည်းပါဝင်သည်။ ဇလေခါဘီဘီ၏ဝတ်စားဆင်ယင်မှုမှာ စိတ်ဝင်စားဖို့ကောင်း၏။ သူမ



www.burmeseclassic.com

www.burmeseclassic.com



သည် ကိုးရိုးယားမင်းသမီးတချို့ ဝတ်လေ့ဝတ်ထရှိသည့်အင်္ကျီများကို ဝတ်ထားပြီး အောက်ကတော့ ဒူးဆစ်လောက်သာရှိမည့် ဘောင်းဘီလေးကိုဝတ်ထား၏။ သူမ၏ဝတ်စုံသည် အဖြူရောင်။

သို့သော် ကြည့်၍ကောင်းပါသည်။ အနက်နှင့်အဖြူသည် အလွန်လိုက်ဖက်ညီသည့် ဖက်ရှင်ပင်မဟုတ်ပါလော။ ကာရာအိုကေသီချင်းများကို ဖွင့်လှစ်ပေးမည့် စက်အဖွဲ့ကလည်း ဦးချမ်းသာ၏ဘေးမှာရောက်နေပြီး စင်မြင့်ကြီး၏ဘေးဘက်ထောင့်မှာတော့ တီဗွီကြီးတစ်လုံးကိုတင်ပေးထားသည်။ အဆိုတော်များအနေနှင့် သီချင်းစာသားများကို တကူးတကန့်ကျက်စရာမလိုဘဲ တီဗွီဖန်သားပြင်ပေါ်မှ စာသားများကို အလွယ်တကူပင်ကြည့်ဆိုနိုင်ပါလိမ့်မည်။

"ဟဲလို . . တက်စတင် . . ဝမ်းတူး . . သုံးလေး . . ဟဲလို"

ဦးချမ်းသာကား စကတည်းကယဉ်သကိုဟု ဆိုရလောက်အောင် မြူးကြွနေ၏။

"ရွှေပွဲလာ ဧည့်ပရိသတ် . . . ရပ်မိရပ်ဖအပေါင်းတို့ခင်ဗျား . . . ကျွန်တော်များရပ်ကွက်ရဲ့ ဆွမ်းသိမ်းအောင်ပွဲမှာ ယခင်နှစ်များထက်ပိုပြီး စည်ကားသိုက်မြိုက်စွာကျင်းပလိုတဲ့ဆန္ဒနဲ့ အခုလိုကာရာအိုကေအဆိုပြိုင်ပွဲကြီးကို ကျင်းပပေးရခြင်းပဲဖြစ်ပါတယ် . . မှန်းစမ်း"

ဦးချမ်းသာက စင်မြင့်ပေါ်မှာ စကားတွေပြောဖူးသော်လည်း ယခုလို ကာရာအိုကေပြိုင်ပွဲမှာတော့ တစ်ခါမှမပြောဖူး။ ထို့ကြောင့်စကားများမှားမည်စိုးသဖြင့် ပြောရမည့်စကားတွေကို အိမ်မှာကတည်းက စာရွက်ပေါ်မှာကြိုရေးလာ၏။ ပြီးတော့ မိုက်ကရိုဖုန်းဖွင့်ကာစ ပြော၏။ ပြောနေရင်းနှင့် သူ့စာရွက်ပေါ် အလင်းရောင်ကျရောက်မှု နည်းလာသဖြင့် စာရွက်ကိုကုန်းကြည့်လိုက်စဉ် စိတ်မထိန်းနိုင်ဘဲ ထိုသို့အသံထွက်သွားခြင်းဖြစ်၏။

ဧည့်ပရိသတ်ကြီးသည် ထိုမှန်းစမ်းဆိုသည့်စကားလုံးကြောင့်





ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

"အဲ . . အဲဒီလိုကျင်းပပေးတဲ့အခါမှာလည်း စနစ်တကျလေး ဖြစ်အောင်လို့ မြို့နယ်ဂီတအစည်းအရုံးက တာဝန်ရှိသူတချို့နဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ် . . . ပြီးတော့ ဝါသနာရှင်အဆိုတော်တွေကို အသံစစ်ဆေးပြီး ပဏာမရွေးချယ်ထားတာဟာဖြင့် ယခုဆိုရင် အားလုံးအယောက်တစ်ရာကျော်ရှိပါတယ်"

"ဟယ်"

"ဟာ"

"များလှချည်လား . . အဲဒီလူတွေကိုသာ အကုန်ပြိုင်ခိုင်းရင် လေးငါးရက်လောက်ပြိုင်ရလိမ့်မယ်"

"အဟမ်း ဟမ်း . . ဟုတ်ပါတယ် . . . ဝါသနာရှင်တွေရဲ့ ဝါသနာနဲ့ထူးချွန်မှုကတော့ အံ့သြစရာပါပဲ . . . ဒါပေမဲ့ အချိန်ကိုင်ကွက်ရတဲ့အတွက် အဲဒီအယောက်တစ်ရာထဲက ပိုပြီးကောင်းမွန်တဲ့ ဝါသနာရှင်တွေကို ထပ်ရွေးလိုက်တဲ့အခါ အယောက်ငါးဆယ်လောက်ပဲကျန်ပါတော့တယ်"

"ဒါလည်း များသေးတာပဲ"

"ဟုတ်ပါ့တော်"

"ဟုတ်ပါတယ် . . . ဒါလည်း များသေးတဲ့အတွက် အဲဒီငါးဆယ်ထဲက လက်ရွေးစင်တွေကိုထပ်ရွေးလိုက်တဲ့အခါမှာတော့ လူနှစ်ဆယ့်ငါးယောက်ပဲကျန်ပါတော့တယ်"

ပရိသတ်သည် လက်ခုပ်တွေတီးကြ၏။ သည်အတိုင်းဆိုလျှင် ဤကာရာအိုကေအဆိုပြိုင်ပွဲကြီးသည် လက်ရွေးစင်တွေသာပြိုင်ဆိုင်မည့်ပွဲဖြစ်နေပြီဖြစ်သဖြင့် ပရိသတ်အကြိုက်တွေ့ပေတော့မည်။

"အဟမ်း . . အဲဒီနှစ်ဆယ့်ငါးယောက်ကိုမှ ကျွန်တော်တို့က တစ်ယောက်ကို နှစ်ပုဒ်ယှဉ်ပြိုင်စေမှာဖြစ်ပါတယ် . . . ဆုအနေနဲ့က



www.burmeseclassic.com

www.burmeseclassic.com



လည်း. . ပထမဆုကျပ်ငွေငါးသိန်း. . ဒုတိယဆု ကျပ်ငွေငါးသောင်း"

"ဟာ. . ပထမနဲ့ ဒုတိယက ကွာလှချည်လား"

"ဆောရီးပါ ခင်ဗျာ. . ဘွာတေးပါ. . ဒုတိယဆုက သုံးသိန်းပါ"

"အဲဒီလိုလုပ်မှပေါ့"

"အဲ. . တတိယဆုကတော့ ကျပ်ငွေတစ်သိန်းဖြစ်ပါတယ်"

**စင်မြင့်၏အောက်** ရှေ့ဘက်ခပ်ယွန်းယွန်းမှာထိုင်နေသည့် ဝါသနာရှင်**အဆိုတော်**တွေထံမှ အသံမျိုးစုံထွက်လာသည်။

"တို့အတွက်ကတော့ ဆုကအရေးမကြီးပါဘူး. . . စင်ပေါ်ရောက်ဖို့သာ အရေးကြီးတာပါ"

"ဒါပေါ့ဟဲ့. . . ဒီလိုအခွင့်အရေးမျိုးဆိုတာ ရခဲတာပဲဥစ္စာ . . . ငါဆို ဒီပွဲမှာဝတ်ဖို့ ဟောဒီမှာတွေ့လား. . . ဟော့ရှော့တွေ အပီအပြင်ရှာထားရတာ. . . ငါ့အသံမထွက်ခင်မှာပဲ ပရိသတ်ငါ့ကိုခိုက်သွားစေရမယ်"

"ဟုတ်တယ် ဟုတ်တယ်. . . ငါဆိုလည်း ဒီပွဲမှာပက်ပက်စက်စက်ဆိုဖို့. . အိမ်မှာကတည်းက အကကျင့်ထားတာ"

"ဒါပေါ့အေ. . . သီချင်းဆိုတယ်ဆိုတာ. . ဒီအတိုင်းကြီးငြိမ်ဆိုနေလို့ ဘာမှုက်စိပသာဒဖြစ်မှာလဲ. . . ကောင်းတယ်. . များများရှပေးလေ. . များများ ပရိသတ်ကြိုက်လေပဲ"

ယောကျ်ားလေးဝါသနာရှင် အဆိုရှင်တွေဘက်ကလည်း တစ်မျိုး။

"ငါကတော့ စင်ပေါ်တက်ပြီးလွမ်းပြမှာကွ. . . ဒါမှ ငါ့ရည်းစားရဲ့ဟတ်ကို ထိမှာ"

"ငါကတော့ ခပ်မိုက်မိုက်ဆိုမယ်ကွာ"

"ဆုရဖို့ အဓိကမဟုတ်ပါဘူး. . ဟဲ ဟဲ. . ငါတော့ ဒီအဝတ်





အစားလေးဝတ်ပြီး စင်ပေါ်လျှောက်ပြရရုံနဲ့ကျေနပ်မှာ"

**စက်**လည်း အဆင်သင့်။ ဗိုင်အဖွဲ့လည်း အဆင်သင့်။ ဝါသနာရှင်တွေလည်း အဆင်သင့်။ ပရိသတ်လည်း အဆင်သင့်။ ဦးချမ်းသာသည် သူရေးထားသောစာရွက်ကို ကြည့်လိုက်သည်။

"ကျေးဇူးပြု၍ ပရိသတ်ကြီးမတ်တတ်ရပ်ပေးပါခင်ဗျား"

"ဟာ. . ဘယ်လိုလဲဟ. . . ဘယ်မှာထိုင်**စရာရှိလို့**လဲ. . . အစကတည်းက ရပ်ထားပြီးသားလေ"

"ဟဲ ဟဲ. . မှားလို့ မှားလို့. . . ငြိမ်ငြိမ်လေး**နားထောင်**ပေးပါခင်ဗျား. . ကဲ စမယ်. . စမယ်. . အာယူရယ်ဒီ"

"ဟာ. . ဘာတွေပါ့လိမ့်"

"အဲ. . မေ့သွားလို့ခင်ဗျာ. . . ပထမဆုံးသီဆိုဖို့ အလှည့်ကျတဲ့သူကတော့ မဥ္ဇူခေါ် ဒေစီမက်ဒေါနားဖြစ်ပါတယ်"

ဦးချမ်းသာက အဆိုတော်အမည်ကိုပြောလိုက်သောအခါ စင်ပေါ်သို့ အမျိုးသမီးငယ်လေးတစ်ယောက်တက်လာ၏။ သူမ၏ တစ်ကိုယ်လုံးမှာ ပြောင်ပြောင်လက်လက်တွေလည်းပါသည်။ ကြိုးတွေလည်းပါသည်။

"ကြိုးတွေက ဘာလုပ်ဖို့ပါလိမ့်"

"ကြိုး ဟုတ်လို့လားကွ. . . သားရေကွင်းတွေများလား"

ကာရာအိုကေစက်မှ ဂီတသံထွက်လာသည်။ မဥ္ဇူခေါ် ဒေစီမက်ဒေါနားသည် စတင်ပြီး တစ်ကိုယ်လုံးလှုပ်ယမ်းလေတော့၏။

"ဘယ်အချိန်ကတည်းက လှုပ်ဖို့စိတ်ကူးနေသလဲမသိဘူး . . . သီချင်းတောင် မစသေးဘူး"

"ဟာ. . ကမ္ဘာမှာ ဒါမျိုးတွေကရိုးနေပြီဗျ. . . ဘာပဲဖြစ်ဖြစ် ကြည့်ကောင်းတယ်"

ဒေစီမက်ဒေါနားသည် သီချင်းစဆိုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားလေးထားရတာလည်း ××× ဇီးပြားလေးစားရသလိုပဲ"

သီချင်းကလည်း မြူးကြွသည်။ အဆိုကလည်းကောင်းသည်။ သီဆိုပုံကလည်း မိုက်သည်။ ပြီးတော့ အတီးပိုဒ်မှာ ကကွက်ကလည်း ကောင်း၏။ ပရိသတ်သည် သဘောကျနှစ်ခြိုက်သွားပြီး လက်ခုပ်သြဘာတီး၍ အားပေးသည်။

ကိုဖြိုးနှင့် ကျော်ကျော်ဇင်သည် ပရိသတ်ကြီး၏အလယ်လောက်မှာရပ်ပြီး ကာရာအိုကေပြိုင်ပွဲကိုကြည့်နေကြသည်။ ကိုဖြိုးကလည်း သူ့ဇနီးဇလေခါဘီဘီကို သတိရနေသလို ကျော်ကျော်ဇင်ကလည်း ဆရာမလေးချိုချိုမောင်ကို သတိရနေ၏။ အခုနေများ ဆရာမလေးချိုချိုမောင်ကိုတွေ့ရလျှင် မည်မျှကောင်းမည်နည်း။

သို့သော် ပွဲခင်းဆဲမှာ ချိုချိုမောင်ကိုမတွေ့။ စင်ပေါ်သို့ ဝါသနာရှင်အဆိုတော်တွေ တစ်ယောက်ပြီးတစ်ယောက်တက်ဆိုကြသည်။ ပရိသတ်ရင်ကိုထိသောသီချင်းများဖြစ်သဖြင့် ပရိသတ်ကလည်း နှစ်ခြိုက်သည်။

"အားရစရာပါပဲခင်ဗျား. . . အခုတစ်ခါ သီဆိုဖို့အလှည့်ကျလာသူကတော့ ဇလေခါဘီဘီအွန်စောဖြစ်ပါတယ်"

ပရိသတ်ကလည်း လက်ခုပ်တီးကြသည်။ ကိုဖြိုးသည် သူကြားလိုက်ရသောနာမည်ကြောင့် ရင်ထဲထိတ်ခနဲဖြစ်သွားသည်။

"ဟေ့ကောင်. . . ငါ့မိန်းမနာမည်ကို ဦးချမ်းသာကြေညာလိုက်သလားလို့"

ကျော်ကျော်ဇင်က ဆရာမလေးချိုချိုမောင့်အကြောင်း စဉ်းစားနေသည်မို့ မကြားလိုက်။

"မဖြစ်နိုင်ပါဘူးဗျာ"

"ဖြစ်နိုင်ရုံတင်မကဘူး. . . သေချာလွန်းလို့. . . ဟော ဟို





မှာကြည့်စမ်း"

ကိုဖြိုး၏ဇနီး မဇလေခါဘီဘီသည် အမြူးရောင်ဝတ်စုံလေးနှင့် စင်မြင့်ပေါ်သို့တက်လာပြီး ပရိသတ်ကို ကိုယ်ကိုကိုင်းပြီးအရိုအသေပြုလိုက်သဖြင့် ပရိသတ်ကြီးက လက်ခုပ်တီးလိုက်ကြပြန်သည်။

"ဇလေခါဘီဘီခေါ် အွန်စောဆိုမယ့် သီချင်းလေးကတော့ ကိုးရီးယားမှာရှာတဲ့မိုးတဲ့"

"ဟာ"

"ဟင်. . အင်းလေးမှာ ရွာတဲ့မိုးပဲကြားဖူးပါတယ်"

ဇလေခါဘီဘီသည် ကိုးရီးယားသီချင်းတစ်ပုဒ်ကို ကျကျနန သီဆိုလေတော့သည်။ အသံကောင်း၊ အဆိုကောင်းမို့ ပရိသတ်သည် ငြိမ်ကျသွားပြီး ကိုးရီးယားဇာတ်ကားတစ်ကားကိုကြည့်နေရသလို ခံစားသွားကြရသည်။

"အိန္ဒိယအမျိုးသမီးက ကိုးရီးယားသီချင်းဆိုတာဟာ. . . ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်ပဲဖြစ်မယ်. . . ကောင်းတယ်. . . ဒါဟာ ကမ္ဘာ့ရွာကြီးဖြစ်မယ့်နိမိတ်ပဲ"

ကိုဖြိုးကတော့ မျက်နှာကြီးသုန်မှုန်လာသည်။ ကြည့်လေ။ သူ့ဇနီးလုပ်ပုံ။ ဘာတဲ့။ နာမည်ကိုက ဇလေခါဘီဘီခေါ် အွန်စောတဲ့။ ဝတ်ပုံစားပုံကလည်း ကြည့်။ ဒီကိစ္စကြောင့်ပင် လင်မယားရန်ဖြစ်ခဲ့သည်။ ဒါကိုအလေးအနက်မထားဘဲ စင်ပေါ်ထိအောင်တောင် တက်လာသည်။

သီချင်းပြီးသွားသောအခါ လက်ခုပ်သံတွေဆူညံသွားပြန်သည်။

"လေးစားစရာကောင်းပါတယ်ခင်ဗျာ. . ဒါဟာ အနုပညာပါ. . .. ကိုယ့်ဘာသာစကား. . ကိုယ့်လူမျိုးမဟုတ်တဲ့သီချင်းကို. . . အခုလို အပီအပြင်ဆိုနိုင်တာချီးကျူးစရာလည်းကောင်းပါတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



အခုတစ်ခါ ဇလေခါဘီဘီခေါ် အွန်စောကပဲ တစ်ချိန်ကအရမ်း နာမည်ကြီးထင်ရှားခဲ့တဲ့ အိန္ဒိယရုပ်ရှင်ကား အာရာဒါးနားထဲက သီချင်းလေး တစ်ပုဒ်နဲ့ သီဆိုပြပါဦးမယ်တဲ့"

ကိုဖြိုးသည် အိန္ဒိယသီချင်းဆို၍ မျက်လုံးအရောင်တောက်လာ၏။ ရင်တွေလည်း တဒိတ်ဒိတ်ခုန်လာ၏။

"ရှူးပွတ်သီရာ ××× မတ်စသားနား ××× ဖြားကုရေလား ××× မတ်စသားနား ××××"

"ဟား. . . မိန်းမရယ် တော်လိုက်တာကွာ"

ကိုဖြိုးသည် မချင့်မရဲအသံကြီးဖြင့် စင်မြင့်ရှိရာဘက်သို့တိုးသွားသည်။

"ဆုချချင်လို့. . . ဘေးကိုနည်းနည်းဖယ်ပေးပါခင်ဗျာ"

"အိုး ×× ဂျာရေ ××× ရှူးပွတ်သီရား ×××မတ်စသားနား"

ကိုဖြိုးသည် ဦးချမ်းသာအနားသို့ရောက်သွားပြီး ကသော ကမျောမေးလိုက်သည်။

"ပန်းခွေ. . ပန်းခွေမရှိဘူးလား"

"ဟာ. . ကိုဖြိုး. . . ပန်းခွေက ဘာလုပ်ဖို့လဲ"

"ကျွန်တော့်မိန်းမကို ဆုချချင်လို့ဗျ"

"ပန်းကုံးပါကွာ. . ဘယ်ကပန်းခွေရမှာလဲ. . မရှိဘူးကွ . . တို့အစီအစဉ်ထဲမှာ အဲဒီလိုဆုချမယ်ဆိုတာ မစဉ်းစားထားလို့ ကြိုတင်မစီစဉ်ထားမိဘူး"

"ဒါဆိုလည်း ပိုက်ဆံပဲတက်ဆုချတော့မယ်ဗျာ"

လစဉ်အမြတ်ခွဲဝေယူလိုက်သဖြင့် သူ့အိတ်ထဲ မှာပိုက်ဆံတွေ ပြည့်ဖောင်းနေသည်။ ကိုဖြိုးသည် စင်မြင့်ပေါ် သို့တက်ရန် လှေကား ကိုလိုက်ရှာသည်။ လှေကားကိုမတွေ့သဖြင့် စင်မြင့်၏ ရှေ့ဘက်မှ စင်ပေါ်သို့ တွယ်တက်လေတော့၏။





"ဟာ. . ဘယ်လိုပါလိမ့်. . . လူတစ်ယောက် စင်ပေါ်တွယ် တက်နေပါလား"

"ဟုတ်တယ်. . စင်ပေါ်တက်ပြီး ဘာရုတ်ကျမယ့်သူများလား"

မဇလေခါဘီဘီသည် သီချင်း၏အပြီးသတ်အပိုဒ်ကို သီဆို နေရင်းက သူ့ရှေ့သို့လာရပ်သောသူကို အလန့်တကြားမော့ကြည့် လိုက် သည်။

"ဇလေခါဘီဘီ. . . မင်းသိပ်တော်တယ်ကွာ. . ဒါမှ ငါ့မိန်းမ ကွ"

ဇလေခါဘီဘီသည် မျက်ရည်တွေကျလာသလို ကိုဖြိုးလည်း မျက်ရည်တွေကျလာသည်။

"မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ငါဆုချပါရစေ"

ကိုဖြိုးသည် သူ့အိတ်ထဲကပိုက်ဆံတွေကို ဆွဲထုတ်လိုက်ပြီး သူ့ဇနီးကိုတစ်ရွက်ပြီးတစ်ရွက် ဆုချလေတော့သည်။

"ဟာ. . ဒီကောင့်ဟာက ဆုချတာနဲ့မတူဘဲ. . မိန်းမကို လစာအပ်နေတာနဲ့တူနေပြီ"

"ပိုက်ဆံတွေကလည်း များလှချည်လား"

"ငါဆိုနေတုန်း အဲဒီလိုလာဆုချရင်ကောင်းမှာပဲဟယ်"

"ပရိသတ်ထဲက ငါ့ကိုကြိုက်တဲ့သူ စင်ပေါ်တက်လာပါစေ"

ကိုဖြိုး ပိုက်ဆံတွေဆုချနေသည်မှာ တော်တော်နှင့်မဆုံး။ သီ ချင်းကားပြီးသွားလေပြီ။ ဦးချမ်းသာက သတိပေးလိုက်၏။

"စင်ပေါ်မှာတက်ပြီးဆုချနေတဲ့ ကိုဖြိုးခင်ဗျား. . ဒီလောက် ဆုချရရင် တော်လောက်ပါပြီ. . . အိမ်ကျမှပဲ ဆက်ပြီးချပါတော့ ခင်ဗျား"

သည်တော့မှ ကိုဖြိုးတို့လင်မယား တစ်ယောက်လက်တစ် ယောက်ဆွဲပြီး စင်ပေါ်ကဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဆိုက်ကားသမားတစ်ဦးက စင်မြင့်နားထိလာ၍ သီချင်းနားထောင်ရင်း ဝါသနာရှင်အဆိုတော်တွေထဲမှာထိုင်နေသည့် ကိုဖိုးထောင်၏မိန်းမ နှင်းဆီကိုတွေ့သွားသည်။

"မဖြစ်ဘူး. . . ဒီသတင်း ကိုဖိုးထောင်မသိသေးဘူးထင်တယ်. . . ငါသွားပြောမှ"

သူသည် ကိုဖိုးထောင်၏အိမ်သို့ ခပ်သွက်သွက်သွားလေသည်။ ပြီးတော့ အိပ်ပျော်စဖြစ်နေပြီဖြစ်သည့် ကိုဖိုးထောင်ကို အတင်းနှိုးသည်။

"ကိုဖိုးထောင်. . . ခင်ဗျားမိန်းမ နှင်းဆီသီချင်းဆိုလိမ့်မယ်ဗျ. . အခု သူ့အလှည့်တောင်ရောက်တော့မယ်. . . ထ. . ထ. . ပွဲခင်းထဲသွားရအောင်"

နှင်းဆီဆိုသောအသံကြားသည်နှင့် ကိုဖိုးထောင်သည် အတင်းလူးလဲထသည်။ သူငယ်ချင်းဆိုက်ကားသမားကား ဆိုက်ကားကို ခပ်သွက်သွက်နင်းသည်။ သို့နှင့်ပင် သူတို့နှစ်ယောက်သည် ပွဲခင်းအစပ်သို့ရောက်သွားတော့၏။ ကိုဖိုးထောင်သည် လူအုပ်ကြားထဲအတင်းတိုးပြီး စင်မြင့်ရှိရာသို့သွားသည်။ ထိုအခိုက်မှာပင် ဦးချမ်းသာ၏အသံကြီးက ထွက်လာတော့၏။

"ဒီတစ်ခါ ဖြေဖျော်ဖို့အလှည့်ကျသူကတော့ နှင်းဆီဖြစ်ပါတယ်"

နှင်းဆီသည် တင့်တယ်လှပစွာဝတ်စားပြီး စင်ပေါ်သို့တက်လာသည်။ ကာရာအိုကေစက်မှ ဂီတသံကထွက်ပေါ်လာလေပြီ။ မရှေးမနှောင်းမှာပင် နှင်းဆီ၏ပီပြင်သောသီဆိုမှုက ထွက်လာလေ၏။

"ရင်မှာခံစား ××× သူမမြင်နိုင်တယ် ××× အသည်းထဲက ××× အတွင်းကြေ"





ကိုဖိုးထောင်သည် ရင်ဆို့သွား၏။ သူမ၏သီဆိုမှုသည် သူ့ရင်ကိုစားနှင့်ထွင်းနေသလိုရှိ၏။ သူသည် မည်သို့မျှစိတ်ထိန်း၍မရတော့သည်မို့ ဦးချမ်းသာထိုင်နေရာအနီးကပ်သွားပြီး စားပွဲပေါ်ချထားသည့် မိုက်ကရိုဖုန်းကြီးကိုကောက်ကိုင်လိုက်သည်။

"နှင်းဆီရယ်. . . ငါမှားပါတယ်. . . နင်ခံစားနေရတာ ငါတကယ်နားလည်ပါတယ်"

ပရိသတ်ကြီးသည် ကြောင်နေ၏။ ဘယ်ကထွက်လာသောယောကျ်ားသံကြီးပါလိမ့်။ သီချင်းကို ဟာမိုနီလိုက်နေတာများလားဟုလည်း ထင်ကြသည်။

"ရင်မှာခံစား ××× သူမမြင်နိုင်တယ်"

"အရင်ကတော့ မင်းခံစားနေရတာတွေ မမြင်ပေမယ့်. . . အခုတော့ ငါမြင်ရပါပြီ နှင်းဆီရယ်. . . ဟီး ဟီး. . ရှုတ်"

ကိုဖိုးထောင်သည် စိတ်မထိန်းနိုင်တော့ဘဲ မိုက်ကရိုဖုန်းဖွင့်လျက်ကြီးနှင့် တဟီးဟီးငိုသည်။ နှင်းဆီလည်း သီချင်းဆိုနေရင်းနှင့် ဘာတွေထွက်လာပါလိမ့်ဟုတွေးကာ အောက်ကိုလှမ်းကြည့်လိုက်သောအခါ သူမ၏ယောကျ်ား ကိုဖိုးထောင်ကိုတွေ့လိုက်ရသည်။

"ကိုဖိုးထောင်. . . ရှင်မူးရင်လည်း ပြန်အိပ်နေ၊. . . ကျွန်မကောင်းကောင်းသီချင်းဆိုနေတာ လာမနှောင့်ယှက်နဲ့"

ကိုဖိုးထောင်သည် စပီကာမှတစ်ဆင့် မိုက်ကရိုဖုန်းချင်းမိုက်ကရိုဖုန်းချင်း စကားပြောရသည်ကို အားမရဖြစ်လာသဖြင့် စင်မြင့်ပေါ်သို့တက်ဖို့ ကြိုးစားလေတော့သည်။

"ပေ့ကောင်. . . ငါ့မိုက်ကရိုဖုန်း ယူမသွားနဲ့လေ"

ဦးချမ်းသာက နောက်ကလိုက်၏။ သို့သော် ကိုဖိုးထောင်ကားအလွန်လျင်မြန်စွာဖြင့်ပင် စင်ပေါ်ရောက်သွားလေပြီ။ သူသည် မိုက်ကရိုဖုန်းထဲ စကားတွေပြောထည့်ရင်းက သူ့မိန်းမနားကပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီရယ်. . . ဒီတစ်ပုဒ်ပြီးရင် အိမ်ပြန်လိုက်ခဲ့နော်"

"အို. . မလိုက်ဘူး. . မလိုက်ဘူး"

"ငါတောင်းပန်ပါတယ်ဟာ. . နောက်ကို ငါအရက်မသောက်တော့ပါဘူး"

ဦးချမ်းသာသည် စိတ်အလွန်ရှုပ်ထွေးသွားသော်လည်း ပရိသတ်ကြီးက တဟားဟားနှင့် ပွဲကျနေလေသည်။

"ရှင် တကယ်ကတိပေးသလား"

"ပေးတယ်"

ဦးချမ်းသာသည် စက်အဖွဲ့ကို မိုက်ကရိုဖုန်းခလုတ်ပိတ်ခိုင်းလိုက်သော်လည်း စက်အဖွဲ့က သေချာစွာမကြားသဖြင့် သီချင်းပြောင်းဖွင့်ပေးလိုက်သည်။ မြူးကြွသောတေးသံနှင့်အတူ သီချင်းသံကထွက်လာသည်။

"ရန်ကုန်သားနဲ့ မန္တလေးသူ. . . ရန်ကုန်သားနဲ့ မန္တလေးသူ . . . မတူ. . မတူ. . မတူ. . မတူ. . ဘယ်အရာမှမတူ. . ရန်ကုန်သားနဲ့ မန္တလေးသူ"

ပရိသတ်ကြီးသည် ပို၍ပွဲကျသွားပြန်သည်။ ဦးချမ်းသာလည်း စက်အဖွဲ့ရှိရာသွားပြောလိုက်မှ သီချင်းကိုပိတ်လိုက်ကြသည်။ ထိုအခါမှ ကိုဖိုးထောင်တို့လင်မယားသည် တစ်ယောက်ခါးတစ်ယောက် ဖက်ပြီး စင်ပေါ်ကဆင်းသွားကြသည်။

"ဟင် . . . နောက်တစ်ပုဒ်ဆိုရမှာတောင် ဆက်မဆိုတော့ဘူး"

"အေးလေ"

"သူတို့လင်မယား ပြန်အဆင်ပြေသွားတော့လည်း. . ဘယ်ဆိုတော့မလဲဟယ်"

ထိုအချိန်တွင် ကျော်စွာမြင့်တစ်ယောက် ပွဲခင်းထဲလတ်လျား





လတ်လျားလုပ်နေရာမှ မြတ်နိုးနှင့် မော်မော်တို့ကိုတွေ့သွား၏။ မြတ်နိုးကလည်း အနက်ရောင်ဝတ်ထားသဖြင့် ကျော်စွာမြင့်သဘောတွေ့သွားသည်။ ဖူးစာပဲထင်ပါရဲ့ဟုလည်း တွေးလိုက်သည်။

မော်မော်သည် သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ်စကားပြော၍ရရန် ရှောင်ထွက်သွားသည်။

"မြတ်နိုး"

"ရှင်"

"လာ. . ကိုယ်တို့ ဟိုနားသွားရအောင်"

နည်းနည်းလူရှင်းသော ပွဲဈေးတန်းဘက်သို့ သူတို့နှစ်ယောက် လျှောက်ကြ၏။

"မြတ်နိုး. . . တို့လေ. . . မြတ်နိုးကို အရမ်းတွေ့ချင်တယ် . . . စကားတွေလည်း ပြောချင်လွန်းလို့ စိစဉ်လိုက်မိတာ"

မြတ်နိုးသည် ရှက်ရွံ့စွာဖြင့် ပြုံးရင်းခေါင်းငုံ့သည်။

"တို့ကို မြတ်နိုးပြန်မချစ်နိုင်ဘူးလားဟင်"

မြတ်နိုးသည် ခေါင်းကိုဖြည်းလေးစွာ မော့လိုက်၏။ မျက်လုံးလေးသည် ရွှန်းမြနေ၏။

"ဘာဖြစ်လို့ အလုပ်မလုပ်သေးတာလဲဟင်"

"ဟို. . တို့ဘာလုပ်ရမလဲဆိုတာ စဉ်းစားနေလို့"

"ဩော်. . စဉ်းစားတာကလည်း ဒီလောက်တောင်ကြာရသလား"

"မြတ်နိုးက တို့ကိုအလုပ်တစ်ခုခုဝင်လုပ်စေချင်လို့လား"

"ဒီအတိုင်းချည်း လတ်လျားလတ်လျားလုပ်နေတာထက်တော့ ပိုကောင်းတာပေါ့"

"ဒီလိုဆိုလည်း ကောင်းပြီ. . . တို့အလုပ်လုပ်မယ်. . . မြတ်နိုး အဖြေပေးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဘာမှလည်း မဆိုင်ဘူး"

"လုပ်ပါ မြတ်နိုးရယ်. . . တို့လေ. . မြတ်နိုးကို သိပ်ချစ်ပါတယ်. . တို့ကို ပြန်ချစ်ပါလားဟင်"

"စဉ်းစားဦးမယ်"

"ဗုဒ္ဓေါ. . . ဒီလောက်တောင် အချိန်တွေကြာခဲ့တာတောင် စဉ်းစားဦးမလို့လား. . . အခုတောင် အခွင့်အရေးလေးကို မနည်းကြံဖန်ယူထားရတာ. . . လုပ်ပါ. . တို့ကိုချစ်တယ်လို့ ပြော"

"မြတ်နိုးကို ကြင်နာမှာလား"

"အင်း"

"မြတ်နိုးစိတ်ကောက်ရင်ရော ချော့မှာလား"

"အင်း"

"မြတ်နိုးကလွဲလို့ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားပါဘူးလို့ ဘဝတစ်သက်တာအတွက် ကတိပေးနိုင်သလား"

"အင်း"

"ပြီးတော့ ဘဝအတွက်ကို ကြိုးစားရမယ်"

"စိတ်ချ"

"အင်း. . . ဒီလိုဆိုရင်တော့"

မြတ်နိုးသည် ရှက်ပြုံးလေးပြုံးရင်း ခေါင်းညိတ်သည်။ ကျော်စွာမြင့်သည် တစ်ကိုယ်လုံးမြောက်တက်သွားမတတ်ဖြစ်သွားသဖြင့် မြတ်နိုး၏လက်ကလေးကို လှမ်းကိုင်လိုက်သည်။ မြတ်နိုးက မရုန်း။

ထိုအချိန်တွင်ကျော်ကျော်ဇင်သည် ပွဲခင်းထဲမှ တစ်ယောက်တည်းငိုက်စိုက် ငိုက်စိုက်နှင့် ထွက်လာသည်။ ဆရာမချိုချိုမောင်နှင့် သူ့ဇာတ်လမ်းကတော့ သည်မျှသာပဲထင်ပါသည်။ သူ့ရင်ထဲတွင် ဆရာမလေးကိုလွမ်းနေမိ၏။





## အချစ်ရပ်ကွက်

သည်ညသည် သူတို့ရပ်ကွက်ဆွမ်းသိမ်းပျော်ပွဲရွှင်ပွဲ နောက်ဆုံးညဖြစ်သည်။ နောက်ဆုံးညဖြစ်သည်နှင့်အညီ အငြိမ့်ပွဲကိုလာရောက်ကြသော ရပ်ကွက်သူရပ်ကွက်သားတွေလည်း မနည်းပါ။

ကျော်ကျော်ဇင်သည် သူ့ဆံပင်ဘုတ်သိုက်ကြီးကို ညှပ်လိုက်ပြီဖြစ်ပြီး ပုဆိုးချက်ပြုတ်ကိုလည်း နည်းနည်းအပေါ်တက်ဝတ်လိုက်သည်။ သူ့နားထဲသို့ ဦးလူမောင်၏စကားသံတွေက ဝင်လာသည်။

"ကွန်ပျူတာကတော့ ကောင်းသွားပါပြီကွ. . . မင်းကို ခေါ်လိုက်တာက ကွန်ပျူတာပြင်ဖို့မဟုတ်ဘူး. . . စကားပြောချင်လို့. . . ဒီလိုကွ. . အန်ကယ့်သမီးနဲ့ရည်ရွယ်ထားတဲ့ ကောင်လေးတစ်ယောက်ရှိတယ်. . . ဒါပေမဲ့ အန်ကယ်တို့အဲဒီကောင်လေးနဲ့ သမီးကိုသဘောမတူတော့ဘူး"

ဦးလူမောင်သည် သူ့ကိုမေးခွန်းတွေမေးသည်။ ထိုမေးခွန်းတွေထဲမှာ ဘာသာရေးတွေလည်းပါသည်။ စီးပွားရေး၊ လူမှုရေးတွေလည်းပါသည်။ လူတိုင်းမှာရှိသင့်ရှိအပ်သည့် ကိုယ်ကျင့်တရားစံနှုန်းများအကြောင်းလည်းပါသည်။ မေးသူကလည်း အမြုပ်ထွက်မတတ်မေး၍ ဖြေသူကလည်း အံပေါက်မတတ်ဖြေရသည်။

ဟော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီကျော်ကျော်လောက် အမေးအဖြေတွေပြုပြီးမှ အဘိုးကြီးက ကျေကျေနပ်နပ်ပြုံးသည်။

"အင်း ကောင်းပြီ . . . ဒါနဲ့ တို့ရပ်ကွက်ဆွမ်းသိမ်းပျော်ပွဲ ရွှင်ပွဲက ဒီနေ့နောက်ဆုံးမဟုတ်လား . . အင်း . . သမီးလည်း တစ်ရက်မှမရောက်ဘူးကွ . . အန်ကယ်တို့ကလည်း လိုက်မပို့နိုင်ဘူး"

ကျော်ကျော်ဇင် နားခွက်ကမီးတောက်လိုက်ပါသည်။ ထို့ကြောင့် သူကပျာကယာပြောလိုက်မိသည်။

"ကျွန်တော် မချိုချိုမောင်ကို တာဝန်ယူပြီးလိုက်ပို့ပေးရမလား အန်ကယ်"

အဘိုးကြီးသည် ပြုံး၏။ ပြီးတော့ သူ့ဇနီးကိုလှမ်းအော်ပြော၏။

"တင့်ရေ . . . သမီးကို မင်းပွဲခင်းထဲ ဒီညပို့ပေးနိုင်မလားကွ"

"အို . . . ကျွန်မ မပို့ပေးနိုင်ပါဘူး . . . ရှင်ပို့ပေးပေါ့"

"ကြားလားကွ . . . ဒီတော့ မင်း . . ငါ့သမီးကို ခုနစ်နာရီလောက်လာခေါ်ကွာ . . ဟုတ်ပြီလား"

ကျော်ကျော်ဇင်ဝမ်းသာသွားလေသည်။ သည်အဖြစ်အပျက်သည် အိပ်မက်မက်နေသည်နှင့်ပင် တူသေး၏။ ကျော်ကျော်ဇင်သည် ရှပ်အင်္ကျီအကွက်လက်ရှည်တစ်ထည်ဝတ်ပြီး အောက်ကတော့ ချည်ပုဆိုးကိုဝတ်လိုက်သည်။ ညနေခြောက်နာရီခွဲလေပြီ။ သူ ချိုချိုမောင့်ထံရောက်သွားသောအခါ ညခုနစ်နာရီရှိနေလေပြီ။ ချိုချိုမောင်သည် ဖြီးလိမ်းပြင်ဆင်ပြီး သူ့ကိုအဆင်သင့်ပင်စောင့်နေလေ၏။

သူတို့နှစ်ယောက် လမ်းမပေါ်ရောက်လာသောအခါ အတော်ပင်မှောင်နေပြီး လမ်းမီးရောင်မှိန်ပျပျလေးတွေက လင်းနေ၏။ ချိုချိုမောင်သည် ကျော်ကျော်ဇင်အနားသိပ်မကပ်ဘဲ နည်းနည်းခွာ၍ လျှောက်သည်။ သူမသည် ရှက်ရွံ့နေ၏။ သူစိမ်းယောကျ်ားတစ်





ယောက်နှင့် ယခုလိုယှဉ်လျှောက်ခြင်းသည် သူမ၏ဘဝတွင် ပထမဆုံးဖြစ်သည်။

"ဆရာမ"

"ရှင်"

"ရွှေ့နှစ်ဆိုရင် လမင်းဇော်ပထမတန်းရောက်ပြီ . . ဆရာမလည်းလိုက်ပြီး ပထမတန်းကိုသင်ရမှာလား"

"ဟင့်အင်း . . . ကျွန်မက သူငယ်တန်းမှာပဲဆက်သင်ရလိမ့်မယ်"

"ကောင်းတယ် . . အဲဒါဆို ကျွန်တော်လည်း ရွှေ့နှစ်ကျရင် ဆရာမကို ချိုလို့ခေါ်လို့ရပြီ"

"အို"

ချိုချိုမောင်သည် ရှက်ရွံ့စွာနှင့်ပြုံးရင်း ခေါင်းငုံ့သည်။

"ဆရာမ"

"ရှင်"

"ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးလားဟင်"

"ကျွန်မမှာ မိဘတွေသဘောတူထားတဲ့လူရှိတယ်"

"လုပ်မနေနဲ့ . . . ကျွန်တော်အားလုံးသိပြီးပြီ . . . လုပ်ပါ ဆရာမရယ် . . . ကျွန်တော့်ကို မသနားဘူးလားဟင်"

ချိုချိုမောင်သည် ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ကာပြုံးနေသည်။ ခဏနေမှ အသံတိုးတိုးလေးဖြင့်မေး၏။

"ကိုကျော်ကျော်ဇင်ရဲ့ နှလုံးသားဟာတံခါးက တစ်ထောင့်ငါးရာဂစ်ဘ်တောင်နော် . . . အတော်များတာပဲ . . . အဲဒီလောက်ဂစ်ဘ်များတဲ့နှလုံးသားကို ဝင်းဒိုးတင်ဖို့က မလွယ်ဘူးနော်"

ကျော်ကျော်ဇင် ရယ်လိုက်သည်။ ချိုချိုမောင်သည် သူ့စာထဲကစကားလုံးတွေကို ပြန်ပြောနေခြင်းဖြစ်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ"

"ဒီလိုဆို ဘာဝင်းဒိုးတင်ပေးရမှာလဲ"

"Love 1500 Window တင်ပေးပေါ့"

"သွား"

ချိုချိုမောင်သည် ရှက်သွားပြီး သူ့ပခုံးကိုပုတ်သည်။ ညသည် တင့်တယ်လှပနေလေသည်။ သူတို့နှစ်ယောက် ပွဲခင်းထဲရောက်သွားချိန်တွင် ကျော်စွာမြင့်နှင့် မြတ်နိုးကလည်း ပွဲဈေးတန်းမှာရောက်နေ၏။ သူတို့နှစ်ယောက်လည်း ချစ်သူတွေဖြစ်သွားကြလေပြီ။

"မြတ်နိုး ဘာစားဦးမလဲ"

"ဟင့်အင်း. . . အိမ်က စားခဲ့ပြီ"

"ထပ်စားဦးပေါ့"

"ဟင့်အင်း. . အစားများများ မစားရဲဘူး"

ကျော်စွာမြင့်ရင်ထိတ်သွားမိသည်။ သည်စကားသည် ဘာအဓိပ္ပာယ်နည်း။ အစားများများစားပါက သူမ၏မိခင်ဒေါ်ဖက်တီးမကြီးလိုဖြစ်လာမှုစိုးသည့်အတွက်လား။

"မြတ်နိုးမေမေလို ဖြစ်လာမှာစိုးလို့လား"

မြတ်နိုး ရယ်လေသည်။ မျက်နှာလှလှလေးသည် ကြည်နေ၏။

"မေမေ့လိုတော့ ဖြစ်လာမှာမဟုတ်ပါဘူး. . . မြတ်နိုးက နဂိုကတည်းက အစားနည်းတာ. . မေမေကတော့ အရမ်းစားတယ်သိလား. . ဒါကြောင့်မို့လေ မြတ်နိုး မေမေ့ကို ဟိုသီချင်းလေးဆိုဆိုပြီး နောက်တယ်"

"ဘာသီချင်းလဲ"

"တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့် Eat. . . ပဲဟင်းက ဝက်သားထိအောင် ကြိုက်တယ်"





ကျော်စွာမြင့်ရယ်လိုက်ရာ မြတ်နိုးကပါ လိုက်ရယ်သည်။ ချစ်သူနှစ်ယောက်၏ရင်ထဲတွင် ငြိမ်းချမ်းနေ၏။

ထိုအချိန်တွင် ကိုဖြိုးနှင့် မဇလေခါဘီဘီတို့လင်မယားသည် ဘူးသီးကြော်ဆိုင်မှာထိုင်ကာ ဘူးသီးကြော်စားနေကြသည်။

"ဘူးသီးကြော်က ကောင်းတယ်နော်. . . နောက်ပြီး သက်သတ်လည်းလွတ်တယ်. . သြော်. . ဒါနဲ့. . အွန်စော. . ငါ့ကို မလွမ်းဘူးလားဟင်"

"ဘာအွန်စောလဲ. . လူကိုများ နောက်စရာလား"

"အောင်မာ. . သူပဲ. . ကာရာအိုကေပြိုင်ပွဲမှာ ဇလေခါဘီဘီခေါ် အွန်စောဆိုပြီး နာမည်ပေးထားတာ. . ကဲ ပြောပါဦး. . ဘာဖြစ်လို့ အဲဒီလိုပေးရတာလဲ"

"ကြိုက်လို့ပေါ့"

ကိုဖြိုး နည်းနည်းအောင့်သွားသည်။

"မင်း ငါ့ကိုတော့မကြိုက်ဘူးပေါ့"

"ဟင့်အင်း. . မကြိုက်ဘူး. . ဒါပေမဲ့ ချစ်တယ်"

ကိုဖြိုး၏နားထဲသို့ ရေခဲရေတွေလောင်းထည့်လိုက်သလို ခံစားလိုက်ရ၏။ မဇလေခါဘီဘီက ပြုံး၍ဆက်ပြောသည်။

"ဘယ်သူမဆို ကိုယ့်အမျိုးကိုတော့ ကိုယ်ချစ်တာပဲ. . . ပြီးတော့ ကိုယ့်ယောကျ်ားလည်း ကိုယ်ချစ်တာပဲ. . . ဒါပေမဲ့ ဘီဘီလေ . . . ကိုးရီးယားကားတော့ ကြိုက်တယ်"

ကိုဖြိုးသည် ကျေနပ်စွာနှင့်ပြုံးလိုက်ပြီး သူ့ဇနီး၏လက်ဖျားလေးကိုဆုပ်ကိုင်လိုက်သည်။ လင်မယားနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ချစ်ရည်လွှမ်းသောအကြည့်ဖြင့် ကြည့်လိုက်ကြ၏။

ထိုအချိန်တွင် ကိုသန်းမောင်တို့မိသားစုသည် ပွဲခင်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။ ကိုသန်းမောင်က အကြီးကိုလက်ဆွဲထားပြီး မခင်ခင်စုကတော့ အငယ်ကိုလက်ဆွဲထား၏။ သူတို့လင်မယားနှစ်ယောက်သည် ပွဲဈေးတန်းနားရောက်သောအခါ မရည်ရွယ်ဘဲနှင့် မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ကို လှမ်းကြည့်မိသည်။

"ကိုမောင်. . . အခုဆိုရင်လေ. . . မုန့်ဟင်းခါးရောင်းတဲ့သူတွေများလာတယ်. . ကျွန်မတို့ဆိုင် အရောင်းပါးလာမှာ မစိုးရိမ်ဘူးလားဟင်"

ကိုသန်းမောင်က ပြုံးလိုက်ရင်း ရှည်ရှည်ဝေးဝေးရှင်းပြသည်။

"ကိုမောင်ကြားဖူးတာလေးတစ်ခု ပြောပြမယ်. . . အင်္ဂလန်နိုင်ငံမှာ မြင်းကိုသံခွာရိုက်တဲ့လုပ်ငန်းလုပ်နေတဲ့လုပ်ငန်းရှင်ကြီး တစ်ယောက်ရှိတယ်တဲ့. . . ဟိုခေတ်က ကားတွေမပေါ်သေးခင်ဆို တော့ လူတွေကမြင်းပဲဝယ်စီးရတော့ မြင်းသံခွာရိုက်တဲ့လုပ်ငန်းက အကျိုးပေးတာပေါ့. . . လိုက်လုပ်တဲ့လူတွေကလည်း အများကြီးပဲ . . . အဲ. . သိပ်မကြာခင်မှာ ကားတွေပေါ်လာတယ်. . . လူတွေက မြင်းအစားကားတွေပဲ ဝယ်စီးလာကြတော့. . အဲဒီသံခွာရိုက်တဲ့ လုပ်ငန်းရှင်ကြီးရဲ့သားတွေကစိုးရိမ်ပြီး သူတို့အဖေကိုလုပ်ငန်း ပြောင်းလုပ်ဖို့ အကြံပြုသတဲ့. . . အဲဒီအခါမှာ အဲဒီလုပ်ငန်းရှင်ကြီးက သားတို့တဲ့. . ဘယ်လောက်ပဲ ကမ္ဘာကြီးဟာတိုးတက်တိုးတက်. . တို့အင်္ဂလန်မှာ မြင်းပြိုင်ပွဲနဲ့ အလှစီးမြင်းတွေကတော့ ဆက်ရှိနေမှာပဲ တဲ့ . . . အဲဒီမြင်းတွေကို သံခွာရိုက်ပေးဖို့လုပ်ငန်းတွေဟာလည်း ဆက်ရှိနေဦးမှာပဲတဲ့. . . အဲဒီမြင်းတွေကို သံခွာရိုက်လုပ်ငန်းတွေထဲမှာ လက်ရာကောင်းတဲ့လုပ်ငန်းတွေဟာ ဘယ်တော့မှပျောက်သွားမှာ မဟုတ်ဘူးတဲ့"

မခင်ခင်စုသည် ပြုံး၍နားထော[illegible]နေသည်။





"အဲဒီလိုပဲကွ. . ကိုမောင်တို့ မုန့်ဟင်းခါးလက်ရာကောင်းနေသရွေ့. . ဘာကိုမှ စိုးရိမ်နေစရာမလိုဘူး"

ကိုသန်းမောင်က မခင်ခင်စု၏ လက်ကလေးတစ်ဖက်ကို အသာလှမ်းကိုင်လိုက်ရာ မခင်ခင်စုကလည်း သူမ၏လက်ကလေးကို အသာထိုးပေး၏။ သူတို့မိသားစု၏မျက်နှာသည် ကြည်လင်နေ၏။

ထိုအချိန်တွင် ဆိုက်ကားသမားကိုဖိုးထောင်နှင့် နှင်းဆီသည်ကလေးကိုလက်ဆွဲပြီး ပွဲခင်းထဲဝင်လာပြန်သည်။ နှင်းဆီသည် ကာရာအိုကေပြိုင်ပွဲ၌ သီချင်းပြီးအောင်မဆိုခဲ့ရသည့်အတွက် ဆုမရခဲ့ခြင်းကို စိတ်မကောင်းဖြစ်နေ၏။

"ဆုမရခဲ့ပေမယ့် နှင်းဆီအတွက်အမြတ်ထွက်လိုက်ပါတယ်ကွာ"

"ဘာအမြတ်ထွက်တာလဲ"

"ငါ အရက်လျှော့သောက်တဲ့ကိစ္စလေ"

"လုံးဝမှမဖြတ်သေးဘဲ. . . ဒါကို အမြတ်ထွက်တယ်လို့ မခေါ်ဘူး"

"ဒီလိုနဲ့ တဖြည်းဖြည်းလျှော့သွားရင်. . ပြတ်သွားမှာပေါ့ကွာ"

"ဒါပဲနော်. . . အရက်မပြတ်လို့ကတော့ နောက်တစ်ခါဆို မလွယ်ဘူးမှတ်"

ကိုဖိုးထောင်သည် တဟဲဟဲရယ်ရင်း သူ့ဇနီး၏ပခုံးကိုဖက်သည်။ ပွဲခင်းထဲတွင် အငြိမ့်စတင်နေလေပြီ။ ပရိသတ်ကြီးသည် ငြိမ်သက်စွာအားပေးနေကြ၏။ ထိုပရိသတ်ကြီးထဲတွင် လင်မယားစုံတွဲတွေလည်းပါသလို၊ ချစ်သူစုံတွဲတွေလည်းပါသည်။ မိသားစုများလည်းပါဝင်သလို၊ သူငယ်ချင်းအုပ်စုများလည်း ပါသည်။ ထို့အပြင် တစ်ကောင်ကြွက်အဖော်မဲ့များလည်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေကာမူ ပရိသတ်ကြီးသည် ယခုအချိန်တွင် ငြိမ်းချမ်းနေလေ၏။

သည်ရပ်ကွက်တွင် လူမျိုးစုံသလို၊ လူတန်းစားလည်း စုံသည်။ ထို့အတူ အချစ်တွေကလည်းမျိုးစုံသည်။ အချစ်တွေမျိုးစုံသော်လည်း ချစ်ခြင်းကတော့ အတူတူပင်ဖြစ်သည်။ နေထွက်ချိန်မှ နေဝင်ချိန်အထိ ရပ်ကွက်သူရပ်ကွက်သားတို့သည် ဝမ်းရေးအတွက် လှုပ်ရှားရုန်းကန်နေကြသော်လည်း သူတို့မှာနှလုံးသားရှိသဖြင့် သူတို့သည် ချစ်နေဆဲ၊ ချစ်လတ္တံ့ပင်ဖြစ်ပါလိမ့်မည်။

ရပ်ကွက်သူရပ်ကွက်သားတို့၏အချစ်သည် ပျော်စရာကောင်းသလို၊ ရယ်စရာလည်းကောင်း၏။ ပြီးတော့ လွမ်းစရာလည်းကောင်းပါသည်။

ကိုငြိမ်းဦး

၂၅.၂.၀၈

BURMESE CLASSIC .com

www.burmeseclassic.com